


www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည် ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

# ဘြိစက္က

## လောဘပင်လယ်နှင့် ပုလဲနက်ရန်စွယ်

ပြန်ဆိုရေး

**မြိုက်စာပေ**

၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com

ကြာခုက္က

# လောဘာဓပင်လယ်နှင့်မုလဲနက်ရန်စွယ်


| | |
|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | ◆ ၁၄၉/၂၀၀၃(၂) |
| စာမူခွင့်ပြုချက်အမှတ် | ◆ ၁၂၂၈/၂၀၀၂(၁၂) |
| ပထမအကြိမ် | ◆ ၂၀၀၃၊ မတ်လ |
| အုပ်ရေ | ◆ ၅၀၀ |
| တန်ဖိုး | ◆ ၄၅၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ် | ◆ ဒေါ်မြင့်မြင့်တင်( မြင့်သိဂီပုံနှိပ်တိုက်) အမှတ် ၂၀၈ ၊ လမ်း ၃၀ ၊ ရန်ကုန် |
| ထုတ်ဝေသူ | ◆ ဦးတင့်လွင် ( သော်တာစာပေ ) အမှတ် ၆၀၅၊ သုဓမ္မာလမ်း မြောက်ဥက္ကလာပ၊ ရန်ကုန်။ |
| ဖြန့်ချီရေး | ◆ မြိတ် (စာပေ) အမှတ် (၁၉၀) ၊ ၃၁ လမ်း ပန်းဘဲတန်း ၊ ရန်ကုန်မြို့။ |
| စီစဉ်သူ | ◆ ကိုလှနိုင် (မြိတ်) |

အထက်မြန်မာပြည်ဖြန့်ချီရေး - နဂါးစာပေ ၊ မန္တလေး
ထွန်းဦးစာပေ၊ မန္တလေး


## အခန်း [ ၁ ]

ကောင်းကင်ပြင်တစ်ခွင်လုံး ညှို့မှိုင်းအုံ့ဆိုင်းလျက်ရှိသည်။ မိုးတဖွဲဖွဲနှင့် လေကလည်း တရကြမ်းတိုက်ခတ်နေသည်။ မိုးကောင်းကင်၏ အနောက်တောင်ထောင့်ဘက်တွင် အနီရောင်သမ်းနေသောကြောင့် မကြာမီ မုန်တိုင်းကျတော့မည့် လက္ခဏာများ ဖြစ်ပေါ်လျက်ရှိနေသည်။

သို့ကြောင့် ပင်လယ်ပြင်တစ်ဝိုက်တွင် ခရီးသွား လှေ၊ သင်္ဘော၊ ငါးဖမ်းလှေသင်္ဘောတို့ တစ်စင်းတလေမှ မရှိကြတော့ပေ။

ပင်လယ်ပြင်တွင် မုန်တိုင်းကျမည့်လက္ခဏာများ စတင်ဖြစ်ပေါ်လာကတည်းက လှိုင်းလွတ် လေလွတ်နိုင်မည့်နေရာများ ကျွန်းများသို့ ခိုဝင်သွားကြပြီဖြစ်၏။

မကြာမီ ပင်လယ်တွင်းမှ လှိုင်းပေါက်သံများ ပေါ်ထွက်လာသည်။

www.burmeseclassic.com



ထိုအသံကြီးများကြားရပြီးနောက်၊ နောက်ဆက်တွဲ အန္တရာယ်များဖြစ်ပေါ်လေ့ရှိသည်ကို ကြုံဖူးတွေ့ဖူးသူများအဖို့ သိထားလေသောကြောင့် သေမင်းအော်သံများသဖွယ် ထိတ်လန့်ဖွယ်ရာများပင်ဖြစ်သည်။

ထိုအချိန်တွင် ကပ္ပလီပင်လယ်တွင်းမှာရှိသော 'ခါးပြတ်ကျွန်း' တစ်နေရာတွင် တဲတစ်လုံးရှိသည်။

ထိုတဲမှာ ပုလဲငုပ်သောအလုပ်သမားများနေထိုင်သည့်တဲဖြစ်သည်။ တဲကို တောသစ်များဖြင့် အခိုင်အခံ့ဆောက်လုပ်ထားသော်လည်း လေမိုးပြင်းထန်သောကြောင့် သိမ့်သိမ့်တုန်နေတော့သည်။

တဲအတွင်းမှာ လူတစ်ယောက်ရှိနေသည်။

သူ့အမည်က ကိုဘခံ။

ပုလဲငုပ်သမားတစ်ဦးဖြစ်သည်။

ခါးပြတ်ကျွန်း ပုလဲငုပ်စခန်းတွင် အလုပ်သမားငါးဦးခန့် စုပေါင်းနေထိုင်ကြသော်လည်း ကိုဘခံမှလွဲ၍ ကျန်လေးဦးမှာ ကဒုံကနီဘက်သို့ ရိက္ခာဝယ်သွားနေကြသောကြောင့် စခန်းတွင် သူတစ်ယောက်တည်း ကျန်နေခိုက်ဖြစ်သည်။

အမှန်တော့ ကဒုံကနီဘက်သွားသူများမှာ ယနေ့ဆိုလျှင် စခန်းသို့ပြန်ရောက်ကြရန်ဖြစ်သော်လည်း ပင်လယ်တွင်းမှ မုန်တိုင်းထန်နေသောကြောင့် ပြန်မလာနိုင်ကြပေ။ ယခင်ကလည်း ပုလဲစခန်းတွင် ယခုလိုတစ်ယောက်တည်း နှစ်ယောက်တည်း နေခဲ့ဖူးသော်လည်း မည်သည့်အန္တရာယ်မှ မရှိပေ။



သို့သော်...။

မမျှော်လင့်ပါဘဲ ကျန်ခဲ့သောလပိုင်းများလောက်က ပုလဲကျွန်းများတွင် အန္တရာယ်ဆိုးကြီးတစ်ခုကျရောက်လာခဲ့သည်။

ပုလဲစခန်းများတွင် တစ်ယောက်ချင်း နှစ်ယောက်ချင်း ကျန်ခဲ့သူများ၊ ပုလဲငုပ်သူများ ရုပ်ပျက်ဆင်းပျက်သေဆုံးကြ၊ ပျောက်ချင်းမလှပျောက်သွားကြဖြစ်ရုံမက စခန်းအချို့ပင် ပျက်စီးသွားကြသဖြင့် ခါးပြတ်ကျွန်းတစ်ဝိုက် ပုလဲငုပ်သူများ ကျီးလန့်စာစားဖြစ်နေသော အချိန်လည်းဖြစ်သည်။

ထိုအချိန်မှာမှ စခန်းတွင် ကိုဘခံတစ်ယောက်တည်း ကျန်ခဲ့ခြင်းဖြစ်လေသည်။

ပင်လယ်တွင်းမှ တိုက်ခတ်လာသောလေသည် ပို၍ပို၍ ပြင်းထန်လာသည်နှင့်အမျှ လှိုင်းခတ်သံများကလည်း ပိုမိုကျယ်လောင်လာသည်။

နေဝင်ချိန်ဖြစ်သောကြောင့် မကြာမီပတ်ဝန်းကျင်တစ်ဝိုက် အမှောင်ရိပ်များ ဖုံးလွှမ်းလာသည်။

ထိုအချိန်တွင် ပင်လယ်တွင်းမှ မိုးချုန်းသံသဖွယ် လှိုင်းပေါက်သံကြီးများ ပေါ်ထွက်လာသည်။ ထိုအသံကြီးများကြားလိုက်ရသောအခါ ကိုဘခံမှာ ပိုမိုတုန်လှုပ်လာတော့သည်။

"ဒီအသံကြီးတွေ ကြားရပြန်ပြီ၊ ဒီအသံကြီးတွေကြားရရင် မကောင်းဆိုးဝါးကောင်ကြီး ရောက်လာတော့မယ်၊ မဖြစ်ဘူး၊ ငါတစ်ခုခု လုပ်မှဖြစ်တော့မယ်"

ထိုသို့တွေးတောပြီး လှံတစ်လက်နှင့် ဓားတစ်လက်ကို

www.burmeseclassic.com



ယူကာ တဲအပေါ်ဆင့်ပေါ် တက်နေလိုက်သည်။ လေဒဏ် လှိုင်းဒဏ်ကြောင့် တဲတစ်ခုလုံး သိမ့်သိမ့်တုန်နေလေတော့သည်။

ထိုအချိန်တွင် လှိုင်းပေါက်သံကြီးများ တစ်စတစ်စနီးကပ်လာပြီး အနီးမှာကပ်၍ အမြောက်ကြီးများဖြင့် ပစ်ခတ်နေသည့်နှယ် ဆူညံစွာ ပေါ်ထွက်လာသည်။

"ဒီအသံဟာ မကောင်းဆိုးဝါးကြီးလာနေတဲ့အသံပဲ၊ ဘာပဲဖြစ်ဖြစ် ဒီကိုရောက်လာလို့ကတော့ ဒင်းရဲ့လက်ဦးမှုကိုတော့ မခံဘူး"

ထိုသို့စိတ်ထဲမှ ဆုံးဖြတ်ပြီး အသွားကို မြ,နေအောင် သွေးထားသော ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

ထိုအခိုက်မှာပင် လေပြင်းဒဏ်၊ လှိုင်းပေါက်သံများကို ကျော်၍ ကြောက်မက်ဖွယ်ရာအသံကြီးတစ်သံပေါ်ထွက်လာပြီးနောက် တဲတစ်ခုလုံး သွက်သွက်ခါအောင် လှုပ်ယမ်းသွားတော့သည်။

မရှေးမနှောင်းမှာပင် ခင်းထားသောကြမ်းပြင်များကို အောက်ဘက်မှ 'ဝုန်းခနဲ' ဆောင့်တွန်းလိုက်သလိုရှိပြီး၊ ကျိုးပဲ့ပျက်စီးသွားသောကြားမှ ကြီးမားသော သတ္တဝါတစ်ကောင်၏ ဦးခေါင်းကြီး ထိုးတက်လာသည်။

"ဝုန်း"

သတ္တဝါကြီးကို မြင်လိုက်ရတော့ တဲအပေါ်ဆင့်ရောက်နေသော ကိုဘစံ ကြက်သေသေသလိုဖြစ်သွားသည်။

သတ္တဝါကြီးက တဲတစ်ခုလုံး မွှေနှောက်လျက်ရှိရာ မကြာမီ



တဲအပေါ်ဆင့်ရောက်နေသော ကိုဘစံကို မြင်တွေ့သွားသည်။ သို့ကြောင့် ပါးစပ်ကြီးကိုအစွမ်းကုန်ဟလျက် ကိုဘစံထံတိုးဝင်လာရာ ကိုဘစံလက်ထဲမှ ဓားဖြင့် ဆီးခုတ်သော်လည်း အရာမရောက်လှဘဲ သားရေပြားခုတ်ရသကဲ့သို့ရှိပြီး ခဏချင်းမှာပင် သတ္တဝါကြီး၏ ကိုက်မျိုခြင်းကိုခံလိုက်ရလေတော့သည်။

တဲတစ်ခုလုံး သွေးများစွန်းထင်သွားရုံမက မိုးသံလေသံနှင့်အတူ ကြောက်မက်ဖွယ်ရာအော်သံကြီးလည်း ပေါ်ထွက်လာတော့သည်။

အပြင်ဘက်မှာတော့ လေနှင့်မိုးက ပြင်းထန်သည်ထက် ပြင်းထန်စွာ မွှေနှောက်တိုက်ခတ်နေဆဲ။

* * *

www.burmeseclassic.com

## အခန်း [ ၂ ]

နောက်တစ်နေ့နံနက်တွင် ပင်လယ်ပြင်၌ လှိုင်းလေကောင်းစင်ပြီး သာယာကြည်လင်လျက်ရှိသည်။

ပင်လယ်ရေပြင်မှာ လှိုင်းကြက်ခွပ်ကလေးများမှအပ တည်ငြိမ်နေသည်။

ထိုအချိန်တွင် ခါးပြတ်ကျွန်း ပုလဲစခန်းသို့ နီမောင်တို့ စက်လှေ ပြန်ရောက်လာသည်။

သူတို့သည် တဲတား၌ စက်လှေဆိုက်ကပ်ပြီးနောက် တဲအတွင်းမှ ငြိမ်သက်နေသောအခြေအနေကြောင့် သင်္ကာမကင်းဖြစ်ကာ အလျင်အမြန် ဝင်ကြည့်ကြသည်။

တဲအတွင်း၌ ကိုဘဇံ၏ အရိပ်အယောင်ကိုမှ မတွေ့ရသဖြင့် စိတ်ပူစွာ အော်ဟစ်ခေါ်ကြည့်ကြသည်။

"ကိုဘဇံ . . . ကိုဘဇံ"



အခြေအနေက မထူး။

"ဗျို့ . . . ကိုဘဇံ"

တုတ်တုတ်မျှ မလှုပ်ပေ။

တဲအခြေအနေကြည့်ပြန်တော့လည်း မကောင်းလှပေ။ ကြမ်းခင်းများ ပေါက်ပြဲလျက်ရှိပြီး အချို့နေရာများတွင် သွေးကွက်ကြီးများတွေ့ရသဖြင့် အခြေအနေမကောင်းမှန်းတွက်ဆမိကြသည်။

"ကိုဘဇံ . . . ကိုဘဇံ၊ ဗျို့ . . . ကိုဘဇံ"

နီမောင်က မျှော်လင့်စိတ်ကလေးဖြင့် အော်ခေါ်ကြည့်နေစဉ် သာကျော်က အနားလာပြီးပြောသည်။

"မင်း ခေါ်နေလဲအပိုပဲ၊ ကိုဘဇံတစ်ယောက်ရှိတော့မယ် မထင်ဘူး"

"ဘာကြောင့်လဲကွ"

"တဲအတွင်းမှာ ငါ သေသေချာချာကြည့်ပြီးပြီ၊ အခြေအနေ သိပ်မကောင်းလှဘူး"

"ဘာတွေ့လို့လဲ သာကျော်ရ"

"တို့မရှိတုန်း တဲအတွင်းကို သတ္တဝါတစ်ကောင်ကောင် ဝင်လာပြီး ကိုဘဇံကို အန္တရာယ်ပေးသွားပြီနဲ့တူတယ်၊ ကြမ်းပြင်မှာ အပေါက်ကြီးတစ်ပေါက်လဲတွေ့တယ်၊ သွေးကွက်ကြီးတွေလဲ တွေ့ရတယ်၊ နောက်ပြီး ကြမ်းစွန်းနဲ့ငြိပြီး ကိုဘဇံရဲ့အဝတ်အစားတွေ စုတ်ပြတ်ကျန်ခဲ့တာတွေလဲရှိတယ်ကွ၊ မဟုတ်မှ

www.burmeseclassic.com



လွဲရော...ကိုဘဇံကို ရေသတ္တဝါကြီး တစ်ကောင်ကောင် ဝင်ဆွဲသွားပြီနဲ့တူတယ်"

သာကျော်စကားကြောင့် နီမောင် တဲအတွင်းဝင်ပြီး အခြေအနေကို ကြည့်သည်။

ခင်းထားသောကြမ်းပြင်အောက်မှ အပေါက်ကြီးတစ်ပေါက် ပေါက်နေပြီး ထိုနေရာတစ်ဝိုက်တွင် သွေးကွက်ကြီးများနှင့် ကြမ်းပြင်စွန်းများတွင် ကိုဘဇံအဝတ်အစား အစုတ်အပြတ် အချို့နှင့် ရေသတ္တဝါတစ်ကောင် ကိုယ်မှကျန်ခဲ့ဟန်ရှိသော ချွဲတုံးအချို့ကိုမြင်ရသည်။

"ဟုတ်တယ်၊ တို့မရှိတုန်း ကိုဘဇံကို ရေသတ္တဝါ တစ်ကောင်ကောင် ဝင်ဆွဲသွားတာ သေချာတယ်၊ အဖြစ်ဆိုးလိုက်တာကွာ၊ ဘယ်လိုသတ္တဝါမျိုးဖြစ်တယ်ဆိုတာ သိချင်လိုက်တာ"

နီမောင်က စိတ်မကောင်းစွာ ပြောလိုက်သည်။

"ငါ့အထင်တော့ မိကျောင်းကြီးတစ်ကောင် ဖြစ်မယ် ထင်တယ်"

ထွန်းကျော်က ပြောသည်။

"မဖြစ်နိုင်ဘူးထင်တယ်၊ မိကျောင်းမှာ ဒီလို အချွဲအညှီမျိုးတွေ မရှိဘူး"

"ဒါဖြင့် ငါးမန်းဖြစ်မလား"

"ဖြစ်နိုင်တာပဲရှိတယ်၊ ဒါပေမယ့် မသေချာဘူး"

"ဘာဖြစ်လို့လဲကွ"



"ငါပြောပြမယ်၊ ငါးမန်းတက်ကိုက်တယ်ဆိုရင် ဒီမှာ အပိုင်းအပြတ်တွေကျန်ခဲ့နိုင်တယ်၊ အခုက ကိုဘဇံကိုဖမ်းပြီး မျိုချသွားတာကွ သိရဲ့လား"

"ကြောက်စရာကောင်းလိုက်တာ၊ ဘယ်လိုသတ္တဝါမျိုး ဖြစ်မလဲ နီမောင်"

နီမောင်က အတန်ကြာအောင် စဉ်းစားနေသည်။

"ငါလဲ အဲဒါကိုပဲစဉ်းစားနေတာ၊ ကိုဘဇံကို သတ်သွားတာ ရေသတ္တဝါတစ်ကောင်ဆိုတာတော့ သေချာတယ်၊ ကုန်းသတ္တဝါ ကလဲ ဒီလောက်လေမိုးပြင်းထန်နေတဲ့အချိန်မှာ ရေထဲဆင်းမလာဘူး၊ ခုတလော တို့ပင်လယ်ကျွန်းတွေမှာနေတဲ့လူတွေကို ဒုက္ခအမျိုးမျိုးပေးနေတာ ဒီသတ္တဝါဖြစ်နိုင်တယ်"

"အေး...မင်းပြောတာဖြစ်နိုင်တယ်၊ ခါးပြတ်ကျွန်း တစ်ဝိုက်မှာ ဝင်မွှေသွားတာလဲ ဒီသတ္တဝါပဲဖြစ်မယ်၊ စခန်းတစ်ခုလုံး ရစရာမရှိလောက်အောင် ပျက်စီးသွားတယ်၊ လူနှစ်ယောက်လဲ ပျောက်သွားတယ်"

"ကျန်တဲ့လူတွေဆီက ဘာပြောသံကြားလဲ"

"သူတို့စခန်းတွေမှာလဲ ညဘက်တွေမှာ ဝင်မွှေသွားတာ ဆိုတော့ သဲသဲကွဲကွဲမမြင်လိုက်ရဘူးတဲ့၊ တချို့ပြောတာကတော့ အလွန်ကြီးမားတဲ့ ပင်လယ်မြွေကြီးတစ်ကောင်နဲ့တူတယ်လို့တော့ ပြောကြတယ်"

"မြွေ...မြွေ၊ ပင်လယ်မြွေ"

www.burmeseclassic.com

www.burmeseclassic.com



နီမောင် စဉ်းစားနေသည်။

လူတစ်ယောက်လုံးကို မျိုနိုင်လောက်သောမြွေဆိုလျှင် စက်လှေတစ်စင်းလောက်ကို အသာကလေးဖျက်ဆီးပစ်နိုင်လောက်အောင် ကြီးမားရှည်လျားပေလိမ့်မည်။

သို့ဆိုလျှင်...

မိမိတို့ ပုလဲငုပ်သမားများ၊ ရေလုပ်သားများအဖို့ ကြီးမားသောအန္တရာယ်တစ်ခုနှင့် ကြုံတွေ့နေရပြီဖြစ်၏။

"တို့ ဘယ်လိုလုပ်ရင်ကောင်းမလဲ နီမောင်"

"အခုကတော့ ဘယ်လိုမှမတတ်နိုင်သေးဘူး၊ ရန်သူဆိုတာ သူ့မြင်ကိုယ်မြင်တိုက်ရတာမျိုးထက်၊ လျှို့ဝှက်ရန်သူက ပိုပြီးကြောက်စရာကောင်းတယ်၊ တို့ဘက်က အခြေအနေအရကြည့်ပြီး လှုပ်ရှားရမှာပဲ"

"ဒီနေရာတစ်ဝိုက်က ပြောင်းပြီး တခြားနေရာရွှေ့လုပ်ရရင် မကောင်းဘူးလား"

ထွန်းကျော်က အကြံပေးသည်။

"မဖြစ်သေးဘူးကွ၊ ဒီနေရာက ပုလဲအရလဲကောင်းတယ်၊ နေရထိုင်ရတာလဲအဆင်ပြေတယ်၊ နောက်ပြီး တို့ခြေရာခံ ရှာဖွေနေတဲ့ ပုလဲနက်ကြီး ရှိတယ်ဆိုတာကလဲ ဒီကျွန်းတစ်ဝိုက်မှာဆိုတော့ ပြောင်းလို့ကတော့ ဘယ်နည်းနဲ့မှ မဖြစ်သေးဘူး၊ နောက်ပြီး တို့သဘောနဲ့ပြောင်းလို့ကလဲမရသေးဘူး၊ အလုပ်ရှင် ဦးခိုင်ဇံနဲ့ တိုင်ပင်ပြီးမှ လုပ်ကြတာပေါ့"



"အင်း...ဒီလိုဆိုရင် တို့အခုဘာဆက်လုပ်ကြမလဲ"

"အခု လောလောဆယ် ရွာကိုပြန်ပြီး အကျိုးအကြောင်းပြောပြမှဖြစ်မယ်၊ ကဲ...ဒီရေတက်နဲ့ပဲ ရွာကိုပြန်လိုက်သွားကြမယ်"

"အေး...ကောင်းတယ်"

ထိုသို့တိုင်ပင်ကြပြီး ပစ္စည်းအချို့ကို သိမ်းဆည်းကြကာ ကဒ္ဒံကနိဘက်သို့ ပြန်ထွက်ခဲ့ကြသည်။

ပင်လယ်ပြင်တွင် ရာသီဥတုက သာယာကြည်လင်လျက်ရှိနေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၃ ]

အခန်းထဲတွင် ဦးခိုင်ဇံ၏မျက်နှာက မကြည်မလင်ဖြစ်နေ၏။ မက အလုပ်သမားတစ်ယောက်ဆုံးရှုံးသွားသဖြင့် စိတ်ရှုပ်ထွေး နေဟန်ရှိသည်။

"တောက်...ငါ့အလုပ်စခန်းတွေမှာ အခုတလော ဘာတွေ ဖြစ်နေသလဲ မသိဘူး၊ တစ်မျိုးပြီးတစ်မျိုး၊ တစ်ခုပြီးတစ်ခု ဒုက္ခတွေရောက်နေတယ်၊ ပုလဲရတာတွေကြတော့ မဖြစ်မြောက် ဘူး"

ဦးခိုင်ဇံက ကိုဘဇံသေရခြင်းကိစ္စထက် သူ့အတွက်ပုလဲ ရရှိမှုနည်းခြင်းအတွက် ပိုမိုစိတ်မကောင်းဖြစ်နေဟန်ဖြင့် ညည်း ညည်း ညူညူ ပြောဆိုနေသည်။

အခန်းထောင့်တစ်နေရာတွင် ကိုဘဇံမိန်းမက တရှုပ်ရှုပ် ငိုကြွေးလျက်ရှိပြီး ကလေးနှစ်ယောက်ကတော့ မျက်နှာငယ် ကလေးများဖြင့် အမေ့အနားတွင်ထိုင်ရင်း လူကြီးတွေမျက်နှာကို တစ်လှည့်စီ လိုက်ကြည့်နေသည်။



မြင်ကွင်းက စိတ်မကောင်းစရာဖြစ်သည်။

"ပုလဲမရတာလဲမပြောနဲ့အဖေရယ်၊ အလုပ်သမားတွေက သမီးတို့ကွယ်ရာရောက်ရင် အလုပ်ကိုကြိုးကြိုးစားစား လုပ်ချင်မှ လုပ်ကြမှာ၊ ဒါကြောင့် ပစ္စည်းမရတာဖြစ်မှာပေါ့ အဖေရယ်"

ဦးခိုင်ဇံအနီးတွင် စာရင်းများပြုလုပ်ပေးနေသော 'ခင်မလေး' က ထိုစကားမျိုးကို ဝင်ပြောလိုက်သဖြင့် နီမောင် ရင်ထဲမှာ 'တင်း'ခနဲဖြစ်သွားသည်။

"ကျွန်တော်တို့ အလုပ်သမားတွေမှာ ဒီလိုယုတ်ညံ့တဲ့ စိတ်ထားမျိုးတွေမရှိကြပါဘူး၊ လူတွေဆင်းရဲကြပေမယ့် စိတ်ထား မဆင်းရဲကြပါဘူး၊ ကုန်ပစ္စည်းရခြင်း မရခြင်းဆိုတာ ရာသီဥတု၊ အခြေအနေ၊ ကံတရားတွေနဲ့လဲသက်ဆိုင်တာမို့ ကျွန်တော်တို့ ဘယ်လောက်ကြိုးစားလုပ်လုပ် အရာမထင်တဲ့အခါမျိုးတွေ ရှိတတ် တာပါ"

"တော်တော် ကြီးကျယ်တဲ့လူ"

ခင်မလေးက နီမောင်ကို မကျေမနပ်လှမ်းကြည့်ရင်း မျက်စောင်းတစ်ချက်ခဲသည်။

ဦးခိုင်ဇံမှာ ပင်လယ်လုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး ကဒုံကနီတွင် ချမ်းသာကြွယ်ဝသူစာရင်းဝင်တစ်ယောက်ဖြစ်သည်။ စက်လှေများ ဆုထောင်၍ ငါးဖမ်းခြင်း၊ ပုလဲငုပ်ခြင်းများကို အလုပ်သမား များဖြင့် အကြီးအကျယ်လုပ်ကိုင်လျက်ရှိသည်။

ဦးခိုင်ဇံမှာ စီးပွားရေးလာဘ်မြင်သော ရခိုင်လူမျိုး တစ်ယောက်ဖြစ်ပြီး အသက်လေးဆယ်ကျော်အရွယ်တွင် မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားသော်လည်း နောက်ထပ်အိမ်ထောင်သစ် မထူထောင်တော့ဘဲ သမီးနှစ်ယောက်နှင့်အတူ စီးပွားရေးကိုသာ ဇောက်ချလုပ်ကိုင်လျက်ရှိသည်။

ခင်မကြီးက အသက် ၂၄ နှစ်အရွယ်ရှိပြီး ခင်မလေးက အသက် ၂၀ ဝန်းကျင်ရှိကာ ချောမောလှပသူလေးများဖြစ်ကြသည်။ ခင်မကြီးက နူးညံ့သိမ်မွေ့သလောက် ခင်မလေးက ဖျတ်လတ်သွက်လက်ပြီး ဇတ်ဇတ်ကျဲမလေးဖြစ်သည်။ လုပ်ငန်းကိစ္စများကို ခင်မလေးကစီမံလုပ်ကိုင်နေသောကြောင့် အလုပ်သမားအတော်များများမှာ ခင်မလေးနှင့် မဆက်ဆံချင်သော်လည်း ဆက်ဆံနေကြရသည်။

ခင်မလေးက အပြောကြမ်း၊ မာနကြီးသလောက် စိတ်သဘောနူးညံ့သူတစ်ဦးဖြစ်လေသည်။

သို့သော်...

သူမ၏ အလှနှင့်စိတ်သဘောနူးညံ့သိမ်မွေ့မှုများအား မာနတရားက အကျည်းတန်စွာ ဖုံးလွှမ်းထားလေသည်။

"ကဲ...အခု လာကြတာက ဘဖဲသေတဲ့ကိစ္စအတွက်ပဲ မဟုတ်လား၊ အလုပ်တော့ တော်တော်ရှုပ်တယ်၊ သမီး...ဘဖဲအတွက် ဆွမ်းလေးဘာလေးကျွေးဖို့ ငွေထုတ်ပေးလိုက်"

"ဟုတ်ကဲ့ အဖေ"

"ကျွန်တော် တစ်ခုပြောပါရစေ ဦးလေး"

"ပြော...နီမောင်"

"ကျွန်တော့်လစာငွေကို ကြိုထုတ်ချင်လို့ပါ"



"မင်းတို့က သားအမိနှစ်ယောက်တည်းနေတာ...ဘာတွေအရေးကြီးရပြန်တာလဲ"

"ကျွန်တော် သုံးဖို့အတွက်မဟုတ်ပါဘူး၊ ကျွန်တော့်လစာငွေကို ကိုဘဖဲမိန်းမနဲ့ ကလေးတွေကို ပေးဖို့ပါ"

နီမောင်စကားကြောင့် ကျန်အလုပ်သမားများ တအံ့တဩ လှမ်းကြည့်ကြသည်။

ခင်မလေးရဲ့ တင်းမာနေသော မျက်နှာပြင်ပေါ်မှာပင် အံ့သြမှုများ ယှက်သန်းသွားလေသည်။ စာရင်းများရေးမှတ်နေရာမှ နီမောင်ကို ဖျတ်ခနဲတစ်ချက်လှမ်းကြည့်သည်။

ဦးခိုင်ဖကတော့ မဲ့ပြုံးတစ်ချက်ပြုံးကာ...

"သမီး...စေတနာရှင်ကြီးကို လစာထုတ်ပေးလိုက်ပါကွယ်၊ ထုတ်ပြီးကြောင်းလဲ စာရင်းစာအုပ်မှာ သေသေချာချာ လက်မှတ်ထိုးယူထားလိုက်...ကြားလား"

ထိုသို့ပြောပြီး ဦးခိုင်ဖက ငါးစင်များဘက်သို့ ထွက်သွားလေသည်။

ကျန်အလုပ်သမားများမရှိတော့မှ ခင်မလေးက နီမောင့်ကို လစာငွေထုတ်ပေးသည်။

နီမောင်က ငွေရသည်နှင့် ကိုဘဖဲမိန်းမလက်ထဲသို့ ထည့်ပေးလိုက်သည်။

"ရော့...အစ်မ၊ ဒီငွေကို အစ်မသုံးချင်ရာသုံးပါ၊ ကိုဘဖဲအတွက်ရည်စူးပြီး လှူချင်ရာလှူပါ၊ ကျွန်တော်လဲ ကိုဘဖဲအတွက် စိတ်မကောင်းပါဘူး၊ လိုတဲ့အကူအညီရှိရင်လဲပြော...၊ ဘာမှ အားနာစရာမရှိဘူး၊ လုပ်ဖော်ကိုင်ဖက်တွေပဲဗျာ..."

www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်...အခုလို အကူအညီပေးတာ ငါ့မောင်ကို ကျေးဇူးတင်ပါတယ်၊ ကိုဘဖံမရှိတော့တဲ့နောက်မှာ အစ်မတို့တော့ အားကိုးရာမဲ့ပါပြီ ငါ့မောင်ရယ်"

"ဒီအတွက်တော့ မပူပါနဲ့၊ ကျွန်တော်တို့ ဝိုင်းပြီးအကူ အညီပေးပါ့မယ်"

"အေးကွယ်...ကျေးဇူးတင်ပါတယ်"

ကိုဘဖံမိန်းမနင့်ကလေးများ မျက်ရည်စက်လက်ဖြင့် ထွက် သွားကြသောအခါ နီမောင် ထိုမြင်ကွင်းကိုကြည့်ပြီး စိတ်မကောင်း စွာ ကျန်ရစ်ခဲ့လေသည်။

"နီမောင်"

နောက်ဘက်မှ ခင်မလေးခေါ်သံကြောင့် လှည့်ကြည့်လိုက် သည်။

"နင့်လစာတွေ အကုန်ပေးလိုက်တော့ နင်တို့သားအမိ ဒီလ ဘာနဲ့စားကြမှာလဲ..."

"ကိုယ်က စားစရာမရှိတာအကြောင်းမရှိပါဘူး၊ မရှိတော့ လဲ ရှိတာနဲ့စားလို့ရပါတယ်၊ ဘဝပျက်သွားတဲ့သူတွေအတွက်က ပိုပြီးအရေးကြီးပါတယ် ခင်မလေးရယ်"

ဒါပဲပြောပြီး နီမောင် အိမ်ပေါ်မှဆင်းလာတော့ ခင်မလေး ခမျာ နောက်ဘက်မှ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့တော့ သည်။

*　*　*

## အခန်း [ ၄ ]

နီမောင် အိမ်ပြန်ရောက်ပြီး အမေ့ကိုအကြောင်းစုံပြောပြ တော့ အမေက ကိုဘဖံအတွက်စိတ်မကောင်းဖြစ်သည်။ နီမောင့် စေတနာအတွက် သာဓုခေါ်သည်။

"ခမျာမျာ၊ ကျန်ခဲ့တဲ့လူတွေအတွက် သနားစရာပဲ...၊ ကိုယ်မစားရရင်နေပါစေ...၊ တတ်နိုင်သမျှ ထောက်ပံ့ကူညီပေး လိုက်ပါ သားရယ်..."

ဟု စေတနာဖြင့် ပြောသည်။

အမေတစ်ခု၊ သားတစ်ခုဘဝတွင် စားစရာမရှိသော်လည်း စိတ်ချမ်းသာသည်။ မချမ်းသာသော်လည်း စိတ်မဆင်းရဲပေ။ နီမောင့်အနေနှင့်မူ ပင်လယ်တွင်းမှာ သက်စွန့်ဆံဖျားရှာဖွေ၍ မိခင်ကြီးကိုလုပ်ကျွေးရသဖြင့် ကျေနပ်နေမိသည်။

နီမောင်မှာ အသက် ၂၅ နှစ်အရွယ် ကြံ့ခိုင်သန်စွမ်းသော လူငယ်တစ်ဦးဖြစ်ရုံမက ရိုးသားဖြူစင်သောကြောင့် လုပ်ဖော် ကိုင်ဖက်များက ခင်မင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သူ့အပေါ်မဆို စေတနာကောင်းသူလည်းဖြစ်သည်။ ပင်လယ်အတွေ့အကြုံရင့်ကျက်ပြီး အလုပ်ကြိုးစားသူဖြစ်သောကြောင့် အလုပ်ရှင်တိုင်းက နှစ်သက်သဘောကျကြသည်။ ပင်လယ်ပြင်ထွက်၍ အလုပ်လုပ်ရသည်မှာ မည်သည့်အလုပ်မျိုး မဆို အန္တရာယ်ရှိသည်ချည်းဖြစ်၏။

ပင်လယ်မျက်နှာပြင်ပေါ်မှ လှိုင်းများ။

ကောင်းကင်မှ ရုတ်တရက်ကျရောက်လာတတ်သည့် လေနီကြမ်းများ၊ မုန်တိုင်းကြီးများ။

ရေအောက်မှ ရေသတ္တဝါကြီးများမှာ ပင်လယ်ပြင်သွားလူသားများတို့၏ အသက်အန္တရာယ်ကို ခြေပျက်နိုင်သော အရာများဖြစ်ကြသည်။

ငါးဖမ်းလှေဖြင့် ပင်လယ်ထွက်ခြင်း။

ပုလဲငုပ်ခြင်း စသောလုပ်ငန်းများမှာ ထိုအန္တရာယ်များနှင့် အမြဲတစေ ထိတွေ့နေကြရသည်။

သို့သော်...

ကျွမ်းကျင်မှု၊ လိမ္မာပါးနပ်မှုများ၊ ရဲဝံ့သတ္တိရှိမှုများကြောင့် အသက်အန္တရာယ်ဘေးမှ ကင်းဝေးကြရသည်။

နေ့လယ်ဘက်တွင် နီမောင့်အိမ်သို့ ဧည့်သည် တစ်ယောက် ရောက်လာသည်။

ခင်မကြီးဖြစ်သည်။

ညီအစ်မအရင်းဆိုသော်လည်း ခင်မကြီးနှင့် ခင်မလေးက စရိုက်ချင်းမတူကြပေ။



ခင်မလေးက ခက်ထန်မာနကြီးသလောက်၊ ခင်မကြီးက နူးညံ့သိမ်မွေ့မှုရှိသည်။

တစ်ဖက်သားအပေါ် ကြင်နာသနားတတ်သည်။

ခင်မလေးအလှက သွက်လက်ဖျတ်လတ်သလောက်၊ ခင်မကြီးအလှက သိမ်မွေ့မှုရှိသည်။

နီမောင်တို့တစ်တွေမှာ အလုပ်သဘောအရ ခင်မလေးနှင့် ထိတွေ့ဆက်ဆံမှုများသော်လည်း ခင်မကြီးနှင့် ပိုမိုရင်းနှီးခင်မင်ကြသည်။ ပင်ကိုသဘောအရ ခင်မကြီးက အေးအေးဆေးဆေး နေလေ့ရှိသော်လည်း . အလုပ်သမားများကိစ္စများနှင့်ပတ်သက်လာလျှင် တစ်ခါတစ်ရံ ဝင်ရောက်ဖြေရှင်းပေးလေ့ရှိသည်။

ယခု ခင်မကြီးရောက်လာသည့်အတွက် နီမောင်တအံ့တသြဖြစ်နေမိသည်။

"ဟင်...မမကြီးပါလား"

ခင်မကြီးက သိမ်မွေ့စွာပြုံး၍ အိမ်ပေါ်တက်လာသည်။

"ကိစ္စရှိလို့လား မမကြီး၊ ကျွန်တော့်ကို ဘာခိုင်းစရာရှိလို့လဲ"

"မင်းဆီကို ကိစ္စရှိမှပဲ လာရမှာလား နီမောင်ရယ်"

"မ...မဟုတ်ပါဘူး၊ ကျွန်တော်က မမကြီးကိုတွေ့ပြီး အံ့သြနေမိလို့ပါ"

ခင်မကြီးက ကွက်ပျစ်ပေါ်ဝင်ထိုင်ရင်း...

"အမေ နေကောင်းလား"

ဟု ဒေါ်မြမေကို နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး...နေကောင်းပါတယ် သမီးရယ်၊ သမီးအဖေရော ကျန်းမာရေး ကောင်းတယ်မဟုတ်လား၊ ကဲ...သမီးစားဖို့ အမေတစ်ခုခု စီစဉ်လိုက်ဦးမယ်"

"နေ...နေ...အမေ၊ ကျွန်မ ဘာမှ မစားတော့ပါဘူး၊ ကိစ္စရှိလို့ နီမောင်နဲ့ ခဏလေးတွေ့ဖို့လာခဲ့တာပါ၊ ဘာမှမလုပ်ပါနဲ့တော့ အမေ..."

"အေး...အေး၊ ဒီလိုဆိုရင်လဲ စကားပြောကြဦး၊ အမေ ဆေးဝယ်သွားလိုက်ဦးမယ်"

ဟုဆိုကာ တဘက်ကလေးတစ်တည် ခေါင်းပေါ်တင်၍ ဒေါ်မြမေ ထွက်သွားတော့သည်။

"မမကြီး...ကိစ္စအရေးကြီးလို့လား၊ ပြောလေ..."

"မင်း...မနက်က လစာငွေ အကုန်ထုတ်ပြီး ကိုဘစံမိန်းမကို ပေးလိုက်တယ်ဆို..."

"ဟုတ်ပါတယ် မမကြီး၊ သူတို့အတွက်က တကယ်လိုအပ်နေလို့ပါ၊ မမကြီးကို ဘယ်သူပြောလိုက်သလဲ"

"ခင်မလေးပြောတာပါ၊ ခင်မလေးကတောင် မင်းကို ချီးကျူးနေသေးတယ်၊ ကိုနီမောင်က လူကြည့်တော့ ဘုဆတ်ဆတ်နဲ့ စိတ်ရင်းတော့ အတော်ကောင်းရှာတယ်လို့ ပြောနေတယ်"

"ကျွန်တော်အနေကတော့ တကယ်လိုအပ်နေတဲ့သူကို အကူအညီပေးတာကလွဲလို့ တခြားရည်ရွယ်ချက် ဘာမှ မရှိပါဘူး"



"ဘာပဲဖြစ်ဖြစ် မင်းရဲ့စေတနာတရားကိုတော့ သာဓုခေါ်ရမှာပဲ၊ အခု မမကြီးလာတာကလဲ အဲဒီအတွက်ပဲ..."

နီမောင်က ခင်မကြီးကို နားမလည်သလိုတစ်ချက်ကြည့်သည်။

ခင်မကြီးက အသင့်ဆောင်ယူလာသော စက္ကူဘူးတစ်ခုကို လှမ်းပေးသည်။

"ရော့...ဒါ မင်းအတွက် လက်ဆောင်"

"ဘာတွေများလဲ မမကြီးရဲ့"

"ငါ ပြန်သွားပြီးတဲ့အခါကြတော့ မင်းဖွင့်ကြည့်လိုက်ပေါ့၊ ဒါထက်...မင်း ပင်လယ်ကို ဘယ်တော့ပြန်ထွက်မလဲ"

"အခု တစ်ရက်နှစ်ရက် ဦးလေးနဲ့ အစီအစဉ်လုပ်ပြီးရင် ပုလဲစခန်းကိုပြန်သွားရမယ်၊ ဘာဖြစ်လို့လဲမမကြီး"

"ဘာမှမဖြစ်ပါဘူး၊ အဖေနဲ့ ခင်မလေးတို့ တိုင်ပင်နေသံကြားလို့ပါ"

"ဘာများပါလိမ့်"

"သြော်...တခြားတော့မဟုတ်ပါဘူး၊ ကိုဘစံမရှိတဲ့နောက် ပုလဲစခန်းအတွက် ဦးစီးခေါင်းဆောင်လုပ်ဖို့ မင်းကို ထားရမယ်လို့ ပြောနေကြတယ်"

နီမောင် အံ့သြသွားမိသည်။

မိမိအသက်အရွယ်ဖြင့် ပုလဲစခန်းတစ်ခုကို အုပ်ချုပ်ရမှာ အတွေ့အကြုံနုနယ်သေးသည်ဟု နီမောင်ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ငယ်ပါသေးတယ်၊ စခန်းတစ်ခုလုံးရဲ့ ခေါင်းဆောင်လုပ်ဖို့ လိုပါသေးတယ်"

"ဒါပေမယ့် မင်းကိုယုံကြည်စိတ်ချလို့ ပိုင်ရှင်ကတာဝန်ပေးရင် ဘာပဲဖြစ်ဖြစ် လုပ်ရမှာပေါ့"

"တာဝန်တော့ယူနိုင်ပါတယ်၊ အကျိုးမရှိမှာ စိုးလို့ပါ"

"နောက်တော့ လုပ်ငန်းအတွေ့အကြုံရပြီး ကျွမ်းကျင်လာမှာပေါ့ကွယ်၊ ဒါတွေတွေးပူမနေပါနဲ့၊ ကဲ...မမကြီး ပြန်တော့မယ်"

ခင်မကြီးကို ခြံဝအထိလိုက်ပို့ပေးပြီးနောက် နီမောင်အိမ်ထဲပြန်ဝင်လာကာ စောစောက ခင်မကြီးပေးသွားသော စက္ကူဘူးလေးအား ဖွင့်ကြည့်လိုက်သောအခါ အတွင်း၌ငွေစက္ကူများကိုတွေ့ရလေသည်။

"သြော်...မမကြီးရယ်..."

* * *

## အခန်း [ ၅ ]

"နီမောင်...နင့်ကို စခန်းဦးစီး ခန့်လိုက်ပြီတဲ့ဟ"

သာကျော်က ဝမ်းသာအားရပြောသည်။

"မင်းကို ဘယ်သူပြောလိုက်သလဲ"

"ခင်မလေးကိုယ်တိုင်က အားလုံးကိုပြောလိုက်တာပဲ"

"ငါ့ကိုတော့ ဘာမှမပြောသေးဘူး"

"အဆင့်တိုးပေးတဲ့သတင်း၊ ဝမ်းသာစရာသတင်းပဲကွာ...ဘယ်အချိန်ပြောပြော ရတာပဲ၊ မင်းနဲ့နှစ်ယောက်ချင်းပြောချင်လို့လဲ ဖြစ်ချင်ဖြစ်မှာပေါ့..."

"သူလား...ငါ့ကိုနှစ်ယောက်ချင်းပြောချင်မှာ၊ အလိုလိုက ငါ့ကိုသိပ်ကြည့်လို့ရတာမဟုတ်ဘူး"

ထိုစကားကိုကြားသောအခါ ဘေးနားမှာဆေးပေါ့လိပ်ဖွာရင်း နားထောင်နေသော ကိုထွန်းကျော်က ဝင်ပြောသည်။

"မင်း...မိန်းမတွေရဲ့အကြောင်းကို ဘာမှမသိသေးပါဘူး နီမောင်ရယ်၊ မိန်းမတစ်ယောက်ရဲ့အတွင်းစိတ်ဆိုတာ အကဲခတ်

www.burmeseclassic.com



ရတာ အလွန်ခက်တယ်၊ အပြင်မှာ ခက်ထန်ကြမ်းတမ်းနေပေမယ့် အတွင်းကနူးညံ့သိမ်မွေ့နေတာတွေရှိသလို အပြင်က နူးညံ့သိမ်မွေ့နေတာကို အဟုတ်ထင်ပြီးသွားရမ်းမိလို့ ပါးကွဲသူတွေလဲရှိတယ်၊ ခင်မလေးကို မင်းလွှေ့ဖျားမတွက်နဲ့၊ တစ်နေ့ကျရင် သူနဲ့ပတ်သက်ပြီး မင်းခံသွားရမယ်"

"ဘယ်လိုခံရမှာလဲ ကိုထွန်းကျော်ရဲ့"

"တော်ကြာ သူ့အဖေကိုဖွင့်ပြောပြီး မင်းကိုလက်ထပ်ခိုင်းရင် မင်းသူဌေးသားဖြစ်ချင်ဖြစ်လာနိုင်တယ် သတိထား"

"ခင်ဗျားကလဲဗျာ...မဟုတ်တာတော့ အတော်ပြောတယ်"

အားလုံးက ကိုထွန်းကျော်စကားကြောင့် သဘောကျစွာရယ်နေကြသည်။

ဘာပဲပြောပြော နီမောင်အဆင့်တိုးသွားပြီဆိုခြင်းအတွက်တော့ လုပ်ဖော်ကိုင်ဖက်တစ်ဦးအနေဖြင့် သူတို့ဝမ်းသာနေကြသည်။

ပင်လယ်လုပ်ငန်းများတွင် ဦးစီးတစ်ယောက်ဖြစ်ရန်မှာ လွယ်ကူသောအရာမဟုတ်ပေ။

ငါးဖမ်းစက်လှေဦးစီးပဲဖြစ်စေ၊ ပုလဲစခန်းဦးစီး တစ်ယောက်ပဲ ဖြစ်စေ တော်ရုံကျွမ်းကျင်မှုရှိရုံနှင့်တော့ မဖြစ်နိုင်ပေ။

နောက်လိုက်အလုပ်ကြမ်းသမားဘဝ၊ လက်ထောက်ဦးစီးဘဝများဖြင့် နှစ်အတန်ကြာအောင်လုပ်ကိုင်ခဲ့ပြီး လုပ်ငန်းအတွေ့အကြုံရင့်ကျက်မှ ဦးစီးဘဝသို့ ရောက်နိုင်သည်။



ဒါတောင်မှ အချို့လုပ်ငန်းပိုင်ရှင်များက ဦးစီးအသစ်မစာင်လိုကြပေ။

အတွေ့အကြုံနုနယ်သော ဦးစီးအသစ်များကြောင့် အကျိုးဖြစ်ထွန်းမှုရသည်ထက်၊ ပျက်စီးဆုံးရှုံးမှုကများတတ်ပေသည်။

ပင်လယ်အတွေ့အကြုံမရင့်ကျက်သူကို ဦးစီးတင်၍ လွှတ်လိုက်မိလျှင် ၎င်း၏ဆုံးဖြတ်ချက်မှားယွင်းမှုကြောင့် သိန်းပေါင်းများစွာသော အဖိုးတန်ပစ္စည်းများ ဆုံးရှုံးခြင်းသာမက ၎င်းနှင့်အတူပါသွားသောလူများ၏ အသက်ဆုံးရှုံးမှုများပါ ကြုံတွေ့နိုင်သည်။

တကယ်တော့ ပင်လယ်ပြင်ဟူသည် အသက်အန္တရာယ်များက လက်တစ်ကမ်းတစ်ကွာတွင် ရှိနေသောကြောင့်ဖြစ်သည်။ ဦးစီးတစ်ယောက်ဖြစ်လာပြီဟော့ဆိုလျှင် မိုးလေဝသအခြေအနေများ ကျွမ်းကျင်နားလည်မှု။

ရေကြောင်း လေကြောင်းကျွမ်းကျင်နားလည်မှု။

သဘာဝဘေးအန္တရာယ်များကို ခန့်မှန်းနိုင်မှုများ၊ မိမိတို့အသုံးပြုသော စက်ပစ္စည်းများ၊ ကိရိယာပစ္စည်းများတို့အား ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်မှုများ၊ အရေးကြုံလာလျှင် ဆုံးဖြတ်ချက်မှန်ကန်မှု စသောအရည်အချင်းများနှင့် ပြည့်စုံရပေသည်။

အချို့ကျွမ်းကျင်သော စက်လှေဦးစီးများဆိုလျှင် ပတ်ဝန်းကျင်အခြေအနေကိုကြည့်ရုံဖြင့် ဘယ်အချိန် လေထန်မည်၊ ဘယ်အချိန် မုန်တိုင်းကျတော့မည်ကို ကြိုတင်သိနိုင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ရေအရောင်ကိုကြည့်ရုံဖြင့် ရေအတိမ်အနက်ကို ခန့်မှန်းနိုင်ခြင်း။

ရေမျက်နှာပြင်နှင့် အနံ့ကိုကြည့်ရုံဖြင့် ငါးအချိန် ဘယ်လောက် ရနိုင်မည်ကိုပါသိကြသဖြင့် ၎င်းတို့အား 'တံငါမှော်အောင်သူများ'၊ 'တစ်ပွဲစားများ' ဟု ကင်ပွန်းတပ်လေ့ရှိသည်။

အမှန်တော့ မည်သည့်မှော်မျှ အောင်တာမဟုတ်ဘဲ လုပ်သက်ရင့်ပြီး လုပ်ငန်းကျွမ်းကျင်မှု၊ အတွေ့အကြုံများသောကြောင့်ဖြစ်သည်။

၎င်းကဲ့သို့ ဦးစီးမျိုးဆိုလျှင် အလုပ်ရှင်များကလက်လွှတ်မပေးကြတော့ပေ။

"မင်းပြောတာ သေချာရဲ့လား သာကျော်"

"ဩော်...နီမောင်ရယ်၊ မသေချာဘဲနဲ့ ငါကမင်းကို အပိုပြောပါ့မလား။ အခုဆိုရင် မင်းဟာ စခန်းတစ်ခုလုံးရဲ့ ခေါင်းဆောင်ဖြစ်သွားပြီ၊ အလုပ်သမားတွေကို မင်းစိတ်ကြိုက်ရွေးခေါ်ပိုင်ခွင့်ရှိသွားပြီ၊ ကဲ...မင်းဘယ်သူတွေကိုခေါ်မလဲ၊ တို့ကတော့ မင်းနဲ့ပဲ လက်တွဲပြီး အလုပ်လုပ်ချင်တာပဲ"

"ငါ ခေါင်းဆောင်ဖြစ်တယ်ဆိုပေမယ့် မင်းတို့နဲ့ပဲ အတူလက်တွဲပြီး အလုပ်လုပ်မှာပါ၊ ငါ တစ်ယောက်တော့ ခေါ်ချင်တယ်"

"ဘယ်သူလဲ"

"အဘမှင် ကိုလေ"



"ဦးဘမှင်က အသက်ကြီးလို့ အလုပ်က အနားပေးထားတာ မဟုတ်လား"

"ဟုတ်တယ်၊ ထွန်းဖေ ကတုံးကတိုက်လုပ်လို့ အလုပ်က အနားပေးထားတာ၊ ဒါပေမယ့် ဒီရွာမှာ အဘမှင်လောက် အတွေ့အကြုံများတဲ့သူ တစ်ယောက်မှမရှိသေးဘူး၊ သူအများကြီး အလုပ်လုပ်နိုင်သေးတယ်"

"အေးပေါ့ကွာ၊ ခင်မလေးကိုပြောကြည့်ပေါ့၊ သူကလဲ သဘောတူမယ်၊ ဦးဘမှင်ကလဲလက်ခံမယ်ဆိုရင် တို့အတွက်ကတော့ အတိုင်းထက် အလွန်ပေါ့"

သူတို့စကားကောင်းနေကြစဉ် အခြားလုပ်ဖော်ကိုင်ဖက်များလည်း ရောက်လာကြပြီး နီမောင့်အတွက် ဝမ်းသာအားရစကားဆိုကြသည်။

ထိုအထဲတွင် 'ထွန်းဖေ'လည်း ပါလာသည်။

ထွန်းဖေသည် အသက်သုံးဆယ်ကျော်အရွယ်ရှိပြီး ပုလဲစခန်းဦးစီးတစ်ယောက်ဖြစ်သည်။ အသားညိုညို ထောင်ထောင်မောင်းမောင်းနှင့် အမြဲလိုအရက်မူးနေလေ့ရှိသည်။ ယခုရက်ပိုင်းသပိုင်းများတွင် ထွန်းဖေဦးစီးသော ပုလဲစခန်းများမှ ကုန်ပစ္စည်းအထွက်နည်းသွားပြီး စားစရိတ်ပင်အရှုံးပေါ်နေသဖြင့် ဦးခိုင်ဖုံတို့၏ ငြိုငြင်အပြစ်တင်မှုကိုခံနေရသည်။

"ဩော်...ကိုထွန်းဖေပါလား"

"မင်းသတင်းကြားပြီးပါပြီကွာ၊ ဦးစီးတစ်ယောက်ဖြစ်တယ်ဆိုတာ ကောင်းတော့ ကောင်းတာပေါ့၊ ဒါပေမယ့် တော်ရုံ

www.burmeseclassic.com



အရည်အချင်းနဲ့တော့ မလွယ်ဘူးကွ၊ ငါတို့တောင် အခုတလောမှာ ဘာမှလုပ်မရဘူးဖြစ်နေတယ်"

"ဒီလိုပဲ ကြိုးစားရမှာပေါ့ဗျာ"

"မလွယ်ပါဘူးကွာ၊ တို့လို ဝါရင့်ဦးစီးတွေတောင် ဘာမှ လုပ်မရတာ၊ မင်းတို့လိုလူသစ်ကလေးတွေဆိုရင်တော့ အတော် ခက်မယ်၊ အလုပ်ရှင်ဆိုတာ သူတို့အတွက် အကျိုးအမြတ်ရှိရင်သာ မျက်နှာသာပေးတတ်ကြတာ၊ အကျိုးအမြတ်မရရင် လူကိုလူလို မဆက်ဆံချင်ကြတော့ဘူး၊ တော်တော်အတွေ့ကြုံတဲ့သူတွေ... ထို့..."

ထွန်းဖေက မှုံမှုံရှုရှုနှင့်ပြောဆိုပြီး ဒယိမ်းဒယိုင်နှင့် ထွက်သွားလေသည်။

ထိုအခါမှ ငမဲအောင်က...

"ဟေ့ကောင် နီမောင်၊ မင်းကို ခင်မလေးခေါ်နေတယ်၊ သွားတွေ့လိုက်ဦး"

"အေး...အေး"

ထွန်းကျော်က ဆေးပေါ့လိပ်ဖွာရင်းမှ မျက်စတစ်ချက် ပစ်ပြသည်။ နီမောင်က မသိကျိုးကျွံပြုကာ ထွက်လာခဲ့သည်။

အိမ်ကြီးပေါ်ရောက်တော့ စာရင်းများ ရေးမှတ်နေသော ခင်မလေးကို တွေ့ရသည်။

နီမောင်က မလှမ်းမကမ်းမှာဝင်ထိုင်တော့ ခင်မလေးက တစ်ချက်မော့ကြည့်သည်။

"နင့်ကို ဒီအပတ်ကစပြီး ခါးပြတ်ကျွန်းပုလဲစခန်းရဲ့ ဦးစီးအဖြစ်ခန့်လိုက်တယ်၊ ဒီတစ်ပတ်ပြန်သွားရင် နင်စိတ်တိုင်းကျ လုပ်ပေတော့၊ အလုပ်သမားတွေကို ကြိုက်တဲ့လူခေါ်သွား၊ လိုအပ်တဲ့ စားနပ်ရိက္ခာနဲ့ ပစ္စည်းစာရင်းတွေ ငါ့ကိုစာရင်း ရေးတင်ပေး၊ နင်ဘယ်တော့ပြန်သွားမလဲ"



"တစ်ရက်နှစ်ရက်နေပြီး ပြန်သွားမယ်၊ လူဟောင်းတွေနဲ့ လူသစ်ထဲကတော့ ဦးဘမှင်တစ်ယောက်ကိုပဲ ထပ်ခေါ်သွား ချင်တယ်"

ခင်မလေးက အတန်ငယ်စဉ်းစားပြီး...

"အရင် အလုပ်ကထွက်သွားတဲ့ ဦးဘမှင်လား၊ နင်လဲ သဘောကျတယ်၊ သူကလဲလိုက်မယ်ဆိုရင် ထပ်ခေါ်သွား လေ..."

နီမောင်က ခေါင်းညိတ်ပြပြီး စခန်းအတွက်လိုအပ်သော ရိက္ခာ၊ ဆေးဝါးပစ္စည်းနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ရေးပေးသည်။ ထို့နောက် မိမိခေါ်သွားမည့်အလုပ်သမားများရဲ့ အမည်စာရင်းကိုပါ ထစ်ခါတည်း ရေးတင်ပေးလိုက်သည်။

"နီမောင်"

"ဟင်"

"နင့်ကို ဒီလကစပြီး ဦးစီးလစာရမယ်၊ နင့်လစာငွေကို ကြိုထုတ်မလား"

နီမောင် ခေါင်းခါပြလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ငါ့လစာငွေက နောက်လအတွက် ကြိုထုတ်ထားပြီးလို့ ထုတ်စရာမကျန်တော့လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ခင်မလေး ပြုံးလိုက်သည်။

ထိုစကားမျိုးကို နီမောင့်ဆီမှ ကြားရလိမ့်မည်ဟု မျှော်လ
ထားပြီးသား။

နီမောင်က လူတစ်မျိုး။

အပိုစကားဆိုလျှင် ဘယ်တော့မှမပြော...။

ခင်မလေးက အံဆွဲထဲမှ အသင့်ထုပ်ထားသော အထု
တစ်ထုပ်ကို ကမ်းပေးသည်။

"ရော့...ဒါက နင့်အတွက် သီးသန့်ပေးတဲ့လက်ဆော
ပြီးခဲ့တဲ့အပတ်က နင်တို့စခန်းကရတဲ့ပစ္စည်းတွေ ဈေးကော
ရလိုက်လို့ အဖေကပေးခိုင်းတာ...ရော့"

နီမောင်က ခင်မလေးထံမှ အထုပ်ကိုလှမ်းယူရင်း...

"ကျေးဇူးတင်ပါတယ်၊ ငါ့ကိုပေးအပ်တဲ့တာဝန်ကို အသ
နဲ့လဲပြီး ကျေပွန်အောင်ဆောင်ရွက်ပါ့မယ်၊ ကဲ...ငါသွားတော
မယ်၊ ဘာမှာဦးမလဲ"

ဟုဆိုကာ နေရာမှ ထသည်။

ခင်မလေးက နီမောင်ကိုတစ်ချက်မော့ကြည့်ပြီး အားန
စွာပြုံးပြကာ ခေါင်းခါပြလိုက်သည်။

ခင်မလေးမျက်ဝန်းနက်တွင် အသိရခက်ခဲသော အဓိပ္ပ
အချို့ကို သတိပြုမိသော်လည်း မသိကျိုးကျွံပြုကာ နီမော
အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

* * *

## အခန်း [ ၆ ]

ကိုဘဇံ ဆုံးပြီးကတည်းက ခါးပြတ်ကျွန်းပုလဲစခန်းကို
ပစ်ထားခဲ့တာကြာပြီ...။

သည်တစ်ပတ် သူတို့အဖွဲ့ ပြန်ရောက်လာကြတာ တက်ညီ
လက်ညီရှိကြသည်။

နီမောင်၊ သာကျော်၊ ထွန်းကျော်၊ ငမဲအောင် စသော
လူဟောင်းများအပြင် လူသစ်တစ်ယောက်နှစ်ယောက်လည်း
ပါလာကြသည်။

ထိုအထဲတွင် ဦးဘမှင်ပါလာသောကြောင့် ပို၍အားရှိစရာ
ဖြစ်တော့သည်။

ဦးဘမှင်သည် အသက်ငါးဆယ်ကျော်အရွယ်ရှိပြီး ပင်လယ်
အတွေ့အကြုံရင့်ကျက်သော ရေလုပ်သားကြီးတစ်ဦးဖြစ်သည်။
ယခင်က ထွန်းဖေလက်အောက်တွင် အလုပ်လုပ်နေရာမှ ထွန်းဖေ
ကတုံးကတိုက်ပြုလုပ်သဖြင့် အလုပ်မှအနားယူသွားခဲ့ခြင်း
ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမှ နီမောင်ခေါ်သဖြင့် ပြန်လိုက်လာခဲ့ခြင်းဖြစ်သည်။ ဦးဘမှင်ပါလာသဖြင့်တော့ အစစအရာရာ အားကိုးရသည်။ နီမောင်အနေဖြင့်လည်း သည်တစ်ပတ်လူအင်အားဖြည့်၍ ခေါ်လာခဲ့ခြင်းမှာ အကြောင်းရှိသည်။

ယခုတလော ခါးပြတ်ကျွန်းနှင့်အနီးတစ်ဝိုက်မှ ပုလဲစခန်းများတွင် အန္တရာယ်ဆိုးတစ်ခု ဝင်ရောက်နှောင့်ယှက်နေသဖြင့် အလုပ်သမားတိုင်း အထိတ်တလန့်ဖြစ်နေကြသည်။ နေ့တထိတ် ညတထိတ်ဖြစ်နေကြသည်။

ထိုအချိန်တွင် နီမောင်က အင်အားဖြည့်တင်း၍ ခါးပြတ်ကျွန်းသို့ တကျော့ပြန်ဝင်လာသည်။

ပုလဲစခန်းမှာ နီမောင်တို့ရှိစဉ်က သတ္တဝါတစ်ကောင် ဝင်ရောက်ဖျက်ဆီးခံရသည်ကတစ်ကြောင်း၊ ပစ်ထားတာကြာပြီ ဖြစ်သောကြောင့် ပျက်စီးယိုယွင်းလျက်ရှိသည်။

စခန်းရောက်သည်နှင့် ဦးဘမှင်က ပျက်စီးသွားသော နေရာများကိုကြည့်ပြီး ဤသို့မှတ်ချက်ချသည်။

"ဒါ...ရေသတ္တဝါတစ်ကောင်ရဲ့ လက်ချက်ဆိုတာ ကတော့ သေချာတယ်၊ ဒါပေမယ့် မိကျောင်းလို ငါးမန်းလို သတ္တဝါမျိုးတော့မဟုတ်ဘူး၊ တဲရဲ့အပေါ်ထုတ်တန်းတွေအထိ ဖျက်ဆီးနိုင်လောက်အောင်ကြီးတဲ့ ပင်လယ်မြွေကြီးလို သတ္တဝါမျိုးဖြစ်လိမ့်မယ်၊ တို့တစ်တွေ အစစအရာရာ သတိထား လုပ်ကိုင်ကြရလိမ့်မယ်၊ ဒီသတ္တဝါကြီးဟာ ဒီနားတစ်ဝိုက်မှ



ရှိနေတဲ့ပုံပေါ်တယ်၊ ဒီခါးပြတ်ကျွန်းတစ်ဝိုက်မှာ ထူးဆန်းတဲ့ သဲလွန်စတစ်ခုလဲ ရှိသေးတယ်"

"အဲဒါ ဘာလဲဘဘ"

"ဒီကျွန်းတစ်ဝိုက်မှာ အလွန်အဖိုးတန်တဲ့ ပုလဲနက်ကြီး တစ်လုံးရှိတယ်"

"ဟင်...ဟုတ်လား ဘဘ၊ ကျွန်တော်တို့ ကြားတော့ ကြားဖူးတယ်၊ သေသေချာချာတော့မသိဘူး၊ အဘသိရင်ပြောပြပါလား"

"တို့...လူရွယ်လောက်အချိန်က ပုလဲငုပ်သမား တစ်ယောက် ဒီကျွန်းနားက ပုလဲနက်ကြီးတစ်လုံး ရဖူးတယ်၊ အလုံးက အတော်ကြီးတယ်၊ ပန်းသီးလုံးလောက်ကိုရှိပြီး အကုန်လုံး နက်မှောင်နေတာပဲတဲ့"

"ဟင်"

အရည်အသွေးက ဘယ်လောက်ကောင်းသလဲဆိုရင် ရုတ်တရက်ကြည့်လိုက်ရင် အနက်ရည်တွေ ပျော်ကျနေသလား လို့တောင် ထင်ရတယ်"

"နောက်တော့ အဲဒီပုလဲနက်ကြီး ဘယ်ရောက်သွားသလဲ ဘဘ"

"ပုလဲနက်ကြီး ရလာပြီး သိပ်မကြာလိုက်ဘူး၊ အဲဒီစခန်းကို သတ္တဝါကြီးတစ်ကောင် ဝင်ဖျက်လိုက်တာ လူတွေလဲသေ၊ ပုလဲနက်ကြီးလဲ အဲဒီအချိန်ကစပြီး ပျောက်သွားတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် အခုတလော ပုလဲစခန်းတွေကို ဝင်မွှေနေတာလဲ ဒီသတ္တဝါကြီးလက်ချက်ပဲဖြစ်မှာပဲ"

"ဒါတော့ အသေအချာမပြောနိုင်ဘူး၊ ဒါပေမယ့် တစ်ခါတစ်ရံ ပင်လယ်ပြင်မှာ အနက်ရောင်တွေ သမ်းနေတတ်တယ်၊ အဲဒီအနက်ရောင်တွေသမ်းလာရင် မကြာခင်သတ္တဝါကြီး ရောက်လာတတ်တယ်"

"ဒီလိုဆိုရင် ပုလဲနက်ကြီးနဲ့ ဒီသတ္တဝါကြီးဟာ ဆက်စပ်မှုရှိနေမယ် ထင်တယ်"

"ဘာပဲဖြစ်ဖြစ် အဲဒီပုလဲနက်ကြီးကို ' ရလိုက်ရင်တော့ တို့တစ်တွေ ဒီတစ်သက် စားမကုန်မှာတော့ သေချာတယ်"

"အေးကွာ...အခုနေ ပုလဲနက်ကြီးကိုရှာတွေ့လိုက်ရင် သိပ်ကောင်းမှာပဲ"

"ပုလဲနက်ကြီး ရှာမတွေ့ဘဲ၊ သတ္တဝါကြီးနဲ့တွေ့မ မချမ်းသာဘဲ အသက်ပျောက်နေမယ်"

"ဟား...ဟား...ဟား...ဟား"

ထို့နောက် သူတို့အဖွဲ့သည် တက်ညီလက်ညီဖြင့် ပျက်စီးနေသော စခန်းကို အခိုင်အခံ့ပြန်လည်ပြင်ဆင်ကြသည်။

ထို့နောက် တာဝန်များကို အသီးသီးခွဲဝေ၍ ပုလဲငုပ်ကြရန် ပြင်ဆင်ကြသည်။

၎င်းတို့အဖွဲ့မှာ ဦးဘမှင်မှလွဲ၍ လူငယ်လူရွယ်တွေချည်း ဖြစ်ကြသဖြင့် ရေအောက်ကြည့် မျက်နှာဖုံးမှန်မှလွဲ၍ ရေငုပ်ကိရိယာ တစ်စုံတစ်ရာမပါဘဲ ရေအောက်တွင် အချိန်ကြာမြင့်စွာနေ၍ ပုလဲရှာဖွေနိုင်ကြသည်။



ရေအောက်ဆင်းသောအခါ မျက်နှာဖုံးစွပ်မှန်၊ ကမာကောင်ထည့်ရန် ခြင်း၊ ရူးချိတ်နှင့် ဓားတစ်လက်သာ ယူဆောင်သွားလေ့ရှိကြသည်။

စခန်းချပြီးသောအခါ အချို့က ပုလဲငုပ်၍ အချို့ကလှေဖြင့် ပင်လယ်ထွက်ကာ ငါးဖမ်းကြသည်။

ရရှိသောငါးများကို ငါးခြောက်ခွဲခြင်း၊ ဆားနယ်ခြင်း၊ ခြောက်ခြင်းများပြုလုပ်ထားသည်။

အချို့ငါးကြီးများမှ စည်ပေါင်းများနှင့် ငါးမန်းတောင်များကို သီးသန့်ထုတ်ယူထားသည်။

ရေအောက်မှ ငုပ်ယူရရှိသော ပုလဲများကိုတော့ စာရင်းရေးမှတ်၍ စနစ်တကျသိမ်းဆည်းထားသည်။

နီမောင်တို့ပြန်ရောက်လာပြီး မကြာမီမှာ ထွန်းဖေတို့အဖွဲ့အပါအဝင် အခြားအဖွဲ့များလည်း စခန်းသို့ ပြန်ရောက်လာကြပြီး အလုပ်ခွင်ဝင်နေကြပြီဖြစ်၏။

ရေအောက်၌ ပုလဲရှာဖွေရသောအလုပ်မှာ လွယ်ကူသော အလုပ်မဟုတ်ပေ။

အန္တရာယ်များကြားတွင် အသက်နှင့်ရင်း၍ စွန့်စားလုပ်ကိုင်ကြရသည်။

ရေအောက်တွင် ရေကြောင်း မှားခြင်း။

ရေမှော် ကျောက်မှော်များနှင့် ငြိခြင်း။

ရေကြောထိခြင်း၊ ရေအောက်တွင် ရေသတ္တဝါများနှင့် တွေ့ခြင်း၊ တိုက်ခိုက်မှုခံရခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ရေစူးနက်ရှိုင်းသောနေရာများတွင် ငုပ်ရင်း နား၊ နှာခေါင်း အတွင်းမှ သွေးများယိုစီးကျခြင်း စသောအန္တရာယ်များနှင့် ကြုံတွေ့နိုင်သည်။

ပုလဲဆိုသည်မှာ ကမာကောင်အတွင်းမှရသော အမြုတေ ရတနာတစ်မျိုးဖြစ်သည်။

ပုလဲရရှိသော ကမာကောင်ဆိုသည်မှာ ဘောင်းခရု အမျိုးအစားဖြစ်သည်။ ရေအောက်တွင် ဘောင်းခရုက ပါးစပ်ဟထားခိုက် ခဲလုံးကဲ့သို့ မာကျောသောအရာဝတ္ထုက ၎င်းပါးစပ်တွင်းသို့ တိုက်တိုက်ဆိုင်ဆိုင် ကျရောက်သွားသည်မှစ၍ ပုလဲအမြုတေ တည်ခြင်းဖြစ်သည်။

ကမာကောင်က ၎င်းပါးစပ်အတွင်းသို့ ခဲလုံးရောက်လာသည်နှင့် ၎င်း၏ ဟ,ထားသောပါးစပ်ကို ပိတ်လိုက်သည်။ ထို့နောက် မာကျောသောအရာကြောင့် ၎င်း၏အတွင်းသားများ မနာကျင်စေရန် ချွဲများဖြင့် လုံးပစ်လိုက်ရာမှ ကာလကြာသောအခါ မူလ ခဲလုံးသွင်ပြင် ပျောက်သွားပြီး ပုလဲအမြုတေဘဝ ရောက်ခဲ့တော့သည်။

ပုလဲအမြုတေနှစ်ခြမ်းခွဲမှု အတွင်းမှအရာဝတ္ထုကိုပင် တွေ့နိုင်ပေ၏။

ကမာကောင် အကြီးအသေးအလိုက် ပုလဲအမြုတေ အကြီးအသေးများ၊ အရောင်အမျိုးအစားကွဲပြားမှုများရှိသည်။ အချို့ပုလဲလုံးလေးများမှာ ဆီးကင်းခန့်သေးငယ်၍ အချို့မှာ ပန်းသီးလုံးခန့်ကြီးမားသည်ကိုတွေ့ရတတ်သည်။ အများအားဖြင့် ကမာကောင်၏အတွင်းသားအတိုင်း အဖြူရောင်သမ်းသော ပုလဲနှစ်ရောင်များကို ရရှိကြသည်။ ထိုအထဲမှာမှ အဝါရောင်သမ်းသော ပုလဲလုံးများနှင့် အနက်ရောင်ပုလဲလုံးများကို တစ်ခါတစ်ရံ ရှာဖွေရရှိတတ်သည်။ အခြားပုလဲများရရှိနိုင်ခြင်းထက် အနက်ရောင်ပုလဲများရရှိရန်ကား လွန်စွာမှ ရှားပါးကြလေသည်။



ထို့ပြင် ပုလဲနက်ရတနာကား သိဒ္ဓိဝင်ရတနာတစ်ပါးဖြစ်သောကြောင့် လွန်စွာမှ အဖိုးတန်လေသည်။

ယခုတလော ခါးပြတ်ကျွန်းတစ်ဝိုက်တွင် ပုလဲနက်သတင်းကား ပျံ့နှံ့လျက်ရှိသည်။

အဖွဲ့လိုက်သော်လည်းကောင်း။

တစ်ဦးချင်းတစ်ယောက်ချင်းသော်လည်းကောင်း ပုလဲနက်ကြီးနောက်သို့ လိုက်လံရှာဖွေကာ သဲလွန်စ ရှာဖွေလျက်ရှိကြသည်။

ထိုသို့ရှာဖွေကြရင်း ခါးပြတ်ကျွန်းတစ်ဝိုက်မှ ပုလဲရှာဖွေကြသူများအတွင်း ပုလဲနက်ကြီးရှိသည့်နေရာကို ရှာဖွေတွေ့ခဲ့သူတစ်ယောက် ရှိသည်ဟူသော သတင်းတစ်ခု ပျံ့နှံ့လာသည်။

ထိုသူကား အခြားသူမဟုတ်ပေ။

တလောက ခါးပြတ်ကျွန်း ပုလဲစခန်းတစ်ခုတွင် သတ္တဝါတစ်ကောင်၏လက်ချက်ဖြင့် ပျောက်ဆုံးသွားသော ကိုဘဖုံပင်ဖြစ်တော့သည်။

ကိုဘဖုံသည် ပုလဲရှာဖွေရင်း ပုလဲနက်ကြီးရှိသောနေရာဝန်းကျင်သို့ရောက်သွားပြီး တစ်စွန်းတစ်စသိခဲ့ရသည်။ ထိုသို့သိရပြီး မကြာမီမှာပင် သေဆုံးသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် သဲလွန်စ ပြတ်သွားခဲ့ရသည်။

သို့စေကာမူ . . .

ထိုနေရာတစ်ဝိုက်တွင် ပုလဲနက်ကြီးအမှန်တကယ်ရှိနိုင်သည်ဟူသော ယုံကြည်မှုဖြင့် ရှာဖွေသူများ အားတက်သရော ဖြစ်လာကြသည်။

ယခင်က ပုလဲငုပ်ခြင်းကို ဟုတ်တိပတ်တိမလုပ်ကြသော ထွန်းဖေတို့ပင် ယခုတလော ကြိုးစားပမ်းစားလုပ်ကိုင်နေကြသည်။

ဤသို့ဖြင့် . . .

ပုလဲနက်နောက် ခြေရာကောက်ကာ သဲကြီးမဲကြီးလိုက်ကြသူများအဖို့ အန္တရာယ်များနှင့် တစ်ခုပြီးတစ်ခု ကြုံတွေ့ကြရလေတော့သည်။

* * *

## အခန်း [ ၅ ]

ရာသီဥတု သာယာလျက်ရှိသည်။

လှိုင်းလေ ကင်းရှင်းနေသောကြောင့် ပင်လယ်ရေပြင်တစ်ဝိုက် ကြည်လင်လျက်ရှိနေသည်။

ရေအောက်၌ ပုလဲရှာသူများအဖို့ ပတ်ဝန်းကျင်တစ်ဝိုက်ကို ရှင်းလင်းစွာမြင်ရသဖြင့် သွားလာရှာဖွေရတာ လွယ်ကူနေသည်။ ကျောက်ဆောင်၊ ရေမှော်များကြား ကမာကောင်များကို အလွယ်တကူ ရှာနိုင်ကြသည်။

ထို့ပြင် အဝေးမှ ကူးခတ်လာသော ငါးမန်းကဲ့သို့ လူကို အန္တရာယ်ပြုတိုက်ခိုက်နိုင်သော သတ္တဝါများရန်မှလည်း ရှောင်တိမ်းနိုင်သည်။

နီမောင်သည် ချိုင့်တစ်ခုအတွင်းမှတွေ့ရသော ကမာကောင်အချို့ကို ပလိုင်းခြင်းထဲကောက်ထည့်ကာ ရှေ့သို့ ကူးခတ်လာသည်။

အတန်ကြာအောင် ကူးခတ်လာသောအခါ ကျောက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ခုကိုတွေ့ရသည်။ ထိုနေရာတစ်ဝိုက်တွင် မှော်ပင်များ၊ ကျောက်ခက်ပင်များက စိမ်းလန်းလျက်။

ရေအောက်တွင် လှုပ်ရှားသွားလာနေကြသော ငါးအုပ်ကြီးများကိုလည်း လှမ်းမြင်ရသည်။

နီမောင်ထိုနေရာသို့ ကူးခတ်လာပြီး ကျောက်ဆောင်တစ်ဝိုက်သို့ လှည့်ကြည့်သည်။

တစ်နေရာတွင် ဂူပေါက်ကြီးတစ်ပေါက်ကို တွေ့သည်။

ဂူပေါက်မှာ အတော်အတန်ကျယ်ဝန်းပြီး အတွင်းဘက်မှာ မှောင်မည်းနေသည်။ နီမောင်အတွင်းသို့ဝင်ကြည့်ရန် ဆန္ဒရှိသော်လည်း မိမိထံမှာ လက်နှိပ်မီးမပါလာသောကြောင့် နေရာကို မှတ်သားပြီး ရေပေါ်သို့ပြန်တက်ရန်ပြင်လိုက်စဉ်မှာ မမျှော်လင့်သော အန္တရာယ်တစ်ခုက ဝင်လာသည်။

ငါးမန်းဖြူ . . ။

သူ့ ခေါင်းပေါ်မှ 'ဟဲ' ခနဲဖြတ်ကူးသွားသည်။

ဒီအကောင်မျိုးက အနံ့ခံကောင်းသလောက် လှုပ်ရှားမှုက သွက်လက်လျင်မြန်သည်။

နီမောင် အခြေအနေကို ခဏစောင့်ကြည့်သည်။

သေမင်းတမန် ငါးမန်းဖြူ ကျောက်ဆောင်ကွေ့ ဝင်သွားတော့မှ သူ ရေပေါ်သို့ ထိုးတက်လိုက်သည်။ နောက် ပလိုင်းခြင်းထဲတွင် ကမာကောင်များက အပြည့်ပါလာသောကြောင့် လျင်လျင်မြန်မြန် တက်၍မရပေ။

ရေပေါ်ရောက်ကာနီး ကျောက်စွယ်တစ်ခုအနီးသို့ ရောက်



သောအခါ နောက်ဘက်မှ မည်းမည်းသဏ္ဍာန်တစ်ခု တိုးဝင်လာသည်ကိုတွေ့လိုက်သဖြင့် ကိုယ်ကို တစ်ပတ်လှည့်လိုက်ပြီး ခါးမှဓားကို ဆွဲထုတ်လိုက်သည်။

နောက်ဘက်မှ အလစ်ချောင်းဝင်လာသော ငါးမန်းက နီမောင်ကို ပြေးကိုက်သည်။

နီမောင် လွတ်အောင်ရှောင်ပြီး ကျောက်ဆောင်ကွယ်သို့ ပြေးကပ်သည်။

ငါးမန်းက ပျောက်ကွယ်သွားပြန်သည်။

အချိန်က သိပ်မရတော့။

ရေအောက်တွင်နေတာ အချိန်ကြာသွားပြီဖြစ်သောကြောင့် အသက်ရှူရန်အတွက် ရေပေါ်သို့ အမြန်တက်မှဖြစ်တော့မည်။ သို့ကြောင့် အခြေအနေကိုကြည့်ပြီး သတိဖြင့် ရေပေါ်သို့ ဆက်တက်သည်။

ရေပေါ်ရောက်သည်အထိ အနှောင့်အယှက်တစ်စုံတစ်ရာ မတွေ့ရသဖြင့် စိတ်အေးမည်ကြံကာရှိသေး၊ နောက်က ငါးမန်းက လိုက်လာသည်။

နီမောင် ဓားကိုကိုင်ပြီး စောင့်နေလိုက်သည်။

အနီးရောက်သောအခါ ငါးမန်းက နီမောင့်ကို ဝင်ကိုက်သည်။ လွတ်အောင်ရှောင်လိုက်ပြီး လက်ထဲမှဓားဖြင့် ငါးမန်းကို ထိုးခွဲလိုက်သည်။

ရေလှိုင်းကြီးများ ထ,သွားပြီး ပတ်ဝန်းကျင်တစ်ဝိုက် သွေးညှီနံ့များ လွှမ်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကပင် နီမောင့်အတွက် မကောင်း။

ငါးမန်းပေါသော ပင်လယ်ပြင်တွင် သွေးညှီနံ့သည် အန္တရာယ်ကိုဖိတ်ခေါ်သည်နှင့်တူပြီး မိမိရှိရာသို့ သေမင်းတမန် ငါးမန်းများ ဝိုင်းလာတော့မည်ကို အတွေ့အကြုံအရ သိလိုက်သောကြောင့် ကမ်းစပ်သို့ရောက်ရန် ကြိုးစားကူးခဲ့သည်။

သို့သော် . . .

ကမာကောင်များထည့်ထားသော ခြင်းအလေးချိန်ကြောင့် ထင်သလောက် ခရီးမတွင်လှပေ။

ထိုအချိန်မှာပင် ပင်လယ်မျက်နှာပြင်ပေါ်တွင် ရွက်လှေများ ချဉ်းကပ်လာသည့်နှယ် ငါးမန်းများရောက်လာတော့သည်။

ငါးမန်းဟူသောသတ္တဝါမျိုးမှာ အမြင်အာရုံနည်းသလောက်၊ အကြားအာရုံနှင့် အနံ့ခံအာရုံကောင်းလှသည်။ သွေးညှီနံ့ရလို့ကတော့ ဘယ်လောက်ဝေးသည့်နေရာမှမဆို ရောက်လာလေ့ရှိသည်။

နီမောင် ကမ်းခြေသို့ရောက်အောင်ကူးခတ်သော်လည်း ကမ်းခြေက အတန်ငယ်ဝေးနေသေးသည်။

မကြာမီ နီမောင့်အနောက်ဘက်နားဆီမှ ရေလှိုင်းထသံကြီးများ တဝုန်းဝုန်း ထလာလေသည်။

ဒဏ်ရာရနေသော ငါးမန်းဖြူကြီးအား ဝိုင်းဝန်းကိုက်စားသောက်နေကြသောအသံဖြစ်သည်။

ငါးမန်းသည် သွေးညှီနံ့ရလို့ကတော့ ဓာတ်တူသားချေ



ဘာရောမရှောင်ဘဲ တရကြမ်းတိုက်ခိုက်လေ့ရှိရာ မကြာမီ မိမိနောက်သို့ အုပ်စုလိုက် ဝိုင်းလိုက်လာကြတော့မည်။

သို့သော် . . .

ယခုအခြေအနေကျမှတော့ မတတ်နိုင်တော့။

နောက်ဘက်မှ တဝုန်းဝုန်းအသံများ ငြိမ်သွားသောအခါ သွေးဆာနေသော ငါးမန်းအုပ်ကြီး နီမောင့်နောက် ဝိုင်းလိုက်လာတော့သည်။

နီမောင် ဘယ်လိုမှ မတတ်နိုင်တော့။

နောက်မှလိုက်လာသော ငါးမန်းအုပ်က နီးသထက်နီးလာလေပြီ။

ထိုအခိုက်မှာပင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုပေါ်လာသည်။

နီမောင့်နောက်သို့ သဲကြီးမဲကြီး ဝိုင်းလိုက်လာသော ငါးမန်းအုပ်အတွင်းသို့ သတ္တဝါကြီးတစ်ကောင် ရောက်လာပြီး ငါးမန်းများအား တစ်ကောင်ပြီးတစ်ကောင် လိုက်လံကိုက်သတ်နေတော့သည်။

တဝုန်းဝုန်းဖြင့် အသံများကြားရသဖြင့် နီမောင်လှည့်ကြည့်လိုက်တော့ မည်းမည်းသဏ္ဌာန်ကြီးတစ်ခုကိုသာ မသဲမကွဲမြင်လိုက်ရပြီး မည်သည့်သတ္တဝါကြီးဖြစ်မည်ကို မသဲကွဲလိုက်ပေ။

ခဏအတောအတွင်းမှာပင် စောစောက ရေပြင်ပေါ်၌ ရွက်လှေငယ်များသဖွယ် တွေ့နေရသော ငါးမန်းများ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြတော့သည်။

www.burmeseclassic.com



ရေအောက်မှသတ္တဝါကြီးသည် မည်သို့သောသတ္တဝါမျိုးဖြစ်စေ…၊ လောလောဆယ်အခြေအနေမှာတော့ နီမောင့်အတွက် အသက်သခင် ကျေးဇူးရှင်ဖြစ်တော့သည်။

မကြာမီ အန္တရာယ်ကင်းစွာဖြင့် နီမောင်ကမ်းခြေသို့ ပြန်ရောက်လာသည်။

နောက်လှည့်ကြည့်လိုက်တော့ စောစောက ငရဲပွက်သံအလား ဆူညံလှုပ်ရှားလျက်ရှိသော ပင်လယ်ရေမျက်နှာပြင်တစ်ဝိုက်မှာ သင်ဖြူးခင်းထားသည့်နှယ် ပြန့်ပြူးငြိမ်သက်လျက်။

* * *

## အခန်း [ ၈ ]

"နီမောင်"

"ဟင်"

"ငါ မနေ့က ပုလဲရှာရင်း ထွန်းဖေတို့စခန်းဘက်ရောက်သွားတော့ ထူးခြားတာတစ်ခု တွေ့ခဲ့ရတယ်"

"ဘယ်လို ထူးခြားချက်လဲ ကိုထွန်းကျော်"

"သူတို့စခန်းမှာ နောက်ထပ် စက်လှေတစ်စင်းကပ်ထားတာ တွေ့ခဲ့ရတယ်"

"ဘယ်က စက်လှေလဲ"

"အဲဒါတော့ ငါသေသေချာချာမသိဘူး၊ အဝေးကလှမ်းကြည့်ရတော့ သိပ်မသဲကွဲလှဘူး၊ ဒါပေမယ့် အဲဒီစက်လှေကိုတော့ ငါမြင်ဖူး သလိုရှိတယ်"

"ညှော်သည်စက်လှေလဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါထက် အဘမှင် ဒီတစ်ပတ် ကျွန်တော်တို့စခန်း အခြေအနေ ဘယ်လိုရှိသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အထိအမိ ကောင်းပါတယ်ကွ နီမောင်ရ၊ အခုတော် တို့စခန်းမှာ ငါးဖမ်းစက်လှေကဖမ်းမိထားတဲ့ ငါးပုစွန်တွေ နည်းတော့တာမှ မဟုတ်တာ၊ ပုလဲတွေလဲ အတော်စုမိနေပြီ မင်းကတော့ ဒီတစ်ပတ်ပြန်သွားရင် ယောက္ခမလောင်းကြီးဆီက မျက်နှာကောင်းရမှာ သေချာတယ်"

"အဘမှင်ကလဲဗျာ...ပြောရော့မယ်"

"ငါက အကောင်းပြောတာပါကွာ၊ မင်းအခုသာအလုပ် သမားဖြစ်နေပေမယ့် တစ်ချိန်ကြရင် ပိုင်ရှင်ဖြစ်ချင်ဖြစ်လာနိုင် တာပေါ့"

"ဟာဗျာ...အဘကလဲအသက်ကြီးမှ တယ်လဲစိတ်ကူ ယဉ်နေတာကိုး၊ ပြောမယ့်သာပြောနေကြတာပါ၊ အခြေအနေ ချင်းက တခြားစီပါ၊ ကဗျာဆန်ဆန်ပြောရရင် သူက ကောင်းက က လ,နဲ့တူပြီး ကျွန်တော့်ဘဝက ပင်လယ် ရေ,ပါ"

"အေး...ဒါပေမယ့် ကောင်းကင်မှာနေတဲ့ နေပဲဖြစ်ဖြစ် လပဲဖြစ်ဖြစ်၊ ပင်လယ်ရေမျက်နှာပြင်ပေါ် ရောက်ရတာချည်း မဟုတ်လား နီမောင်ရ"

"အဘမှင်ကတော့ဟော့...အသက်ကြီးပေမယ့် အတွေ အခေါ်တွေက မပျက်စီးသေးဘူးဟ"

ထွန်းကျော်က တဟားဟားသဘောကျရင်း ဝင်ပြောသည်။

ထိုသို့စကားကောင်းနေကြစဉ် ပင်လယ်ဘက်မှမောင်း သော စက်လှေတစ်စင်း၏ စက်သံကိုကြားရသဖြင့် လှမ်း ကြသည်။



စက်လှေတစ်စင်း သူတို့စခန်းဆီသို့ ဦးတည်မောင်းလာသည်။

မကြာမီ တံတားထိပ်သို့ ဆိုက်ကပ်လာပြီး စက်လှေပေါ်မှ လူသုံးယောက် တံတားပေါ်တက်လာသည်။

"ဒါ...ကိုနီမောင်တို့ စခန်းမဟုတ်လားဗျ"

"ဟုတ်ပါတယ်...ကျွန်တော် နီမောင်ပါ၊ ဘယ်ကလာကြတာလဲ"

"ကျွန်တော်တို့ ရန်ကုန်ဘက်က လာကြတာပါပဲ"

"ကဲ...တဲအတွင်း ဝင်ကြဦးဗျာ"

မျက်နှာစိမ်းသုံးယောက်က တဲအတွင်းဝင်လာကြသည်။

အတွင်းသို့ရောက်သောအခါ ငါးများထည့်ထားသော သေတ္တာများ၊ ငါးခြောက်များ၊ ကမာကောင်များကို အများ အပြားတွေ့ရသောအခါ အံ့သြနေကြသည်။

"ပစ္စည်းတွေ အတော်ရထားပါလား"

ရှေ့မှ တက်လာသူက တဲအတွင်း မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်း တအံ့တသြပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ဒီတစ်ပတ် မိုးလေဝသအခြေအနေ ကောင်းလို့ အဆင်ပြေပါတယ်၊ ဒါထက် ဘာကိစ္စအတွက်နဲ့ လာခဲ့ကြတာလဲ"

"သြော်...ဒီလိုပါ၊ ကျွန်တော်တို့က ရန်ကုန်ငါးစည်ပိုင်က ကုန်သည်တွေပါ၊ ကိုနီမောင်တို့နဲ့ အဆက်အသွယ်လာလုပ် တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို အဆက်အသွယ်မျိုးပါလိမ့်"

"ကိုနီမောင်တို့ဆီက ကုန်ပစ္စည်းများ ဝယ်လို့ရမလား လို့ပါ"

နီမောင် အံ့သြသွားသည်။

မိမိထံမှ ကုန်ပစ္စည်းဝယ်လို့ရတယ်လို့ ဘယ်သူကများ လမ်းညွှန်ပေးလိုက်ပါလိမ့်ဟု တွေးနေသည်။

"ကျွန်တော်တို့ဆီမှာ ကုန်ပစ္စည်းရောင်းဖို့မရှိပါဘူး နောက်ပြီး ကျွန်တော်တို့က ပိုင်ရှင်တွေမဟုတ်ဘူး၊ အလုပ်သမား တွေဆိုတော့ ရောင်းပိုင်ခွင့်လဲမရှိပါဘူး"

"ဟုတ်ပါတယ်၊ ကိုနီမောင်ပြောတာမှန်ပါတယ်၊ အ လောလောဆယ်အခြေအနေမှာတော့ ဒီစခန်းရဲ့လုပ်ပိုင်ခွင့်မှန်သမျှ ကိုနီမောင့် လက်ထဲမှာရှိပါတယ်၊ ဘယ်ပစ္စည်းမဆို သွန်လိုသွန် မှောက်လိုမှောက်၊ ရောင်းလိုရောင်း လုပ်ပိုင်ခွင့်ရှိပါတယ်"

နီမောင့်ရင်ထဲမှာ တင်းခနဲဖြစ်သွားသည်။

လူစိမ်းများရဲ့စကားက မိမိအား အကြောင်းမဲ့လာရော စော်ကားနေသည်ဟု ထင်လာမိသည်။

"ကျွန်တော် အဲဒီအလုပ်မျိုးတွေမလုပ်ပါဘူး၊ ကိုယ့် ယုံကြည်စိတ်ချလို့ ပုံအပ်ထားတာကို သစ္စာမဲ့တဲ့အလုပ် ကျွန်တော် မလုပ်ပါဘူး၊ ပစ္စည်းရောင်းဖို့လဲ မရှိပါဘူး"

နီမောင်အပြတ်ပြောလိုက်သောကြောင့် မျက်စိမျက် ပျက်စွာဖြင့် ပြန်သွားကြသည်။



သူတို့စက်လှေ ကမ်းမှခွာသွားတော့မှ ထွန်းကျော်က ...

"ထွန်းဖေတို့ဆိပ်ကမ်းမှာတွေ့ခဲ့တာ အဲဒီစက်လှေပဲလို့ ငါထင်တယ်၊ မဟုတ်မှလွဲရော ထွန်းဖေတို့ ကုန်ပစ္စည်းတွေကို ထုတ်ရောင်းနေတာဖြစ်မယ်"

ထိုသို့ မှတ်ချက်ချသည်။

"ဒီလိုလဲဟုတ်ချင်မှ ဟုတ်မှာပါ၊ ဒီကောင်တွေက အချောင် ရမလားဆိုပြီး စခန်းတွေကိုလိုက်ပြီး ဝယ်နေတာလဲဖြစ်ချင် ဖြစ်မှာပေါ့၊ ကဲ...မိုးချုပ်တော့မယ်၊ သာကျော်ချက်ထားတဲ့ ငါးဒန်ခေါင်းချဉ်ရေဟင်းနဲ့ ထမင်းစားလိုက်ကြရအောင်"

သူတို့အဖွဲ့ ထမင်းစားနေကြစဉ် ပင်လယ်ပြင်တစ်ဝိုက် အမှောင်ရိပ်က ဖုံးလွှမ်းသွားသည်။

မိုးလေဝသကင်းရှင်းနေသောကြောင့် အရှေ့ဘက် ကောင်းကင်ထက်မှ တစွန်းတစထွက်လာသော လရောင်သည် ပင်လယ်မျက်နှာပြင်ပေါ်တွင် တဖျပ်ဖျပ်လှုပ်ရှားလျက်ရှိသည်။ လေတိုက်တိုင်း လှိုင်းကြက်ခွပ်ကလေးများ ထနေပုံမှာ ကြည့်၍ ကောင်းလှသည်။

နီမောင်တို့အဖွဲ့သည် ညစာစားပြီးသည်နှင့် ငါးစင်ပေါ်သို့ တက်ကာ ရေနွေးကြမ်း၊ ဆေးလိပ်များဖြင့် အနားယူနေကြသည်။

"ဟာ...အဘမှင်ပြောတာ မှန်တယ်ဟေ့၊ ကောင်းကင်က လရောင် ပင်လယ်ပြင်ပေါ်ရောက်နေတာ ဘယ်လောက် လှသလဲ ကြည့်ကြစမ်းဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ငမဲအောင် အော်လိုက်သံကြောင့် ကျန်သူများက နီမောင်ကို ပြုံးစေ့စေ့ဖြင့် ကြည့်လိုက်ကြသည်။

ထိုအချိန်တွင် လေတစ်ချက်ဝေ့တိုက်လာပြီး တိမ်တိုက်များ ကွဲထွက်လာသဖြင့် ပတ်ဝန်းကျင်တစ်ဝိုက် အလင်းရောင်အား နည်းသွားပြီး မှုန်မှုန်မှိုင်းမှိုင်းဖြစ်သွားသည်။

နီမောင်တို့ စခန်းချရာတဲ၏ အရှေ့ဘက်တောင်ကုန်း ထိပ်တွင် စေတီဟောင်းတစ်ဆူရှိသည်။

ဘုရားဒါယကာ ဘယ်သူဘယ်ဝါဖြစ်မှန်း၊ မည်သည့်ခေတ် အခါကတည်းက တည်ထားမှန်း မည်သူမှ တိတိကျကျမပြော နိုင်သော်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနေမှန်းတော့ အားလုံးသိကြသည်။

စေတီတော်မှာ ခါးပြတ်ကျွန်းအငူတောင်ကုန်းထိပ်၌ တည် ထားပြီး ဉာဏ်တော် (၉)တောင်ခန့်အမြင့်ရှိသည်။

ယခင်က ထုံးသင်္ကန်းဖွေးဖွေးရှိခဲ့ဟန်တူသော်လည်း ယခု တော့ မိုးဒဏ်လေဒဏ်ကြောင့် ရေညှိရောင်များသမ်းနေပြီဖြစ်၏။

နီမောင် မှုန်ပျပျမြင်ရသော စေတီတော်ရှိရာသို့ မျှော်ကြည့် ရင်း တစ်နေ့က ရေအောက်တွင် ဂူပေါက်ကြီးတွေ့ခဲ့သောနေရာမှာ ထိုစေတီတော် အောက်ဘက်နားလောက်တွင် ဖြစ်လိမ့်မည်ဟု ခန့်မှန်းကြည့်သည်။

ထိုအချိန်မှာပင် စေတီတော်ဘက်မှ လှိုင်းထန်သံကြီးများမှ



ချုန်းသံ၊ အမြောက်ပစ်သံကြီးများကဲ့သို့ 'တဝုန်းဝုန်း' ပေါ်လာသံ ကိုကြားရသည်။

"ဘာသံတွေလဲ နီမောင်"

"မသိဘူး၊ အဲဒီအသံတွေကြားလာရရင် အန္တရာယ်ပေး တတ်တဲ့ သတ္တဝါကြီး ရောက်ရောက်လာတယ်လို့တော့ ပြောသံ ကြားရတယ်"

"ဒီအသံဟာ ဘုရားဘက်ဆီက မဟုတ်လား"

"အေး...ဟုတ်တယ်၊ ကောင်းကင်ပေါ်မှာ အနက်ရောင် အလင်းတန်းတွေ ထိုးတက်လာပါလား၊ ကြည့်လိုက်စမ်းပေ့ါ"

နီမောင်ပြောသံကြောင့် လှိုင်းပေါက်သံကြားရာ ဘုရား ဘက်သို့ကြည့်လိုက်ကြတော့ ကောင်းကင်ပြင်တစ်ခွင်လုံး အမည်း ရောင်အလင်းတန်းများ ဟိုမှသည်မှ ကူးလူးလှုပ်ရှားနေသည်ကို လှမ်းမြင်ရသည်။

"စေတီတော်ကများ ရောင်ခြည်ကွန့်မြူးနေတာလား၊ ဘမှင် မြင်ရတယ်မဟုတ်လား၊ ကြည့်ပါဦး"

ဦးဘမှင်က သိဝေစပြုနေသောမျက်လုံးများဖြင့် လှမ်းကြည့် င်း ၎င်း၏မျက်နှာပေါ်တွင် ကျေနပ်မှုပီတိများ ယှက်သမ်းလာ သည်။

ထို့နောက် မှတ်ချက်တစ်ခုချသည်။

"တို့ရှာနေတဲ့ ပုလဲနက်ကြီးကို တွေ့ဖို့ လမ်းစတွေ့ပြီ င်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဟုတ်ရဲ့လားအဘ၊ ဘာဖြစ်လို့လဲ ပြောပြပါဦး"

"ငါ့အထင်တော့ ပုလဲနက်ကြီးနဲ့ လူ သားစားသတ္တဝါကြီးဟာ ဆက်စပ်မှုရှိနေတယ်ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ ပုလဲနက်ကြီး ရှာနေတဲ့နေရာကို လမ်းစတွေ့တဲ့လူမှန်သမျှ သတ္တဝါကြီး တိုက်ခိုက်ခံရတာများတယ်"

"ဟုတ်တော့ ဟုတ်တယ်"

"နောက်ပြီး သတ္တဝါကြီးဟာ ဒီနားတစ်ဝိုက်မှာရှိသလို၊ ပုလဲနက်ကြီးဟာလဲ ဒီနားတစ်ဝိုက်မှာပဲရှိနေလိမ့်မယ်"

"ဘာကြောင့်လဲ အဘ"

"ဘာကြောင့်လဲဆိုတော့ သတ္တဝါကြီးဟာ ဒီအနီးတစ်ဝိုက်က စခန်းတွေကို မကြာခဏဝင်ရောက်တိုက်ခိုက်တတ်သလို စောစောက တွေ့လိုက်ရတဲ့ အနက်ရောင်အလင်းတန်းတွေကလဲ ပုလဲနက်ကြီးဆီက ဖြာထွက်လာတဲ့ အလင်းရောင်တွေလို့ ငါထင်တယ်"

"ဝမ်းသာစရာပေါ့အဘရယ် . . .၊ ပုလဲနက်ကြီးသာ ရလိုက်လို့ကတော့ ဒီတစ်သက်ချမ်းသာပြီဗျ"

"အေး . . . ဟုတ်တယ်၊ ပုလဲနက်ကြီးကိုရရင် ဒီတစ်သက်ချမ်းသာနိုင်သလို၊ သတ္တဝါကြီးနဲ့တွေ့ရင်လဲ ဒီတစ်ဘဝချုပ်ငြိမ်းသွားနိုင်တယ်ဆိုတာလဲ သတိရဦး"

"ဟုတ်တယ် အဘရေ . . .၊ သတ္တဝါကြီးက ဝင်လာလိုက်ရင် အားလုံး အစပြတ်ချည်းပဲဗျ"



"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ . . . တို့တစ်တွေ ညောင်သီးလဲစား၊ လေးညို့သံလဲနားထောင်ဆိုသလို ကိုယ့်အလုပ်လဲကိုယ်လုပ်၊ ပုလဲနက်ကြီးကိုလဲရှာ၊ ဘေးရန်တွေကိုလဲ သတိထားရမှာပေါ့၊ ကိုင်း . . . ညဥ့်နက်ပြီ အိပ်ကြစို့ရဲ့"

သူတို့တစ်တွေ အိပ်ရာဝင်ကာနီး စေတီတော်ရှိရာဘက် မျှော်ကြည့်လိုက်တော့ ဆူညံသံများလည်း တိတ်သွားကာ အနက်ရောင် အလင်းတန်းများလည်း ပျောက်သွားပြီဖြစ်၏။

ထိုအချိန်တွင် ကြည်လင်စပြုလာသော ကောင်းကင်ပြင်တွင် လရောင်က တစွန်းတစပြန်လည် ပေါ်ထွက်လာပေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၉ ]

နေ့လယ်ဘက် အလုပ်နားသောတစ်နေ့ဝယ် နီမောင် ဘုရားဘက်သို့သွားကြည့်ရန် စိတ်ကူးရသည်။

ကျန်သူများ နေ့လယ်ဘက်တွင် တရေးတမောအိပ်နေကြစဉ် သောင်စပ်တွင်တစ်ယောက်တည်း သိုင်းလေ့ကျင့်နေသော ငမဲအောင်ကို အဖော်ခေါ်လာခဲ့သည်။

ကိုယ့်စိတ်ကူးနဲ့ကိုယ်မို့ ငါးခြောက်ခွဲစဉ်ကဖြတ်ထားသော ငါးခေါင်းအချို့ကို သယ်ယူလာသည်။

"အဲဒါတွေက ဘာလုပ်ဖို့လဲ"

"ငါ စိတ်ကူးမိတာတစ်ခုရှိလို့ပါ"

တစ်ယောက်ကို ငါးခေါင်းလေးငါးလုံးစီယူ၍ ဘုရားကုန်းပေါ်သို့ တက်လာကြသည်။

စေတီရှိရာတောင်ကုန်းမှာ သူတို့စခန်းနှင့်အတန်ငယ်ဝေးသည်။ သောင်ပြင်များ၊ အုန်းတောများ၊ ကျောက်တုံးကျောက်ခဲများ၊ တောင်ကုန်းများကို ဖြတ်ကျော်လာရသည်။



ဘုရားရှိသောနေရာမှာ တောင်ကုန်းအထက် အတော်မြင့်သောနေရာတွင်ရှိသည်။

အရင်က ၎င်းဘုရားရှိသော တောင်ကုန်းပေါ်သို့ တစ်ခေါက်မှ မရောက်ဖူးခဲ့ပေ။

ဘုရားရှိမှန်းသိသော်လည်း ကိုယ့်အလုပ်နှင့်ကိုယ် မအားလပ်သောကြောင့် မရောက်ဖြစ်ခဲ့ခြင်းဖြစ်၏။

တောင်ကုန်းမှာ တဖြည်းဖြည်းမြင့်တက်လာပြီး အပေါ်သို့ ကျောက်တုံးများကို နင်းတက်ရသည်။

တောင်ကုန်းထိပ်မှာ အတော်အတန် ကျယ်ဝန်းသည်။

ထိုအပေါ်တွင် စေတီတည်ထားခြင်းဖြစ်သည်။

အောက်တွင် ကျောက်သားရင်ပြင်ခံ၍ အပေါ်မှာ ဉာဏ်တော်(၉)တောင်ခန့်စေတီတည်ထားသည်။ ထီးတော်မှာလည်း ကျောက်ထီးဖြစ်ပြီး လေဒဏ်မိုးဒဏ်ကြောင့် မြောက်ဘက်သို့ တိမ်းစောင်းနေသည်။

ယခင်ကတုံးသင်္ကန်းသုတ်ထားဟန်ရှိသော်လည်း ယခုတော့ ရေညှိများ အလိမ်းလိမ်းကပ်ကာ အစိမ်းရောင်သမ်းလျက်။

စေတီရှိရာ တောင်ကုန်းပေါ်မှကြည့်လျှင် နီမောင်တို့စခန်းများ၊ အခြားစခန်းများနှင့် ပင်လယ်ပြင်ကြီးကို တမျှော်တခေါ်မြင်ရသည်။

၎င်းတောင်ကုန်းမှာ ပင်လယ်ဘက်သို့ ထိုးထွက်နေသော တောင်ကုန်းဖြစ်ပြီး အောက်ဘက်တွင် ရေပြင်ကျယ်ကြီးရှိသည်။

"ဒီနေရာကို ငါတလောကရောက်တယ်၊ ကမ်းကောင်တွေ

www.burmeseclassic.com

www.burmeseclassic.com



အများကြီးတွေ့ခဲ့ရတယ်၊ နောက်ထူးဆန်းတာတစ်ခုလဲ ရှိသေးတယ်"

"ဘာလဲကွ"

"ဒီအောက်ဘက်မှာ လိုဏ်ခေါင်းကြီးတစ်ခုလဲရှိတယ်၊ ဘယ်လောက်ရှည်သလဲတော့ မသိဘူး၊ ငါဝင်ကြည့်ချင်လို့ မင်းကို အဖော်ခေါ်လာတာ"

ငမဲအောင်က စိတ်ဝင်စားသွားသည်။

"အထဲကို မြင်ရသလား"

"နည်းနည်းတော့ မှောင်နေတယ်"

"လက်နှိပ်ဓာတ်မီး ယူလာရင်ကောင်းမှာ"

"မပူနဲ့ ငါ့မှာ တစ်လက်ပါလာတယ်"

နီမောင်က အသင့်ဆောင်ယူလာသော ရေအောက်သုံးဓာတ်မီးကိုပြသည်။

"ဒါဖြင့်လဲ မင်းသဘောပဲလေ၊ အတွင်းမှာ ဘာမှမတွေ့ရတော့လဲ ပုလဲငုပ်ပြီး ပြန်ကြတာပေါ့"

ငမဲအောင်က ငါးမရ ရေချိုးပြန်မည့်ပုံမျိုး။

နှစ်ယောက်သား အင်္ကျီများကိုချွတ်ပုံပြီး ဘောင်းဘီဒွန်ခြင်းတစ်လုံး၊ ဓားတစ်လက်စီဆောင်ယူကာ တောင်ကုန်းပေါ်မှ ရေအောက်သို့ထိုးချလိုက်ကြသည်။

တောင်ကုန်းမှာ အတော်မြင့်သောကြောင့် အရှိန်ဖြင့် ရေအောက်အတော်နက်သောနေရာအထိ ရောက်သွားကြသည်။

ထို့နောက်နှစ်ယောက်သား ဂူပေါက်ဝမှ အတွင်းသို့ဝင်ခဲ့



ကြသည်။ နီမောင့်ထံတွင် လက်နှိပ်ဓာတ်မီးတစ်လက်ပါသောကြောင့် အတွင်းပိုင်းသို့ အခက်အခဲမရှိ ဝင်နိုင်ကြသည်။

ဂူမှာ အတွင်းပိုင်း အတော်ကျယ်ဝန်းသည်။

အထဲသို့ရောက်လာလေလေ၊ ရေက တိမ်လာလေလေဖြစ်သည်။

ခဏကြာသောအခါ ခေါင်းဖော်ရလောက်အောင်ဖြစ်လာသည်။

အတွင်းပိုင်းမှာ မှောင်နေသည်ဆိုသော်လည်း မှုန်ဝါးဝါးအလင်းရောင်ရှိသည်။

ဂူမှာ အတော်အတန်ကျယ်ဝန်းပြီး ညှီစို့စို့အနံ့ရှိသည်။

မြေပြင်ကျောက်သားများမှာ ပြောင်ချောနေသဖြင့် သတ္တဝါကြီးတစ်ကောင် လူးလိမ့်ထားဟန်လည်းရှိသည်။

ငမဲအောင်က လေသံတိုးတိုးဖြင့်...

"နီမောင်...ဟိုသတ္တဝါကြီးများ ဒီအထဲမှာ နေတာများလား"

"ဘယ်သိမလဲ၊ နေချင်နေမှာပေါ့"

နှစ်ယောက်သား ကုန်းပေါ်တက်ကြည့်ကြသည်။

"ငါ့အထင်တော့ ဒါ ဘုရားအောက်တည့်တည့်လောက်ရှိလိမ့်မယ်ထင်တယ်"

"ဖြစ်နိုင်တယ်၊ အထဲဝင်ကြည့်ကြရအောင်"

အတွင်းဘက်ရောက်သောအခါ ကျောက်ကလပ်ကြီးတစ်ခုကို ထူးဆန်းစွာတွေ့ရသည်။ ထိုကျောက်ကလပ်ကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com



လူတို့ပြုပြင်ဖန်တီးထားသလို ကလပ်သဏ္ဌာန်ရှိနေပြီး လူတစ်ရပ်ခန့်မြင့်သည်။ ထိုကျောက်ကလပ်ဝန်းကျင်တွင် အစွဲများကပ်နေသည်။

ကလပ်ပေါ်သို့ မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ အလွန်ကြီးမားသော ပုလဲနက်ကြီးတစ်လုံးကို အံ့သြဖွယ်ရာ တွေ့ရသည်။

မီးရောင်နှင့်ထိတွေ့လိုက်သောအခါ ပုလဲနက်ကြီးမှ အနက်ရောင်အလင်းတန်းများ ဖြာထွက်လာသည်။

"ပု...ပုလဲနက်ကြီးပါလား"

နှစ်ယောက်သား မယုံနိုင်စရာမြင်ကွင်းမို့ တအံ့တသြဖြစ်နေကြသည်။

အနီးသို့သွားကြည့်သောအခါ ပုလဲကြီးမှာ ပန်းသီးလုံးခန့်အရွယ်ရှိပြီး အနက်ရောင်အလင်းတန်းများ ဟိုမှ သည်မှ ပြေးလွှားလျက်ရှိသည်။

"နီမောင်...တို့နှစ်ယောက်တော့ ပွပြီ၊ ဒီပုလဲနက်ကြီးကို ယူသွားလိုက်ရင် ဒီတစ်သက် စားမကုန်နိုင်တော့ဘူးကွ"

ငမဲအောင်က ဝမ်းသာအားရဖြင့် ပုလဲနက်ကြီးကို လှမ်းယူရန် ပြင်လိုက်စဉ် နီမောင် လက်ကိုဆွဲထားလိုက်သည်။

"နေဦးဟ၊ ဒါက ဘုရားပစ္စည်းဖြစ်ချင်ဖြစ်နေမှာ၊ အရမ်းမလုပ်နဲ့၊ တော်ကြာ ဒုက္ခရောက်ကုန်ဦးမယ်"

"မရောက်ပါဘူးကွာ...၊ တို့နဲ့ထိုက်လို့ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့တာပဲ၊ စိုးရိမ်စရာမရှိပါဘူး"



ငမဲအောင်က နောက်တစ်ကြိမ် ပုလဲနက်ကြီးအား လှမ်းယူရန်ပြင်သောအခါ ဂူအတွင်းပိုင်းမှ အဖြူရောင်ဝတ်စုံဝတ်ထားသော အဘိုးအိုတစ်ဦးထွက်လာသည်။

နီမောင် လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်လိုက်တော့ အဖြူရောင်ဝတ်စုံနှင့်၊ အဖြူရောင်မုတ်ဆိတ်မွေးများ ရှည်လျားစွာရှိသော အဘိုးအိုတစ်ဦး သူတို့ရှိရာ လျှောက်လာသည်။

"ဒီပုလဲနက်ကြီးက ရှေးနှစ်ပေါင်းများစွာကတည်းက ဘုရားအတွက်ရည်စူးပြီးလှူထားတဲ့ ဘုရားပစ္စည်းကွယ့်၊ မပြစ်မှားကောင်းဘူး၊ ဘုရားပစ္စည်းပြစ်မှားမိရင် ဒီဘဝလဲမကောင်းဘူး၊ နောင်ဘဝလဲမကောင်းဘူး ငါ့မြေးတို့ရဲ့"

"ဟုတ်...ဟုတ်ကဲ့ အဘ"

"ဒါထက် အဘက ဘယ်သူလဲ...၊ ဘယ်မှာ နေတာလဲဟင်"

"အဘက ဒီဘုရားကို စောင့်ရှောက်နေတဲ့သူပေါ့ကွယ်၊ နေတာကတော့ ဒီဘုရားတစ်ဝိုက်မှာပဲနေတာပါပဲ..."

"ကျွန်တော်တို့ အရင်က တစ်ခါမှ မတွေ့မိပါဘူး"

"ငါ့မြေးတို့နဲ့အဘက တွေ့စရာအကြောင်းမှမရှိဘဲကွယ်၊ အခုအကြောင်းရှိတော့ တွေ့ရပြီမဟုတ်လား၊ ကဲ...ဒီအတွင်းမှာ သိပ်ကြာကြာနေလို့မကောင်းဘူး၊ ကိုယ့်နေရာကို ပြန်ကြ...၊ နောက်ပြီး ဒီအကြောင်းတွေကိုလဲ သိပ်မပြောနဲ့၊ လူဆိုတာ လောဘသားတွေဆိုတော့ အန္တရာယ် ပေးသလိုဖြစ်နေမယ်...၊ ကိုင်း...သွားကြပေတော့..."

www.burmeseclassic.com



ထိုသို့ပြောပြီး အဘိုးအိုက အတွင်းပိုင်းသို့ ပြန်ဝင်သွားသည်။ နီမောင်နှင့် ငမဲအောင်တို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြစဉ်မှာ အပြင်ဘက်မှ တဝုန်းဝုန်း ရေသံများကြားလိုက်ရသဖြင့် ရေအောက်သို့ပြန်ဆင်းကာ ကျောက်ဆောင်ကွယ် တစ်နေရာတွင် ဝင်ကပ်နေလိုက်ကြသည်။

ထိုအချိန်တွင် အပြင်ဘက်မှ မည်းမည်းသဏ္ဌာန်ကြီး တစ်ကောင် အတွင်းဘက်သို့ ဝင်လာသည်။

ရေအောက်မှာလည်းဖြစ်ပြန်၊ အမှောင်ရိပ်ကလည်း လွှမ်းနေသောကြောင့် အလွန်ရှည်လျား၍ လုံးပတ်ကြီးသောသတ္တဝါကြီး တစ်ကောင်မှန်းသာသိရပြီး မည်သည့်သတ္တဝါဖြစ်မှန်းတော့ သဲသဲကွဲကွဲ မသိလိုက်ကြရပေ။

သတ္တဝါကြီး အတွင်းဘက်ဝင်သွားတော့မှ နှစ်ယောက်သား အပြင်ဘက်သို့ ကူးထွက်လာသည်။

ဘုရားရင်ပြင်ပေါ် ရောက်သောအခါ နီမောင်က အသင့်ဆောင်ယူလာသော ငါးခေါင်းများကို ရေထဲသို့ တဝုန်းဝုန်း ပစ်ချလိုက်သည်။

သွေးညှီနံ့ကြောင့် မကြာမီ ထိုနေရာသို့ ငါးမန်းများ ရောက်လာတော့သည်။

ငါးမန်းများ ရုတ်ရုတ်သဲသဲဖြစ်နေစဉ် ရေအောက်မှ မည်းမည်းသဏ္ဌာန်ကြီးတစ်ကောင်ရောက်လာပြီး ငါးမန်းများကို တစ်ကောင်ပြီး တစ်ကောင် လိုက်လံကိုက်စားလျက်ရှိသည်။



"ဒါ...ဒါ ဂူထဲမှာ တွေ့ခဲ့တဲ့ သတ္တဝါကြီး မဟုတ်လား၊ ဘာကောင်ကြီးလဲ နီမောင်"

"ငါလဲ တစ်ခါမှ မမြင်ဖူးဘူး၊ ပင်လယ်မြွေကြီးဖြစ်မယ်ထင်တယ်၊ ကြီးလဲကြီး၊ ရှည်လဲရှည်တယ်"

သူတို့တောင်ကုန်းပေါ်က လှမ်းကြည့်တော့ ရေအောက်မှ သတ္တဝါကြီးအား သဲကွဲစွာမမြင်ရပေ။

တစ်ခါတစ်ရံ ရေပေါ်သို့တစ်စွန်းတစ်စပေါ်လာသည်ကိုသာ တွေ့လိုက်ရသည်။

"ပင်လယ်မြွေ ဒါမှမဟုတ် နဂါးကြီးတစ်ကောင်ဖြစ်ချင်ဖြစ်မှာပေါ့၊ ကဲ...ပြန်ကြရအောင်"

မကြာမီ ရေပြင်ပေါ်ဝယ် ငါးမန်းများ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သဖြင့် ပြန်လည်ငြိမ်သက်သွားလေတော့သည်။

သူတို့နှစ်ယောက် ဘုရားကုန်းပေါ်မှ ပြန်ဆင်းကာနီးတွင် ဂူအတွင်း၌တွေ့ခဲ့ရသော မုတ်ဆိတ်ဖြူနှင့် အဘိုးအိုအား တွေ့လိုတွေ့ငြား လိုက်လံကြည့်ကြသော်လည်း တစ်ဦးတစ်ယောက်မှ မတွေ့ရပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၀ ]

စခန်းသို့ပြန်ရောက်သောအခါ အဘမှင်တို့အား အကြောင်းစုံ ပြောပြလိုက်သောအခါ ဦးဘမှင်က...

"အင်း...ဒီပုလဲနက်ကြီးဟာ သာမန်တော့ မဟုတ်တန်ဘူး၊ ငါ့အထင်ပြောရရင်တော့ တောင်ကုန်းပေါ်က စေတီတော်ရဲ့ ဌာပနာပစ္စည်းဖြစ်မယ်ထင်တယ်၊ ဒီဘုရားကိုတည်ခဲ့တဲ့ ကုသိုလ်ရှင်တွေက ဒီပုလဲနက်ကြီးကို ဌာပနာပြီး တည်ထားခဲ့တာဖြစ်နိုင်တယ်"

"ဒါဖြင့် ကျွန်တော်တို့တွေ့ခဲ့တဲ့သတ္တဝါကြီးကရော ဘယ်လိုသတ္တဝါကြီးမျိုး ဖြစ်မလဲအဘ"

"ငါ့အထင်ပြောရရင်တော့ ပင်လယ်မြွေကြီးဖြစ်ချင်ဖြစ် ဒါမှမဟုတ် နဂါးအမျိုးအနွယ်ဝင် 'ညံ့' သတ္တဝါကြီးဖြစ်ဖို့ များတယ်"



"ညံ့ဆိုတာ ကြားတော့ကြားဖူးတယ်၊ တစ်ခါမှတော့ မမြင်ဖူးဘူး၊ မြွေလိုအကောင်မျိုးလား အဘ"

"အေး...ဟုတ်တယ်၊ အမျိုးအစားကတော့ မြွေလို အကောင်ရှည်မျိုးပဲ၊ ဒါပေမယ့် ခေါင်းကျတော့ နဂါးလိုပုံစံမျိုးနဲ့၊ ပင်လယ်ရဲ့ အနက်ဆုံးနေရာတွေမှာ နေလေ့ရှိတယ်၊ ပင်လယ်မှာ နေတဲ့သတ္တဝါတွေထဲမှာတော့ အကြီးဆုံး၊ အရှည်ဆုံး ရေသတ္တဝါမျိုးပေါ့"

"ပင်လယ်မှာ ဝေလငါး အကြီးဆုံးမဟုတ်ဘူးလား အဘ"

"အေး...မင်းတို့ အကြီးဆုံးလို့ထင်ထားတဲ့ ဝေလငါးကို သုံးလေးပတ်ရစ်ပတ်ပြီး ညှစ်သတ်နိုင်တာ ညံ့သတ္တဝါပဲကွ၊ ဝေလငါးဆိုတာ ညံ့ရစ်ခံရရင် သေတာပဲ"

"ဆင်ထက် အဆပေါင်းများစွာကြီးတဲ့ ဝေလငါးတောင် ညံ့က ရစ်သတ်တယ်ဆိုတော့ ညံ့ဘယ်လောက်ကြီးပြီး ရှည်တယ်ဆိုတာ တွေးကြည့်လို့ရပါတယ်၊ ပင်လယ်ကူးသင်္ဘောကြီးတွေကို ဖျက်ဆီးနိုင်တာ ဒီလိုသတ္တဝါမျိုးဖြစ်မယ်ထင်တယ်"

"ရှေးကလူတွေရဲ့ မှတ်တမ်းတွေထဲမှာ ပင်လယ်ကူးရွက်သင်္ဘောကြီးတွေနောက်ကလိုက်လာပြီး ခေါင်းထောင်ကြည့်လိုက်တာ သင်္ဘောရွက်တိုင်ဖျား ကျော်တက်သွားတယ်လို့ပါတယ်၊ သင်္ဘောတွေနဲ့ ဘေးချင်းယှဉ်လိုက်လာရင် နှစ်ပြန်သုံးပြန် ရှိရှည်တယ်လို့ ပြောကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဘပြောတဲ့ ညံသတ္တဝါဆိုတာ ဖြစ်နိုင်တယ်၊ ကျွန်တော်တို့ ဒေါးကဖြတ်သွားတာ ရေငုပ်သင်္ဘောကြီး ဖြတ်သွားတဲ့အတိုင်းပဲ၊ တော်တော်နဲ့ကို မဆုံးနိုင်ဘူး"

"ဒီသတ္တဝါကြီးက ဒီနားတစ်ဝိုက်မှာ နေတာဆိုတော့ ဘုရားပစ္စည်းတွေကို စောင့်ရှောက်နေတာဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ ပုလဲနက်ကြီးနဲ့ ပတ်သက်သူမှန်သမျှ အသေဆိုးနဲ့ သေကြရတာ ဒီသတ္တဝါကြီးရဲ့ လက်ချက်ပဲဖြစ်ရမယ်"

"အဘ ပြောတာဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ ကိုဘဇံတုန်းက ပုလဲနက်ကြီးရှိတဲ့နေရာကို တစ်စွန်းတစ်စသိပြီး ရှာနေတုန်း သတ္တဝါကြီးလက်ချက်နဲ့ သေသွားတာပဲ"

"ဒါလဲ တိုက်ဆိုင်မှုတစ်ခု ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါပေမယ့် လူစုံတုန်း မင်းတို့တစ်တွေကို တစ်ခုမှာထားရဦးမယ်"

"ဘာများလဲ အဘ"

"တခြားတော့မဟုတ်ပါဘူး၊ တို့တစ်တွေအားလုံးကဘဝတူ တွေပဲ...၊ ရှေးဘဝအတိတ်ကံ မကောင်းခဲ့လို့ ဒီဘဝမှာ အခုလို ဆင်းရဲဒုက္ခတွေနဲ့ ကြုံတွေ့နေရတာ...၊ ဒီတော့အခုဘဝမှာ လူသာ ဆင်းရဲပစေ၊ စိတ်ထား မဆင်းရဲစေနဲ့၊ ဒီဘဝကောင်းမှ နောက်ဘဝ ကောင်းနိုင်မယ်...၊ ဘုရားအတွက် ရည်စူးပြီး လှူထားတဲ့ပစ္စည်းတွေကို စိတ်နဲ့တောင် မပြစ်မှားမိစေနဲ့၊ အကုသိုလ် မများစေနဲ့ ကြားလား..."



"စိတ်ချပါ အဘ၊ ကျွန်တော်တို့တစ်တွေ ကောင်းတာ မလုပ်နိုင်တဲ့တိုင်အောင် မကောင်းတာ မလုပ်မိအောင် ကြိုးစား ရှောင်ပါ့မယ်"

"အေးကွယ်...ငါ့တူ ငါ့သားတွေ စိတ်ချမ်းသာ ကိုယ်ကျန်းမာ ရှိကြပါစေ..."

ထို့နောက် မိမိတို့လုပ်ငန်းခွင်အသီးသီးသို့ သွားကြလေသည်။

ငါးခြောက်ခွဲသူခွဲ၊ ဆားနယ်သူနယ်၊ ရေခဲရိုက်သူရိုက်၊ စည်ဖောင်း ထုတ်သူကထုတ်၊ ပုလ်ရွေးသူကရွေးနှင့် အလုပ်ရှုပ်နေကြတော့သည်။

မိုးလေဝသအခြေအနေ သိပ်မကောင်းသောကြောင့် သူတို့တစ်တွေ ပင်လယ်သို့ မထွက်ကြပေ။

ပင်လယ်ပြင်တွင် ကောင်းကင်တစ်ခွင်လုံး အုံ့မှိုင်းမှိုင်းနှင့် မှန်တိုင်းကျမည့်လက္ခဏာများ ဖြစ်ပေါ်လျက်ရှိသည်။

ထိုအချိန်တွင် ကဒုံဘက်မှ ရေခဲလာပို့သော စက်လှေတစ်စင်း ရောက်လာသည်။

စက်လှေတွင် နီမောင်တို့စခန်းများမှာ ရှာဖွေစုဆောင်းရသမျှ ကုန်ပစ္စည်းများကို အမြန်လာပို့ကြရန် ဦးခိုင်ဇံရေးလိုက်သောစာ ပါလာသည်။

"ဦးခိုင်ဇံက ရသမျှကုန်ပစ္စည်းတွေ အမြန်လာပို့ကြဖို့ စာလိုက်တယ် အဘ"

www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ်ပြင်မှာ မုန်တိုင်းကျတော့မယ့်လက္ခဏာတွေ ပြနေတယ်၊ သွားလို့ဖြစ်ပါ့မလား"

"အရေးကြီးလို့ မှာလိုက်တာဆိုတော့ မသွားလို့ မဖြစ်ဘူး ထင်တယ်"

"သွားမယ်ဆိုရင်လဲ သတိနဲ့ခပ်မြန်မြန်သွားမှ ဖြစ်မယ်"

"ကိုင်း...ဒါဖြင့် စက်လှေပေါ် ပစ္စည်းတွေတင်ကြဟေ့"

နီမောင်က လှမ်းအောင်ပြောရင်း စီစဉ်စရာရှိသမျှ လစ်ဟာမှုမရှိအောင် စီစဉ်ဆောင်ရွက်ရလေတော့သည်။

* * *

## အခန်း [ ၁၁ ]

ရေဒီယိုမှ မိုးလေဝသသတင်း ဆက်တိုက်ကြေညာချက် ထုတ်ပြန်လိုက်သောအခါ ပင်လယ်ကမ်းခြေရွာလေးမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားတော့သည်။

'မုန်တိုင်းကျတော့မည်' ဟူသောသတင်းသည် လူတိုင်း ပါးစပ်ဖျားမှာ ရောက်နေသည်။

ပင်လယ်ထွက်သွားသူများအတွက် ပူပင်မှုဖြစ်ကြရသည်။ ကမ်းခြေနှင့်နီးသောနေရာရောက်နေသော စက်လှေများ ကဒုံ ချောင်းအတွင်းသို့ အလျင်အမြန် ပြန်ဝင်လာကြသည်။

သာမန်လေတိုက်နှုန်းနှင့်ပင် ပင်လယ်ပြင်၌ လှိုင်းတံပိုး ထန်နေလျှင် မုန်တိုင်းကျလျှင်ဖြင့် ပြောဖွယ်မရှိတော့ပေ။ မုန်တိုင်း မကျခင် ရှေ့ပြေးဝင်လာသော လေဒဏ်ကြောင့်ပင် ခုနစ်လံခန့်ရှိ လှိုင်းလုံးကြီးများ ထနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှင်တို့မှာ ချောင်းတွင်းသို့ အသီးသီး မောင်းဝင်လာသော စက်လှေများကိုမျှော်ကြည့်ရင်း မိမိတို့စက်လှေ ပါ,မပါကို ရင်တမမဖြင့် စောင့်ကြည့်နေရသည်။

အစုံအလင်ပြန်ရောက်သူများအဖို့ 'ဟင်း'ချနိုင်သော်လည်း မရောက်ကြသူများအဖို့မှာ ရင်ပူနေရဆဲပင်။

ထိုအထဲတွင် ဦးခိုင်ဇံတစ်ယောက်မှာလည်း မိမိစခန်းမှ စက်လှေများအတွက် ရင်မအေးရအောင်ဖြစ်နေသည်။ စခန်းများမှ ခေါင်းဆောင်များမှာ မိမိအမှာစာရောက်လျှင် ဖြစ်တဲ့နည်းနဲ့ ပြန်လာကြမည်ကိုသိသောကြောင့် အကယ်၍ပြန်လာလျှင် ပင်လယ်ပြင်မှာ မုန်တိုင်းနှင့် ပက်ပင်းတိုးမိမှာ သေချာသည်။

မိမိ မှာလိုက်တာ မှားများမှားလေသလားဟု နောင်တရနေမိသည်။

ချောင်းဝဘက်မှစက်လှေများ အဆက်မပြတ်ဝင်လာနေကြဆဲပင်။ ထိုအထဲမှ မိမိစက်လှေများ ပါမလားဟု လည်တဆန့်ဆန့်ဖြင့် ကြည့်နေရှာသည်။

ထို့အတူ ဖခင်ဘေးမှ အရိပ်အခြည်ကြည့်နေသော ခင်မလေးမှာလည်း မျက်နှာမကောင်းလှပေ။ ခင်မကြီးကတော့ ဘုရားခန်းတွင် မေတ္တာပို့ရင်း ဘေးရန်ကင်းစေကြောင်း ဆုတောင်းမေတ္တာပို့သနေသည်။

ခင်မလေးမှာ အခြားစက်လှေများ တစ်စင်းပြီးတစ်စင်း ဝင်လာတိုင်း မျက်နှာသိပ်မရွှင်ပျပေ။



သူမရင်ထဲမှ တစ်စုံတစ်ခုသော သောကတရားက ပြင်းစွာနှိပ်စက်လျက်ရှိသည်။

လေတိုက်နှုန်းက ပို၍ပို၍ ပြင်းထန်လာသည်။

လေပြင်းဒဏ်ကြောင့် ကမ်းခြေသို့ လှိုင်းလုံးကြီးများက တဝုန်းဝုန်းလာရောက် ရိုက်ခတ်နေ၏။ ပင်လယ်ရေကြော၌ မျှင်ထောင်သော 'ငါး' ဖောင်များပင် ကျောက်စူးများဖြုတ်၊ ကြိုးများပြတ်ကာ လှိုင်းရိုက်ရာအတိုင်း ကမ်းခြေသို့လာတင်နေသည်။

ကမ်းခြေဘက်မှ လှိုင်းခတ်သံတဝုန်းဝုန်းမြည်သံမှာ ခင်မလေးရင်ထဲမှ ဗလောင်ဆူသံများနှင့် ရောထွေးနေသည်။

“အဖေ...စခန်းအားလုံးက ဦးစီးတွေကို စာရေးမှာလိုက်တယ် မဟုတ်လား”

“ဟုတ်တယ်လေ...”

“နှိမောင်တို့လဲ ပါသလား”

“အားလုံး ပါတယ်”

“ဒါဆိုရင် သူတို့ထွက်လာကြရောပေါ့”

“ထွက်လာလောက်ပြီ ထင်တယ်...”

“ဒုက္ခပါပဲ၊ ဒီနေ့မှပဲ မုန်တိုင်းကလဲ တည့်တည့်ကိုဝင်လာတော့တယ်၊ ဘုရားသိကြားမ,လို့ ဘေးမသီ ရန်မခပြန်ရောက်ကြပါစေ...”

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ချောင်းဝဘက်မှ စက်လှေနှစ်စင်း ရှေ့ဆင့်နောက်ဆင့် မောင်းဝင်လာသည်။

နှစ်စင်းစလုံး ဦးခိုင်ဇံ၏ စက်လှေများဖြစ်ပြီး တစ်စင်းက ထွန်းဖေတို့ စက်လှေဖြစ်ပြီး ကျန်တစ်စင်းက စိန်သန်းတို့ စက်လှေ ဖြစ်သည်။

ဦးခိုင်ဇံမျက်နှာမှာ ယခုမှ အတန်အသင့် စိတ်သက်သာရာ ရသွားဟန်ဖြင့် ရွှင်လန်းလာသည်။

စက်လှေများ တံတားဆိပ်ဝင်ကပ်သောအခါ တံတားထိပ်ဖျားအထိ ဆင်းသွားသည်။

"ဘယ်နှယ့်လဲဟေ့...လွတ်ရဲ့ပဲလား"

"လွတ်ရဲ့ပဲ ဦးလေးရေ...ဒါတောင်မှ ပင်လယ်အတွေ့အကြုံရင့်လို့၊ ရေကြောင်း လေဖောင်း ကျွမ်းကျင်နားလည်လို့ အန္တရာယ်ကို ရှောင်နိုင်ခဲ့တာ...၊ ဒါတောင် အချို့စက်လှေတော်တော်များများတော့ နစ်ကုန်တာ တွေ့ခဲ့ရတယ်"

ထွန်းဖေက ကိုယ်ရည်သွေးရင်း တံတားပေါ် လှမ်းတက်လာသည်။ သူ့နောက်မှ စိန်သန်းလည်းလိုက်လာသည်။ စက်လှေနှစ်စင်းမှ အလုပ်သမားများကတော့ ရလာသော ကုန်ပစ္စည်းများကို အပေါ်သို့ ထမ်းတင်နေကြသည်။

"ဒီတစ်ပတ်တော့ မိုးလေဝသအဆင်မပြေတာနဲ့ ပစ္စည်းသိပ်မရခဲ့ဘူး၊ ဦးလေးမှာလို့သာ ပြန်လာခဲ့ရတာ၊ ကျွန်တော်က ပြန်ချင်သေးတာမဟုတ်ဘူး"



"ရပါတယ်ကွာ...ဒီမှာလဲ ရန်ကုန်က ဖောက်သည်တွေ ရောက်နေလို့ မင်းတို့ကို အရေးတကြီးမှာရတာ...၊ ပစ္စည်းကတော့ ရသလောက်ပေါ့၊ ဘေးမသီရန်မခပြန်ရောက်တာပဲ တော်လှပါပြီ၊ စခန်းတွေအားလုံး ဒီလိုပဲ ပစ္စည်းအထိအမိနည်းသလား"

"ဟုတ်တယ်၊ စိန်သန်းတို့လဲ ဒီအတိုင်းပဲ၊ ဟို ဦးစီးအသစ်ကလေးတွေတော့ ဘယ်လိုနေကြသလဲမသိဘူး၊ ကျွန်တော်တို့လို ဝါရင့်တွေတောင် သိပ်မရရင် လူသစ်ကလေးဆိုရင်တော့ စားစရိတ်တောင် ကျေမှာမဟုတ်ဘူး၊ အခု ဒီကောင်တွေစက်လှေ ပြန်ရောက်ပလား"

"မရောက်သေးဘူးကွယ့်၊ ဦးလဲ အဲဒါပဲစိတ်ပူနေတာ"

"အင်း...ပင်လယ်မှာ မုန်တိုင်းကလဲကျနေ၊ ဦးစီးအသစ်ကလေးနောက်ပါသွားတဲ့ သူတွေကျတော့ ဒုက္ခပါပဲ"

ခင်မလေးမျက်နှာမှာ 'တင်း' ခနဲဖြစ်သွားသည်။

"နီမောင်လဲ ပင်လယ်လုပ်သက်ရင့်လှပါပြီ၊ ရှင်ထင်သလို ခပ်ညံ့ညံ့ထဲကတော့ မဟုတ်ပါဘူး၊ လူတစ်ယောက်ကို ကွယ်ရာမှာ ဒီလောက် မှိုချိုးမျှစ်ချိုး မပြောသင့်ပါဘူး"

"ကိုယ်က ခင်လေးတို့အတွက် စိုးရိမ်ပူပန်လို့ပြောတာပါ၊ သူ့ အရည်အချင်းရှိလို့ ချောချောမောမော ရောက်လာရင်တော့လဲ ကောင်းတာပေါ့"

www.burmeseclassic.com



ထွန်းဖေက ခပ်ရိရိပြောလိုက်သည်။

ထိုအချိန်တွင် မုန်တိုင်းက အရှိန်ကောင်းလာသည်။

လေရောမိုးပါ တိုက်ခတ်လာသည်။

ကမ်းစပ်ရှိ အုန်းတောများ လေအဖိကြောင့် အိပြားနေသည်။ လှိုင်းလုံးကြီးများက ကဒုံချောင်းတွင်းသို့တိုင် လိမ့်ဝင်လာကြသည်။

အပြင်မှ ပြန်ဝင်လာသော စက်လှေဟူ၍ တစ်စင်းတလေမျှ မရှိတော့ပေ...။

ထိုအချိန်တွင် မိုးများတဖွဲဖွဲရွာသွန်းလာသောကြောင့် တဲအတွင်းသို့ ဝင်လိုက်ကြသည်။

ထိုအချိန်မှာပင် လေသံမိုးသံနှင့်အတူ ချောင်းဝဘက်ဆီမှ စက်လှေတစ်စင်း၏ စက်သံသဲ့သဲ့ကိုကြားလိုက်ရာ ခင်မလေး၏ မျက်နှာပြင်ပေါ်တွင် တက်ကြွမှုများ တမဟုတ်ချင်းဖြစ်ပေါ်လာ၏။

ဦးခိုင်ဖနှင့် ခင်မလေးတို့နှစ်ဦး မိုးထဲရေထဲမှာပင် တံတားဦးဘက်သို့ပြေးထွက်လာကြသည်။ လေနှင့်အတူပါလာသော မိုးသီးမိုးပေါက်ကြီးများ ဝင်ရောက်ထိမှန်သည်ကိုပင် ဂရုမပြုအားဘဲ စိတ်စောနေကြသည်။

ချောင်းဝဘက်သို့ စိတ်မောစွာမျှော်ကြည့်နေစဉ် မောင်းဝင်လာသော စက်လှေတစ်စင်း၏ မသဲကွဲသောပုံရိပ်ကို တွေ့လိုက်ရသည်။

စက်လှေမှာ အတန်ငယ်လေးနေသောကြောင့် လှိုင်းများက စက်လှေပေါ်သို့ပင် တက်နေသည်။



အံဖုံးများအလုံပိတ်ထားသောကြောင့် အတွင်းသို့ ရေမဝင်ပေ။ မြုပ်သွားလည်း လှိုင်းကြားမှာ ဘွားခနဲပြန်ပေါ်လာလိုက်နှင့် ချောင်းတွင်းရောက်တော့ စက်ရှိန်သတ်ပြီး တဖြည်းဖြည်းဝင်လာသည်။

"နီမောင်တို့ ရောက်လာကြပြီ"

ခင်မလေးက စိတ်လွတ်လက်လွတ် အော်လိုက်သည်။

ဦးခိုင်ဖက တံတားဦးမှ လက်ပြနှုတ်ဆက်ရာ စက်လှေဦးပိုင်းမှ လိုက်လာသော နီမောင်တို့ကလည်း ပြန်၍လက်ပြနှုတ်ဆက်ကြသည်။

ထိုအခါမှ အခြားစင်များကလည်းထွက်၍ အော်ဟစ်နှုတ်ဆက်ကြရာ မိုးသံလေသံနှင့်ရော၍ ဆူညံနေတော့သည်။

၎င်းတို့အဖွဲ့ကို မုန်တိုင်းတွင်းမှ သူရဲကောင်းများသဖွယ် ဝမ်းသာဂုဏ်ယူနေကြသည်။

စက်လှေတံတားဆိပ်သို့ ဝင်ကပ်သောအခါ ကုန်ပစ္စည်းများကြောင့် စက်လှေမှ လေးနေသည်ကိုကြည့်ရင်း ဦးခိုင်ဖ မျက်နှာပေါ်တွင် ကျေနပ်မှုများက ဖုံးမရဖိမရပေါ်နေတော့သည်။

စက်လှေကပ်ပြီးသောအခါ နီမောင်က အံဖုံးများဖွင့်ပြလိုက်သောအခါ ငါးမျိုးစုံများက စက်လှေဝမ်းနှင့်အပြည့်ပါလာသည်ကို အံ့သြဖွယ်ရာ တွေ့မြင်ရသည်။

"ဒီ...ဒီ ငါးတွေ ဘယ်က ရလာတာလဲ...ဟင်"

"မုန်တိုင်းတွင်းကပဲ ဖမ်းလာတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…မုန်တိုင်းတွင်းက ဖမ်းလာတာ ဟုတ်လား၊ ဘယ်လိုဖမ်းလာတာလဲပြောပါဦး နီမောင်ရယ်"

"ကျွန်တော်တို့ စခန်းကထွက်လာတာ အချိန်ရပါတယ်၊ ဒီကိုတစ်ခါတည်းတန်းမောင်းလာရင် မုန်တိုင်းမိစရာအကြောင်း မရှိပါဘူး၊ ဒီကိုပြန်လာနေရင်း လမ်းရောက်တော့ ပင်လယ်ပြင်မှာ မုန်တိုင်းအရှိန်ကြောင့် ငါးတွေမြူးနေတာတွေ့လို့ ပိုက်တစ်ချက် ကျော့ပစ်ပြီး ဖမ်းယူလာခဲ့တာပါ၊ ရေလံ(၈၀)မှာ မုန်တိုင်းဒဏ်တော့ နည်းနည်းတော့ ခံလိုက်ရတာပေါ့ ဦးလေး…"

ရေလံ (၈၀) တွင် မုန်တိုင်း အမိခံဝံ့သော နီမောင်တို့ သတ္တိကို ကြားရသူတိုင်း လက်ဖျားခါကြသည်။

"အေးကွယ်…မင်းပြောတာကြားရတာနဲ့တင် ရင်တုန်ဖို့ ကောင်းလိုက်တာ…၊ အခုလိုကြိုးစားဆောင်ရွက်လာတာ ကျေးဇူး တင်ပါတယ်၊ နောက်တော့ ဦးလေးအတွက်နဲ့ ကိုယ့်ကိုအန္တရာယ် ဖြစ်မယ့်အလုပ်မျိုးဆိုရင် ရှောင်တန်ရှောင်ပါကွယ်"

"ဟုတ်ကဲ့ပါ၊ ဒီတစ်ပတ်ကတော့ သွားရင်းလာရင်း အဆင်ပြေလို့ ကျွန်တော်လုပ်ခဲ့တာပါ"

"အေးကွယ်…ကျေးဇူးတင်ပါတယ်၊ မောင်နီမောင်တို့လဲ ပင်ပန်းလာကြတယ်၊ နားလိုက်ကြပါလား"

"မနားတော့ဘူး ဦးလေး၊ ပစ္စည်းတွေ အပေါ်တင်ပေး လိုက်ဦးမယ်"



ထိုသို့ပြောကာ မိုးထဲလေထဲမှာပင် စက်လှေထဲမှ ပါလာသော ကုန်ပစ္စည်းများကို အပေါ်သို့တင်ကြသည်။

ထိုအချိန်တွင် ဦးခိုင်ဇံနောက်မှ နီမောင်ရှိရာသို့ လှမ်းကြည့် နေသော ခင်မလေးကို နီမောင် သတိပြုမိသွားသည်။

နှစ်ယောက်သား အတန်ကြာအောင် အကြည့်ချင်းဆုံမိပြီး ခဏကြာမှ ခင်လေးကတစ်ချက်ပြုံးပြပြီး အိမ်ထဲသို့လှည့်ဝင် သွားသည်။

ထိုမြင်ကွင်းကို ငါးတောင်းထမ်းနေသော ထွန်းကျော်က မြင်သွားသဖြင့် နီမောင်အနီးကပ်ကာ 'ငါကွာ ပင်လယ်မှာ မုန်တိုင်းမိခဲ့တဲ့ဒဏ် အခုမှ အမောပြေသွားတော့တယ်' ဟု မကြားတကြား ပြောသွားလေသည်။

ဘာပဲပြောပြော…

နီမောင့်ရင်ထဲမှာတော့ အမောပြေလျက်…။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၂ ]

ကဒုံကနီရွာမှာ ရွာဟုသာဆိုသော်လည်း တောမကျမြို့မကျ စည်ကားသော ရွာကြီးတစ်ရွာဖြစ်သည်။ အရှေ့ဘက်ကမ်းတွင် အမာရွာရှိပြီး အနောက်ဘက်တွင် ရေရွာရှိသောကြောင့် ရွာချင်း ကူးလူးဆက်ဆံမှုရှိရာ လူအဝင်အထွက်စည်ကားလှသည်။ အနီး ဝန်းကျင်ရွာများကလည်း ကဒုံသို့ပင့်ဆင်းလာပြီး အရောင်း အဝယ်ပြုလုပ်ကြသည်။

ထို့ပြင်...ဘိုကလေးမြို့မှ နေ့စဉ်သင်္ဘောအဝင် အထွက် ရှိသောကြောင့် ကုန်စည်ဖောက်ကား ရောင်းဝယ်မှုအဆင်ပြေသည်။ အထူးသဖြင့် ကဒုံတွင် ရေလုပ်ငန်းရှင်များ၊ မီးသွေးလုပ်ငန်းရှင်များ အခြေစိုက်နေထိုင်ကြသည်။

ကဒုံချောင်းရိုးတစ်လျှောက်တွင် ငါးစင်များ၊ မီးသွေးဖို များသာရှိသောကြောင့် ချောင်းရိုးတစ်လျှောက် ငါးပိ, ငါးခြောက်, ငန်ပြာရည်နံ့၊ မီးသွေးနံ့ မီးခိုးနံ့များသာ လှိုင်နေတော့သည်။



ချောင်းကလည်း ကျဉ်းကျဉ်းနှင့် စက်လှေအဝင် အထွက် များလှသည်။

အမြဲတမ်းလိုလို စက်သံများဖြင့် ဆူညံနေသည်။

ဦးခိုင်ဇံ စက်လှေများဆိုက်ကပ်ထားသောတံတားမှာ ချောင်းဝပိုင်းတွင်ရှိသည်။ ထိုတံတားဆိပ်သို့ ကုန်သည်စက်လှေ နှစ်စင်းဝင်ကပ် လာသည်။ ထိုစက်လှေများမှာ ဦးခိုင်ဇံဖောက်သည် များဖြစ်ပြီး အမြဲလာရောက်၍ ကုန်ပစ္စည်းဝယ်သူများဖြစ်ကြသည်။

ထိုစက်လှေနှစ်စင်း၏ပိုင်ရှင်မှာ ဇော်လန်းဆိုသူဖြစ်သည်။ အသက်လေးဆယ်ဝန်းကျင်ရှိပြီး စီးပွားရေးအကွက်မြင်ကာ ဖျတ်လတ်သွက်လက်သူတစ်ဦးဖြစ်သည်။

ဇော်လန်းသည် အထုပ်အပိုးများဆွဲရင်း အိမ်ထဲဝင်လာ သည်။

ဦးခိုင်ဇံက ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်သည်။

"လာဟေ့ မောင်ဇော်လန်း၊ ဒီတစ်ပတ်ပြန်လာတာ မြန်လှချည်းလားကွယ့်"

"မြန်ဆို ပစ္စည်းတွေက နယ်စပ်ကပါ ဆင်းဆွဲနေတော့ ရောင်းမလောက်အောင်ဖြစ်နေတာပေါ့၊ အကျိုးအကြောင်း သိရအောင် လူကြုံနဲ့ ကျွန်တော် စာရေးပို့လိုက်တာ ရောက် တယ်မဟုတ်လား"

"ရောက်ပါတယ်၊ ဒါကြောင့် စခန်းကလူတွေကို ပြန် ထားလို့တောင် ရောက်နေကြပြီ"

www.burmeseclassic.com

www.burmeseclassic.com



“အဆင်ပြေတာပေါ့၊ ပစ္စည်းအထိအမိရော ကောင်းရဲ့လား

ပုလဲတွေရော ရရဲ့လား ဦးလေး”

“ဒီတစ်ပတ် တခြားဦးစီးတွေကတော့ အသင့်အတင့် ရတယ်၊ အခုတစ်ပတ်မှ ဦးစီးအသစ်ခန့်လိုက်တဲ့ စခန်းကတော့ ပုလဲရော အခြားပစ္စည်းတွေပါ အတော်ရတယ်”

“ကောင်းတာပေါ့ ဦးလေးရာ...၊ ခင်မကြီးတို့ ခင်မလေး တို့လဲရှိကြတယ် မဟုတ်လား၊ ဒီမှာ သူတို့အတွက် ပစ္စည်း ပါလာတယ်”

“အထဲမှာရှိကြတယ်၊ ဦးလေးပစ္စည်းတွေ သွားကြည့် ဦးမယ်”

“ဟုတ်ကဲ့...ဟုတ်ကဲ့”

ဇော်လန်းက အထုပ်များဆွဲပြီး အိမ်ထဲဝင်လာသည်။

သူ့ကိုမြင်တော့ ခင်မလေးက စာရင်းရေးနေရာမှ ကယာထလာသည်။

“ဦးဇော်လန်းကြီး ဒီတစ်ပတ်မြန်လှချည်လား၊ ဘယ် က ရောက်လဲ”

“စောစောကပဲ စက်လှေဆိုက်ပါတယ်ဗျား၊ ရောက် ချင်းပဲ ခင်မလေးတို့အတွက် ပစ္စည်းတွေ လာပို့တာပါ...

ဇော်လန်းက အိတ်ကိုကမ်းပေးသည်။

ခင်မလေးက အိတ်ကိုလှမ်းယူရင်း ‘ဘာတွေများ မေးလိုက်သည်။



“သိချင်ရင် ဖြေကြည့်ပေါ့၊ ခင်မလေးနဲ့ ခင်မကြီးတို့အတွက် နောက်ဆုံးပေါ် ပုံဆန်းနာရီတစ်လုံးစီ၊ အဝတ်အစား အသစ်အဆန်း တွေနဲ့ အလှကုန်ပစ္စည်းတွေပါတယ်”

ခင်မလေးက ပစ္စည်းများကို တစ်ခုချင်းထုတ်ကြည့်သည်။

“ဟယ်...ပစ္စည်းလေးတွေ လှလိုက်တာ၊ အခုလိုဝယ်လာ တဲ့အတွက် ဦးဇော်လန်းကြီးကို ကျေးဇူးတင်ပါတယ်”

“ဒီလောက်ပြောဖို့ မလိုပါဘူးကွယ်၊ ကိုယ်ဝယ်လာတဲ့ ပစ္စည်းတွေကို သဘောကျတယ်မဟုတ်လား”

“သဘောကျပါတယ်”

“ဒါဆိုရင် ဝယ်ရကျိုးနပ်ပါတယ်၊ ကိုယ်က စိတ်မှန်းနဲ့ ဝယ်ရတာဆိုတော့ ခင်မလေး မကြိုက်မှာစိုးလို့ပါ”

“ဩော်...ဦးဇော်လန်းကြီးကလဲ လက်ဆောင်ပေးတဲ့သူက ပေးတာကို ယူတဲ့သူက ချေးများနေလို့ ဘယ်ကောင်းပါ့မလဲ၊ မဟုတ်ဘူးလား”

“ဟုတ်ပါ့ဗျာ...ဟုတ်ပ့ါ”

နှစ်ယောက်သား ရယ်ရယ်မောမော စကားပြောနေကြစဉ် နီမောင် ဝင်လာသည်။

“ဩော်...နီမောင်ရေ...နင်လာတာနဲ့ အတော်ပဲ၊ ဧည့်သည်အတွက် တစ်ခုခု လုပ်ပေးစမ်းပါ၊ ငါ မအားလို့”

နီမောင်က ဘာမှပြန်မပြောဘဲ အိမ်အတွင်းဘက်ဝင်သွား တော့ လှေကားထိပ်တွင် ခင်မကြီးနှင့်တွေ့သည်။

www.burmeseclassic.com



"နီမောင်...ဘာလိုချင်လို့လဲ"

"ခင်မလေးက ညွှေ့သည်အတွက် တစ်ခုခုစီစဉ်ခိုင်း... လိုက်လို့ပါ မမကြီး"

ခင်မကြီးက အိမ်ရှေ့ဘက်တစ်ချက်လှည့်ကြည့်လိုက်ပြီး... ဖော်လန်းကို မြင်သောအခါ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်မလေးကတော့ အတော်ခက်တယ်၊ ခိုင်းရမှန်းမသိ မခိုင်းရမှန်းမသိ အကုန်ခိုင်းနေတော့တာပဲ၊ နေပစေ၊ မမကြီး... စီစဉ်ပေးလိုက်မယ်၊ မင်းလုပ်စရာရှိတာ သွားလုပ်တော့"

"ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ် မမကြီး"

နီမောင် အိမ်ရှေ့ပြန်ထွက်လာပြီး ခင်မလေးကို အကျ... အကြောင်း ပြောပြလိုက်သည်။

"ဦးဖော်လန်းကြီး...ဒါ ဒီတစ်ပတ်မှ ခါးပြတ်ကျ... ပုလဲစခန်းမှာ အသစ်ခန့်လိုက်တဲ့ ဦးစီးအသစ်လေ၊ သူ့နာမည်... နီမောင်တဲ့၊ ဒီတစ်ပတ် သူ့စခန်းကပစ္စည်းတွေ အတော်ရတ...

ဖော်လန်းက နီမောင့်ကို ဖျတ်ခနဲတစ်ချက်ကြည့်... လိုက်ပြီး...

"ခင်မလေးတို့ ခေါ်ထားတဲ့ဦးစီးက အတော်တော့ ... မာမယ့် ပုံစံမျိုးပဲ"

ဟု အဓိပ္ပာယ်ပါသောစကားဖြင့် မှတ်ချက်ချလိုက်သည်။

နီမောင်က ဘာမှပြန်မပြောဘဲ ခင်မလေးဘက်... လှည့်ကာ...



"ဘာခိုင်းစရာ ရှိသေးလဲ"

ဟုမေးရာ ခင်မလေး မျက်နှာပျက်သွားသည်။

"ဒါဖြင့် ကျွန်တော် သွားတော့မယ် မမလေး"

ဟု ပြောကာ လှည့်ထွက်သွားသည်။

နီမောင်က ယဉ်ယဉ်လေးပြောသွားသော်လည်း ခင်မလေး ရင်ထဲမှာ ဆူးဖြင့်ထိုးခံလိုက်ရသလို 'ကျဉ်' ခနဲဖြစ်သွားလေ...တော့သည်။

ဖော်လန်းက ခင်မလေးနှင့် အတန်ကြာအောင်စကားပြော... ...ာ ခင်မကြီး ဖျော်လာပေးသော ကော်ဖီတစ်ခွက်သောက်ပြီး ...ပ်ကမ်းဘက်သို့ ပြန်ဆင်းသွားတော့သည်။

ထိုအခါမှ မမကြီးက...

"ညီမလေး...နီမောင်ကို လူရှေ့သူရှေ့မှာ အဲဒီလို အသေး ...ကိစ္စမျိုးတွေ မခိုင်းပါနဲ့ကွယ်၊ လူပျိုလူရွယ်လေး ရှက်မှာပေါ့"

"တမင်ခိုင်းတာတော့ မဟုတ်ပါဘူး မမကြီးရယ်၊ ကျွန်မ ...အားလို့ ခိုင်းလိုက်မိတာပါ၊ သူစိတ်မကောင်းများဖြစ်သွားသလား ...သိဘူးနော် မမကြီး"

"နီမောင်က အဲဒီလိုလူစားမျိုးတော့မဟုတ်ပါဘူး၊ နောက် ...ာ့ ဆင်ခြင်ပေါ့ညီမလေးရယ်၊ ဒါ ကိုဖော်လန်းပေးသွားတဲ့ ...ည်းတွေလား"

"ဟုတ်တယ် မမကြီး၊ ဦးဖော်လန်းဝယ်လာတာ၊ မမကြီး ...ွက်လဲ နာရီလှလှလေးတစ်လုံး ပါလာတယ်၊ ဒီပစ္စည်းတွေ ...ာ မမကြီး ကြိုက်တာရွေးယူလေ..."

www.burmeseclassic.com



ခင်မကြီး ခေါင်းခါပြသည်။

"ဟင်...မယူဘူး ဟုတ်လား...ဘာဖြစ်လို့လဲဟင်"

"ကိုယ်နဲ့ဘာမှ မပတ်သက်တဲ့ ယောက်ျားတစ်ယောက် ကပေးတဲ့ လက်ဆောင်မျိုး မမကြီးမယူချင်ပါဘူးကွယ်၊ ညီမလေးပဲ အကုန် ယူလိုက်တော့နော်..."

ခင်မကြီးက အိမ်အတွင်းဘက် ပြန်ဝင်သွားသည်။

ထိုအချိန်တွင် ခင်မလေးမှာ ဝေခွဲမရသော မျက်နှာဖြင့် ရှေ့မှာချထားသောပစ္စည်းများကိုကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

"ငါ့ကို နီမောင် ဘယ်လိုများထင်သွားသလဲမသိဘူး"

ဟု ဝိုးဝိုးလေး ရေရွတ်လိုက်သည်။

* * *

## အခန်း [ ၁၃ ]

ဇော်လန်းတို့အဖွဲ့မှာ ကဒုံကနီတွင် ရက်အတန်ငယ် သင့်ဆိုင်း၍ ပစ္စည်းဝယ်ယူကြရာ ပြည့်စုံသလောက်ရှိကြသည်။ တစ်ရက်သော နေ့လယ်ခင်း ခင်မလေးတစ်ယောက်တည်း စာရင်းများရေးမှတ်နေစဉ် ဇော်လန်းရောက်လာသည်။

အလုပ်သမားများကလည်း နေ့လယ်ဘက်အနားယူနေကြ ချိန် ဦးခိုင်ဖုံနှင့် ခင်မကြီးတို့ကလည်း ကိစ္စတစ်ခုဖြင့် ရွာထဲ သွားနေခိုက် အချိန်ဖြစ်၍ အိမ်၌ ခင်မလေးတစ်ယောက်တည်း ရှိနေစဉ်ဖြစ်သည်။

"ဦးဇော်လန်းကြီး...ကိစ္စရှိလို့လား၊ အဖေတို့ အပြင်သွား ကြတယ်"

"စာရင်းလေးတွေ ရှင်းစရာရှိလို့ပါ၊ ခင်လေးနဲ့ရှင်းရင် ပေါ်ပါတယ်"

ထိုသို့ပြောရင်း ဇော်လန်းက မလှမ်းမကမ်းတွင် ဝင်ထိုင် သည်။ ခင်မလေး ဇဝေဇဝါဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇော်လန်းနှင့် ကုန်စာရင်း၊ ငွေစာရင်းများ ရှင်းပေးပြီးဖြစ်၍ မည်သည့်စာရင်းများ ရှင်းစရာကျန်သေးပါလိမ့်။

"ကျွန်မနဲ့ ဘာစာရင်းရှင်းစရာ ကျန်တာလဲဟင်"

ဇော်လန်းက မချိုမချဉ်မျက်ဖြင့်...

"ခင်မလေးနဲ့ တခြားစာရင်းတော့ ရှင်းစရာမကျန်ပါဘူး။ နှလုံးသား စာရင်းလေးရှင်းချင်လို့ပါ..."

ဟု တည့်တိုးပြောလိုက်ရာ ခင်မလေးအံ့အားသင့်သွားသည်။

"ရှင်..."

"ဟုတ်ပါတယ် ခင်လေး...၊ ကိုယ် ခင်လေးကိုချစ်နေတာ...စိတ်ဝင်စားနေတာကြာပြီ...၊ အခုမှ ဖွင့်ပြောရတာ...၊ ခင်လေးလက်ခံမယ်ဆိုရင် ဦးလေးကိုဖွင့်ပြောပြီး ကိုယ် ခင်လေးကို လက်ထပ်ပါရစေ..."

မမျှော်လင့်ဘဲ ယောကျ်ားတစ်ယောက်၏ ချစ်ရေးဆိုမှုကို ခံလိုက်ရသဖြင့် မျက်နှာတစ်ခုလုံး ထူပူသွားသည်။

ရင်ထဲမှာ တုန်လှုပ်မှုဖြစ်သွားသည်။

သို့သော်...ဟန်မပျက်အောင် ဣန္ဒြေဆည်ရင်းဖြင့်...

"ကျွန်မ ကိုဇော်လန်းကို ရိုးရိုးခင်တာပါ၊ ဒီထက်မပိုပါဘူး။ နောက်ပြီး ကျွန်မ ငယ်ပါသေးတယ်၊ အိမ်ထောင်ရေး အချစ်ရေး ကိစ္စတွေကို မစဉ်းစားချင်သေးပါဘူး"

"ခင်လေးရယ်...အခုမှတော့ မငြင်းချင်ပါနဲ့တော့၊ ကိုယ့်အပေါ် ခင်လေးစိတ်ဝင်စားနေတာ ကိုယ်ရိပ်မိပါတယ်၊ ကိုယ်



ခင်လေးကို လက်ထပ်ပြီးရင် ရန်ကုန်မှာ တင့်တောင့်တင့်တယ် ထားပါ့မယ်၊ ကိုယ့်ကို မငြင်းပါနဲ့တော့နော်"

ဇော်လန်းက ပြောပြောဆိုဆို အနီးသို့တိုးကပ်လာသည်။

ခင်မလေး လန့်သွားသည်။

ထိုအခါမှ ခင်မကြီး သတိပေးခဲ့မှုများကို ပြန်လည်သတိရရင်း နောင်တရမိတော့သည်။

'ကိုယ်နဲ့ သွေးမတော် သားမစပ်တဲ့ယောကျ်ား တစ်ယောက်ဆီက သူပေးတဲ့လက်ဆောင်ယူတာတို့၊ ရောရောနှောနှော နေတာတို့ဆိုတာ တစ်ချိန်ကြရင် အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်တတ်တယ် ညီမလေးရဲ့'

'သိက္ခာရှိတဲ့ ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်နဲ့ အကြောင်းမရှိဘဲ အရောတဝင်နေလေ့မရှိသလို၊ အဲဒီလို ရောရော နှောနှော နေလေ့ရှိတဲ့ ယောကျ်ားတစ်ယောက်ရဲ့ သိက္ခာကိုလဲ ယုံကြည်စိတ်ချမထားသင့်ဘူး'

ခင်မကြီး ပြောခဲ့သော စကားများက ယခုပင် အနီးကပ် ပြောနေသလို ပြန်လည်ကြားယောင်နေမိသည်။

"ဟင့်အင်း...ကျွန်မကို ဒီလိုအကြပ်မကိုင်ပါနဲ့၊ ကျွန်မ ရှင်ထင်သလို အပေါစားမိန်းမတစ်ယောက် မဟုတ်ဘူး၊ ဘဝနဲ့ ရင်းရမယ့် အချစ်ကိုလဲ ဒီလောက်လွယ်လွယ်ကလေးနဲ့ မဆုံးဖြတ်ချင်ဘူး၊ ကိုဇော်လန်း ပြန်ပါတော့"

စိတ်ကိုတင်း၍ ယတိပြတ်ပြောသည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



ဇော်လန်းက အစကတည်းက စိတ်ဆုံးဖြတ်လာခဲ့ဟန်ဖြင့် မချိုမချဉ်မျက်နှာဖြင့် အနားတိုးလာသည်။

ပြီးနောက် ခင်မလေး၏ လက်ကလေးကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သည်။

"အို...ဒါ ဘာလုပ်တာလဲ၊ ကျွန်မ မကြိုက်ဘူး၊ လက်ကို လွှတ်ပါ ကိုဇော်လန်း"

"မလွှတ်နိုင်ဘူး၊ ကိုယ်လိုချင်တဲ့အဖြေပေးမှ လွှတ်မယ်"

"ကျွန်မ မကြိုက်ဘူး၊ ရှင် အဲဒီလို မစော်ကားပါနဲ့"

"ခင်လေးကလဲကွယ်၊ ကိုယ်က ခင်လေးကို တင့်တောင့် တင့်တယ် လက်ထပ်ယူမှာပါ၊ ငြင်းမနေပါနဲ့တော့"

ခင်မလေးကရုန်း၊ ဇော်လန်းကဆွဲနှင့် လုံးလား ထွေးလား ဖြစ်နေစဉ် အခန်းထဲ လူတစ်ယောက်ဝင်လာသည်။

နီမောင်ပင် ဖြစ်သည်။

နီမောင်က မမျှော်လင့်ဘဲ အိမ်ထဲမှ မြင်ကွင်းကိုမြင်လိုက်ရသဖြင့် အံ့ဩသွားသည်။ ရှေ့ဆက်ရနိုး၊ နောက်ပြန်လှည့်ရနိုး ဖြစ်သွားသဖြင့် ချီတုံချတုံဖြစ်နေသည်။

နောက်မှ ပြန်ထွက်သွားရန်ဆုံးဖြတ်ပြီး လှည့်ထွက်လိုက်သည်။

"နီမောင်"

ခင်မလေးက လှမ်းခေါ်လိုက်သဖြင့် လှည့်ကြည့်လိုက်သည်။

"ငါ့ကို ကယ်ပါဦး နီမောင်"



သည်တော့မှ မိမိထင်သလိုမဟုတ်မှန်းသိလိုက်ရသဖြင့် နောက်ပြန်လှည့်လာသည်။

နီမောင် ပြန်လှည့်လာတာ မြင်သောအခါ ဇော်လန်းက ဒေါသကြီးစွာဖြင့်...

"ဟေ့ကောင်...ကိုယ်နဲ့မဆိုင်တာ ဝင်မရှုပ်နဲ့၊ မင်းလမ်း မင်းသွားစမ်း၊ အလုပ်သမားဟာ အလုပ်သမားနေရာမှာနေ"

ဟု အော်ထုတ်သည်။

နီမောင်က အနားလျှောက်သွားသည်။

"ခင်ဗျား လူကြီးလူကောင်းတစ်ယောက်ဆိုရင် ဒီလို မယုတ်မာသင့်ပါဘူး၊ မိန်းကလေးလက်ကို လွှတ်လိုက်ပါ"

"ဟေ့ကောင်...ကြီးကြီးကျယ်ကျယ် လာပြောမနေစမ်းပါနဲ့၊ ခင်လေးက ငါ့ချစ်သူကွ၊ သူစိတ်ကောက်နေလို့ချော့နေတာ၊ မင်း သွားစမ်းကွာ"

"မဟုတ်ဘူး နီမောင်၊ သူပြောတာတစ်ခုမှမဟုတ်ဘူး၊ ငါ့ကို မတရားကြံနေတာ၊ ငါ့ကို ကယ်ပါဦး နီမောင်ရယ်"

ခင်မလေးက အနားစဖွယ်လှမ်းပြောသဖြင့် နီမောင်အနား လျှောက်သွားပြီး ဇော်လန်းပခုံးကို ခပ်ကြမ်းကြမ်း ဆွဲဖယ် လိုက်သည်။

ထိုအခါ ဇော်လန်းက ဒေါသဖြင့်ထလာပြီး နီမောင့်မျက်နှာ ကို လက်သီးဖြင့်ထိုးချလိုက်ရာ ရုတ်တရက်မို့ နီမောင်မှာ လက်သီးချက်ထိပြီး နောက်သို့ လန်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇော်လန်းက ဒေါသတကြီးပြေးဝင်လာပြီး နောက်တစ်ချက် ဆင့်ထိုးပြန်ရာ နီမောင်ကလွတ်အောင်ရှောင်ပြီး ဇော်လန်းနံကြားသို့ ခြေထောက်ဖြင့် ဆောင့်ကန်လိုက်သည်။

'အင့်'ခနဲတစ်ချက်အော်ပြီး ခြေရင်းဘက်သို့ လဲကျသွားသည်။ ဇော်လန်းက ထိုနေရာမှာ တွေ့သောဓားတစ်လက်ကို ကောက်ယူလာပြီး နီမောင့်ဆီဝင်လာသည်။

နီမောင်က နေရာမှထလိုက်စဉ် ပြေးဝင်၍ ဓားဖြင့်အပေါ်မှ မိုးခုတ်သည်။

နီမောင်က ဓားကိုင်လက်ကို ဘယ်လက်ဖြင့်ဆီးဖမ်းကာ ရှေ့သို့ညာခြေတစ်လှမ်းတိုးဝင်ပြီး လွတ်နေသော ဇော်လန်းမျက်နှာကို ညာလက်ဝါးစောင်းဖြင့် ဖြတ်ရိုက်သည်။

"အား"

ထိုနောက် ချိုင်းအောက်မှ နောက်သို့လျှိုထွက်ပြီး ဇော်လန်းလက်ကိုလိမ်ပြီး ဓားကိုလုယူကာ လွှတ်လိုက်သည်။

ဇော်လန်းမှာ နှာနုကျိုးလုမတတ်ခံလိုက်ရသောကြောင့် မျက်နှာကို လက်ဝါးဖြင့်အုပ်၍ တအားအားအော်နေသည်။ နှာခေါင်းမှလည်း သွေးများ ယိုစီးကျလာသည်။

ထိုအခိုက်မှာ ဦးခိုင်ဇံတို့ ပြန်ရောက်လာသည်။

"ဟင်...ဒါက ဘာဖြစ်တာလဲ"

"ဒီကောင် ကျွန်တော့်ကို သက်သက်စော်ကားတယ် ဦးလေး"



ဇော်လန်းက ကလေးတစ်ယောက်လို ဦးခင်အောင် တိုင်သည်။

ဦးခိုင်ဇံ ဒေါသအကြီးအကျယ်ပေါက်ကွဲသွားသည်။

"ဟေ့ကောင် နီမောင်၊ မင်း ငါ့ဧည့်သည်ကို ဘာကြောင့် အခုလို လုပ်ရတာလဲ၊ မင်းအလုပ်သမားက အလုပ်သမားလို မနေဘဲ မျက်နှာသာပေးလို့ ရောင့်တက်တာပေါ့ ဟုတ်လား"

"မဟုတ်ဘူး ဦးလေး"

"ဘာမဟုတ်ရမှာလဲ၊ ဒီမှာ လက်ပူးလက်ကြပ်တွေ့နေတာတောင် ငြင်းလိမ်ချင်သေးတယ်"

နီမောင် ခင်မလေးကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ခင်မလေးမှာ ရှက်လွန်းသဖြင့် ခေါင်းမဖော်ဝံ့အောင်ရှိနေသောအဖြစ်ကိုကြည့်ပြီး အဖြစ်မှန်ကိုမပြောချင်တော့။

"ဟုတ်တယ်၊ သူကျွန်တော့်ကို စော်ကားလို့ ဆုံးမလိုက်တာ"

"လူပါးဝဦးကွာ...ဆုံးမချင်ဦးကွာ..."

ဒေါသပေါက်ကွဲနေသဖြင့် နီမောင့်မျက်နှာအား လက်သီးဖြင့် နှစ်ချက်ဆင့်ထိုးချလိုက်ရာ ဝုန်းခနဲလဲကျသွားသည်။

ပြန်ထလာတော့ နီမောင့်မျက်နှာတစ်ခုလုံး သွေးများရဲနေသည်။ ဦးခိုင်ဇံက ဒေါသမပြေနိုင်သေးသဖြင့် ခင်မကြီးက ဆွဲထားရသည်။

"တော်ပါတော့အဖေရယ်၊ လက်လွန်ကုန်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မင်းငါ့ရှေ့ကထွက်သွားစမ်းကွာ၊ နောက်ကို မင်းမျက်နှာကိုလဲ ငါမကြည့်ချင်တော့ဘူး၊ သွားစမ်း"

"မဟုတ်ဘူး အဖေ...မဟုတ်ဘူး၊ အဖေထင်သလို တစ်ခုမှမဟုတ်ဘူး"

ထိုအခါမှ ခင်မလေးက နေရာမှထလာပြီး ဓော်လန်း မျက်နှာကို ဒေါသဖြင့်ကြည့်သည်။

"သူ...သူ...သမီးကို..."

နီမောင် စကားဆုံးအောင် မစောင့်တော့ဘဲ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

ရင်ထဲမှာ ဝမ်းနည်းကြေကွဲလျက်။

* * *

## အခန်း [ ၁၄ ]

"ဟင်...ဖြစ်ရလေ သမီးရယ်...၊ အစကတည်းက အဖေ့ကို အဖြစ်မှန်ဘာဖြစ်လို့ ပြောမပြတာလဲ၊ အခုတော့ မြွေပါလဲဆုံး ၊ သားလဲဆုံး အဖြစ်မျိုးလို ကိုယ့်သားသမီးအသက်ကို ကယ်ခဲ့တဲ့ မြွေပါကိုသတ်မိသလို ဖြစ်နေပါပေါ့လား"

လူရှင်းသွားသောအခါမှ ဦးခိုင်ဇံအား ခင်မလေးက အကြောင်းစုံရှင်းပြလိုက်သောအခါ ဦးခိုင်ဇံမှာ မိမိမဆင်မခြင် ပြုလုပ်လိုက်မှုအတွက် နောင်တရနေတော့သည်။

နောက်တစ်နေ့ မနက်ပိုင်းတွင် ထွန်းကျော်အားလွှတ်၍ နီမောင်အား အခေါ်လွှတ်လိုက်သည်။

မကြာမီ ထွန်းကျော် ပြန်ရောက်လာသည်။

နီမောင် မပါလာပေ။

"နီမောင် မနက်သင်္ဘောနဲ့ မြို့ကိုလိုက်သွားပြီတဲ့ ဦးလေး"

"ဟော..."

ဦးခိုင်ဇံ ငိုင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးနားမှ အရိပ်အခြည်စောင့်ကြည့်နေကြသော ခင်မကြီးနှင့် ခင်မလေးတို့မှာလည်း မျက်စိမျက်နှာပျက်သွားကြသည်။

ထွန်းကျော်က . . .

"နီမောင် အလုပ်က တစ်ခါတည်းထွက်သွားပြီလား မသိဘူး၊ နီမောင်ထွက်သွားရင်တော့ မလွယ်ဘူး၊ ဒီကောင်က အလုပ်ကြိုးစားပြီး သစ္စာလဲရှိတယ်၊ ဦးလေးကို ခါးပြတ်ကျွန်းစခန်းတွေဘက်က အခြေအနေတွေကို ကျွန်တော်ပြောပြပါ့မယ်"

ဟုဆိုကာ ကုန်သည်များက စခန်းများကိုလှည့်ပြီး ကုန်များကို လက်သိပ်ထိုးဝယ်ကြကြောင်း၊ စခန်းတာဝန်ခံများကလည်း ပစ္စည်းအချို့ရောင်းပြီး ခွဲဝေယူကြကြောင်း။

နီမောင်ထံပစ္စည်းရောင်းရန် လာပြောသော်လည်း တစ်စုံတစ်ခုမှ မရောင်းခဲ့သဖြင့် မိမိတို့စခန်းမှ ပစ္စည်းများရခဲ့ကြောင်း အကြောင်းစုံ ပြောပြသည်။

"ဒါကြောင့် ထွန်းဖေတို့စခန်းတွေက ပစ္စည်းရတာ တဖြည်းဖြည်းနည်းတာကိုး၊ ဒါထက် ကုန်သည်တွေက ဘယ်ကလာကြတာလဲ"

"ရန်ကုန်ဘက်က ဆင်းလာတာလို့ပြောတယ်၊ ကျွန်တော့်အထင်တော့ ဇော်လန်းတို့နဲ့တစ်ဖွဲ့တည်း ဖြစ်ချင်ဖြစ်မယ်၊ သူတို့စက်လှေတွေကို ကျွန်တော်မြင်ဖူးတယ်"

"တောက် . . . အသားထဲက လောက်ထွက်ကွာ . . ."

"ဒါထက် ကျွန်တော်တို့ ခါးပြတ်ကျွန်းကို ဘယ်တော့ပြန်ရမလဲ ဦးလေး"



"နေဦးလေ . . . နီမောင်မှမရှိတော့တာ . . . ဘယ်လိုလုပ်ကြမလဲ၊ သူ့ကို အရင်တွေ့အောင်ရှာပြီးမှ အဆင်ပြေမှာပေါ့"

"စခန်းမှာက အဘမှင်တစ်ယောက်တည်း ကျန်ခဲ့တာ၊ သိပ်အကြာကြီးနေလို့ မရဘူး"

"နီမောင်မပါဘဲ ဖြစ်ပါ့မလား"

"မဖြစ်လဲ ရအောင်လုပ်ရမှာပဲ၊ ဒီဘက်ကလဲ နီမောင့်ကို တွေ့အောင်ရှာပြီး ပြန်ခေါ်၊ ကျွန်တော်တို့ကလဲ စခန်းကိုပြန်နှင့်မယ် ဦးလေး"

"အေး . . . ကောင်းသလိုသာ ကြည့်စီစဉ်ကြတော့ကွာ . . ."

ဤသို့ဖြင့် စက်လှေပြန်ထွက်ရန် လိုအပ်သောပစ္စည်းများ ချပေးခြင်း၊ ယခင်အပတ်လစာငွေများထုတ်ပေးခြင်း၊ ကုန်ပစ္စည်းများ အထိအမိကောင်းသဖြင့် အပိုငွေများထပ်ပေးခြင်းများ စီစဉ်ပေးရသည်။

နီမောင့်အတွက် လစာငွေနှင့် အပိုငွေများကို သူ့မိခင် ဒေါ်မြမေအား သွားပို့ပေးလိုက်ကြသည်။

စက်လှေထွက်ခါနီးတွင် ထွန်းကျော်က . . .

"နီမောင်က ကျွန်တော်တို့ လုပ်ဖော်ကိုင်ဘက်တွေအပေါ်မှာလဲ သံယောဇဉ်ရှိတယ်၊ ပင်လယ်အလုပ်တွေအပေါ်မှာလဲ ခင်တွယ်တယ်၊ တစ်နေ့တော့ သူပြန်လာမှာပါ"

ဟု ပြောဆိုကာ စက်လှေထွက်သွားလေတော့သည်။

စက်လှေများ ပင်လယ်သို့ ပြန်ထွက်ခါနီးတွင် စီစဉ်ဆောင်ရွက်ပေးစရာများသောကြောင့် တစ်နေ့လုံး မအားမလပ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေရာမှ ဆိပ်ကမ်းမှစက်လှေများ ပင်လယ်သို့ အသီးသီးထွက်ခွာသွားသောအခါမှ နားခွင့်ရကြလေသည်။

ထိုအခါမှ ခင်မလေးခမျာလည်း အခန်းထဲဝင်ပြီး နားခွင့်ရလေတော့သည်။

ခင်မလေးမှာ အရင်လိုမဟုတ်တော့ဘဲ အလုပ်ရှိလျှင်ထွက်လုပ်၊ အလုပ်မရှိလျှင် အခန်းတွင်းသို့ဝင်ကာ တစ်ယောက်တည်း နေလေ့ရှိသည်။ သူမ အမူအရာမှာ သွက်လက်မှုမရှိဘဲ လေးလံထိုင်းမှိုင်းလျက်ရှိနေသည်။

ဖြစ်ပြီးခဲ့သော အကြောင်းအရာများက ရင်ထဲမှ မထွက်နိုင်အောင်ရှိနေသည်။ ရုပ်ရှင်ပိတ်ကားပေါ်မှာ ကြည့်ရသလို တစ်ခုချင်းပြန်လည် မြင်ယောင်နေမိသည်။

တွေးမိတိုင်း ရင်ထဲမှာ နင့်နေသည်။

ခင်မလေး ခုတင်ပေါ်တွင် တစ်ယောက်တည်း လှဲနေစဉ်အခန်းတွင်းသို့ ခင်မကြီးဝင်လာသည်။

"ညီမလေး...နေကောင်းရဲ့လား"

ခင်မကြီး၏ ကြင်နာစွာအမေးကြောင့် ခင်မလေးမှာငိုချင်ရက်လက်တို့သူပမာ အားနည်းစွာပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ ခင်မကြီးက ခုတင်စွန်းတွင်ဝင်ထိုင်ရင်း ခင်မလေးနဖူးပြင်ကို ကြင်နာစွာ စမ်းရင်း...

"သိပ်လဲစိတ်မကောင်း သိပ်မဖြစ်နေပါနဲ့ ညီမရယ်"

ဟု နှစ်သိမ့်မှုပေးလိုက်သည်။

ခင်မလေးက လှဲနေရာမှ ထလိုက်သည်။



"ကိုယ့်အတွက်ကတော့ ဘာမှအကြောင်းမဟုတ်ပေမယ့်တစ်ဖက်သားအတွက် သိပ်ပြီးနစ်နာသွားတာကိုတွေးပြီး စိတ်မကောင်း ဖြစ်မိတာပါ"

"အေးကွယ်...ဘယ်တတ်နိုင်ပါ့မလဲ..."

"သူ ကျွန်မတို့အပေါ် အတော်စိတ်နာသွားပြီနဲ့တူတယ်နော် မမကြီး"

"နီမောင်က အဲ ဒီလောက်တော့ အတေးအမှတ်ထားမယ့် လူစားမျိုးတော့ မဟုတ်ဘူးနဲ့တူပါတယ်ကွယ်"

"ဒါပေမယ့် ဒီတစ်ခါတော့ သူ ကျွန်မတို့ကို ခွင့်လွှတ်နိုင်မယ်မထင်ဘူး၊ ပြန်မှလာပါတော့မလားဟင် မမကြီး"

ခင်မကြီးက ညီမဖြစ်သူ၏ ရင်ထဲမှ ဝေဒနာကို နားလည်စွာပြုံးရင်း...

"ပြန်လာမှာပါ ညီမလေးရယ်၊ ဒီလောက်လဲ စိတ်ပူမနေပါနဲ့၊ ဒါထက် ကိုယ်ခိုင်းနေတဲ့အလုပ်သမားတစ်ယောက် အလုပ်က ထွက်သွားတာများ ဘာဖြစ်လို့ ညီမလေးက ဒီလောက်စိတ်ပူနေရတာလဲ ပြောပါဦး"

"အို...မမကြီးကလဲ ဘာတွေပြောနေမှန်းမသိဘူး"

ခင်မလေးမှာ လူမိခံရသူပမာ ရှက်စနိုး အမူအရာဖြင့်ခင်မကြီးကို တွန်းပစ်လိုက်တော့သည်။

နုနယ်သော နှလုံးသားဆိုသည်မှာ အဖြေရှာခက်လှသောပြဿနာတစ်ပုဒ်နှယ် အသိရခက်စွာ နက်နဲသိမ်မွေ့လှပေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၅ ]

မိုးကုန်သွားသည်ဆိုသော်လည်း ပင်လယ်ပြင်တွင် ရာသီဥတုက မကြည်လင်သေး။

ကြည့်လေရာ မြင်လေရာ မှုန်မှုန်မှိုင်းမှိုင်းရှိနေဆဲပင်။

တစ်ချက်တစ်ချက် လေပြင်းများတိုက်ခတ်လေတိုင်း ပင်လယ်မျက်နှာပြင်မှာ လှိုင်းလုံးကြီးများဖုံလွှမ်းကာ အကျည်းတန်လျက်ရှိနေသည်။

သို့သော် ပင်လယ်အလုပ်သမားတို့မှာ လှိုင်းထလာလျှင် ငြိမ်နေလိုက်၊ လှိုင်းငြိမ်သွားလျှင် ပြန်ထပြီး အလုပ်လုပ်လိုက်ကြဖြင့် တကျော့စီဖြစ်နေတော့သည်။

ပင်လယ်ပြင်ဟူသည်...

သဘာဝ သယံဇာတပစ္စည်းများပေါများသလောက် အန္တရာယ်များလွန်းသော နေရာလည်းဖြစ်ပေသည်။

ပင်လယ်မှရသော ပစ္စည်းများမှာ တန်ဖိုးကြီးသလောက် အသက်ဖြင့်ရင်းပြီး လုပ်ကိုင်ကြရသည်။



ပင်လယ်ပြင်ထွက်ခွာသွားသော အလုပ်သမားတို့၏ မိဘဆွေမျိုး၊ သားမယား သားသမီးတို့မှာ ပြန်မလာမချင်း သက်ပြင်းတချချ၊ 'ဟင်း' တမမနှင့် စောင့်ကြရသည်။

ကမ်းစပ်သို့ စက်လှေပြန်ရောက်ပြီး မသေမပျောက်ပြန်ပါလာတော့မှ ဝမ်းသာပျော်ရွှင်နိုင်ကြသည်။

သည်မျှ အန္တရာယ်များသော နေရာဖြစ်စေကာမူ...

ပင်လယ် အလုပ်သမားတို့မှာ...

ပင်လယ်ကို ချစ်ကြသည်။

ပင်လယ်ကို ခင်တွယ်ကြသည်။

ပင်လယ်ရင်ခွင်မှ ဘယ်မှခွာမသွားချင်အောင် စွဲလမ်းနှစ်သက်တတ်ကြသည်။

တကယ်တော့ ပင်လယ်သည်...

သူတို့တွေအတွက် ထာဝရ 'ကျွေးမိခင်' ပင်မဟုတ်ပါလား။

ယခုလည်း ရာသီဥတု သိပ်မကြည်လင်စေကာမူ သူတို့ ပင်လယ်သို့ထွက်ကြသည်။

လုပ်ငန်းခွင် ဝင်ကြသည်။

အချို့ကလည်း အလုပ်သွားရန် ပြင်ဆင်ကြသည်။

ထွန်းဖေတို့အဖွဲ့တွေလည်း ပင်လယ်ထွက်ရန် ပြင်ဆင်နေစဉ် စိန်သန်းတို့အဖွဲ့ရောက်လာသည်။

"အလုပ်ဝင်တော့မလား ကိုထွန်းဖေ"

"အေးကွာ...ရာသီဥတုမကောင်းတာနဲ့ အရက်ချည်းလိုမှ

www.burmeseclassic.com



သောက်နေတာ၊ ဒီနေ့တော့ အလုပ်ထွက်တော့မလားလို့ ပြင်ဆင်နေတာ၊ ဒါထက် မင်းဘယ်က လှည့်လာတာလဲ စိန်သန်း”

“ကိစ္စတစ်ခု အရေးကြီးလို့ လာခဲ့တာဗျ”

“လာ...ထိုင်ကွာ၊ ဘာကိစ္စလဲ”

“ဒီလိုဗျ၊ ကျွန်တော် သတင်းတစ်ခုကြားထားတယ်”

“ဘာလဲ”

“ဒီလိုဗျ၊ ဘုရားကုန်းတော်ရဲ့ အောက်ဘက်ကချောက်ထဲမှာ ပုလဲအိုင်တစ်ခုရှိတယ်တဲ့၊ နောက်ပြီး ပုလဲနက်ကြီးလဲရှိတယ်လို့ သတင်းကြားခဲ့တယ်”

“မင်းကို ဘယ်သူပြောသလဲ”

“ကျုပ်ကိုလဲ...လာပြောတဲ့သူရှိတာပေါ့ဗျ...၊ နီမောင်တို့အဖွဲ့ဆိုရင် အဲဒီနေရာမှာ အမြဲပုလဲငုပ်နေကျတဲ့...၊ ခင်ဗျား မသိဘူးလား”

“နည်းနည်းတော့ သိတယ်၊ ဒါပေမယ့် အဲဒီနေရာက အန္တရာယ်သိပ်များတယ်၊ ပုလဲအိုင်ရှိသလို ငါးမန်းဝဲလဲရှိတယ်”

“ဒါပေမယ့် ပုလဲနက်ကြီးရှိတယ်ဆိုတာတော့ ခင်ဗျား မသိသေးဘူး မဟုတ်လား”

“ဟေ့အေး၊ အဲဒါတော့ ငါမသိသေးဘူး၊ မင်းက ဘယ်လို သိတာလဲ”

“ဒီတစ်ပတ် ရွာပြန်ရောက်တော့ နီမောင်တို့အဖွဲ့ထဲက ချာတိတ်တစ်ယောက်ကို အရက်မူးအောင်တိုက်ပြီး ချော့မေးလို့ သိခဲ့ရတာဗျ၊ ပြောပုံအရဆိုရင် ပုလဲနက်ကြီးက ဘုရားဌာပနာ



ထားတာတဲ့၊ ပန်းသီးလုံးလောက်ကို ကြီးတာတဲ့၊ ရလိုက်ရင်တော့ ပွဲပြတ်ပြီ၊ ကျုပ်တို့တစ်တွေ ဒီတစ်သက် စားလို့ မကုန်တော့ဘူး”

“မင်းက ဘယ်လိုလုပ်ချင်လို့လဲ စိန်သန်း”

“အခု နီမောင်တို့စခန်းမှာ နီမောင်မရှိတော့ဘူး၊ ဦးခိုင်ဖေကအလုပ်ထုတ်လိုက်လို့ ထွက်သွားပြီ၊ ဒီတော့ ကျန်တဲ့လူတွေက ဒီလောက် စွန့်စားဝံ့ကြမှာမဟုတ်ဘူး၊ နီမောင်မရှိဘဲနဲ့တော့ သူတို့ဒီနေရာကို လုံးဝလာဝံ့ကြမှာ မဟုတ်ဘူး”

“အင်း”

“ဒီတော့ ကျုပ်တို့နှစ်ဖွဲ့ပေါင်းပြီး အဲဒီနေရာကိုပုလဲ သွားငုပ်ကြရင် ကောင်းမယ်၊ အဖော်ကောင်းရင် ပုလဲနက်ကြီးကိုလဲ ရှာကြတာပေါ့”

စိန်သန်းစကားကြောင့် ထွန်းဖေအတန်ကြာအောင် မျက်မှောင်ကျုံ့၍စဉ်းစားနေသည်။

အရက်ခိုးမပြေသေးသဖြင့် အဆီပြန်နေသော ထွန်းဖေ၏ မျက်နှာပြင်ပေါ်တွင် လောဘစိတ်ကြောင့် တက်ကြွမှုများ ဖြစ်ပေါ်နေ၏။

“အင်း...ကောင်းတော့ ကောင်းပါတယ်၊ တို့နှစ်ဖွဲ့ဆိုတော့ အဖော်လဲကောင်းသားပဲ...၊ ဘာမှကြောက်စရာမလိုပါဘူး၊ တခြားနေရာတွေ စမ်းတဝါးဝါးနဲ့ လိုက်ရှာနေတာနဲ့စာရင် သေချာတဲ့နေရာသွားတာက ပိုကောင်းတာပေါ့၊ အခုပဲသွားကြမလား”

ထွန်းဖေက ဆုံးဖြတ်ချက်ချပြီး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်လေ. . .ကျွန်တော်တို့က အဆင်သင့်ပဲ"

"အေး. . .သွားမယ်"

ထို့နောက် ထွန်းဖေက မိမိလူများကိုပင်လယ်ထွက်ရန် ပြင်ဆင်ခိုင်းပြီး နှစ်ယောက်သား အရက်သောက်ရင်း စောင့်ကြသည်။ ပြီးစီးသောအခါမှ စေတီတော်ရှိရာဘက်သို့ ဦးတည် ထွက်ခဲ့ကြသည်။

ရာသီဥတုမမှန်သေးကြောင့် ပုလဲအိုင်ဘက်တွင် လှိုင်းများ က မငြိမ်သေးပေ။

စေတီတော်ရှိရာ ကျောက်ဆောင်များသို့ တဝုန်းဝုန်း လာရောက် ရိုက်ခတ်လျက်ရှိသည်။

ထွန်းဖေနှင့် စိန်သန်းတို့ခေါင်းဆောင်သော အလုပ်သမား များသည် အခြေအနေကိုကြည့်ပြီး ရေအောက်ဆင်းကာ ပုလဲ ရှာကြသည်။ ထိုနေရာတစ်ဝိုက်မှာ ရေစူးနက်သောကြောင့် ကြိုးစား၍ငုပ်ကြရသည်။

သူတို့ရေအောက်ရောက်နေချိန်တွင် ပင်လယ်ပြင်ထက်ရှိ ရာသီဥတုအခြေအနေမှာ တစ်စတစ်စပိုဆိုးလာသည်။ လေမှာ ပုံမှန်တိုက်ခိုက် နေရာမှ ပိုမိုပြင်းထန်လာသည်။ ပင်လယ်မျက်နှာ ပြင်ထက်တွင် လှိုင်းလုံးများကြွတက်လာ၏။ ထွန်းဖေတို့စက်လှေ မှာ လှိုင်းများကြားတွင် ကျွမ်းပြန်လျက်ရှိနေတော့သည်။

ထိုအချိန်တွင် ပုလဲအိုင်နှင့် မနီးမဝေးပင်လယ်ပြင်တွင် လှိုင်းပေါက်သံကဲ့သို့ ပြင်းထန်သော အသံကြီးများ ပေါ်လာသည်။



ပင်လယ်ဟည်းသံလို တုန်လှုပ်မှုကြီးများဖြစ်လာသည်။

ထွန်းဖေတို့အဖွဲ့မှာ ရေအောက်တွင်ရောက်နေသောကြောင့် ထိုအသံများကိုမကြားကြပေ။

ထို့ပြင်. . .ရေအောက်တွင်လည်း ကမာကောင်များစွာတို့ကို တွေ့နေရသောကြောင့် ထိုအဖြစ်အပျက်များကို သတိမပြုမိ ကြပေ. . .။

ထွန်းဖေတို့အဖွဲ့မှာ တစ်စတစ်စနှင့် ရေအောက်မှ ဂူပေါက် ဝကြီးအနီးသို့ရောက်သွားကြသည်။

အချို့က ဂူအတွင်းပိုင်းဘက်သို့ ဝင်ကြည့်ကြသည်။

ထိုသို့ ရှိနေစဉ်မှာ. . .

သူတို့အတွက် မမျှော်လင့်သော အန္တရာယ်တစ်ခုက ဂူအတွင်းပိုင်းဘက်မှ ထွက်လာသည်။

လှိုင်းပေါက်သံလို အသံကြီးမျိုး။

ပင်လယ်ဟည်းသံလို အသံမျိုးကြီးများ ပေါ်လာပါက လူသားစားသတ္တဝါကြီး ရောက်လာတတ်သည်ကို မသိရှာသော လောဘသားများမှာ သတ္တဝါကြီးနှင့် ပက်ပင်းတိုးလေတော့သည်။

ရေအောက်တွင် လှုပ်ရှားမှုနှေးကွေးနေစဉ် သတ္တဝါကြီး ရောက်လာရာ ဘယ်လိုမှ ရှောင်တိမ်းချိန်မရဘဲ သတ္တဝါကြီး၏ ကိုက်ဖြတ် စားသောက်ခြင်းကို ခံကြရတော့သည်။

ဂူအတွင်းအပြင်တစ်ဝိုက်မှာ သွေးညှီနံ့များလွှမ်းသွားလေ တော့သည်။

အခြားသူများမှာလည်း အန္တရာယ်အရိပ်အခြေကို သိလိုက်

www.burmeseclassic.com



ကြသဖြင့် ရေပေါ်ရောက်အောင် အလုအယက်တက်ပြေးကြသည်။ မလွတ်နိုင်သူများကတော့ ရေအောက်သတ္တဝါကြီး၏ ကိုက်ဖြတ်စားသောက်ခြင်းခံကြရာ ရေအောက်ငရဲခန်းသဖွယ်ဖြစ်တော့သည်။

သွေးညှီနံ့များကြောင့် သားစားငါးမန်းများကလည်း ချက်ချင်းရောက်လာကြသောကြောင့် ကျန်လူများမှာ အသက်လုပြီး စက်လှေပေါ် ပြန်ရောက်အောင်တက်ခါ မောင်းပြေးကြရသည်။

အတန်ငယ်ဝေးလာသောအခါမှ ပုလဲအိုင်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ လှိုင်းလေကြားမှ ခေါင်းထောင်၍ ကြည့်နေသော သတ္တဝါကြီးတစ်ကောင်၏ ဦးခေါင်းပိုင်းကြီးကို မသဲမကွဲလှမ်းမြင်လိုက်ရတော့သည်။

* * *

## အခန်း [ ၁၆ ]

"အမယ်လေး...ကယ်ကြပါဦး၊ ကယ်ကြပါဦး၊ လူတွေကို လိုက်ကိုက်စားနေတယ်ဗျ၊ လူတွေကို လိုက်ကိုက်စားနေတယ်"

ထိုအသံမှာ ထွန်းဖေတို့ စခန်းအတွင်းမှ ကယောင်ကတမ်းဖြင့် အော်ဟစ်နေသောအသံများဖြစ်ကြသည်။

တစ်နေ့က ထွန်းဖေနှင့်စိန်သန်းတို့ နှစ်ဖွဲ့ပေါင်းပြီး ပုလဲအိုင်ဘက်သို့ ပုလဲငုပ်သွားကြရာ သတ္တဝါကြီးတစ်ကောင် တိုက်ခိုက်ခြင်းခံရသောကြောင့် လူအတော်များများ သေဆုံးကုန်လေသည်။

အသက်မသေဘဲ ပြန်ရောက်လာသူများမှာလည်း သွေးပျက်စရာမြင်ကွင်းကြောင့် လန့်ဖျားဖျားကုန်ပြီး၊ သတိလစ်သူလစ်၊ ကယောင်ကတမ်း အော်သူအော်နှင့် ငရဲပွက်သံအလား ဆူညံနေတော့သည်။

"တောက်...ရှေ့က နီမောင်တို့ သွားခဲ့ကြတုန်းက ဘာမှမဖြစ်ကြဘဲ တို့သွားမှပဲ ဒီလိုဖြစ်ရတယ်၊ လုံးဝကျေနပ်စရာ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ ဒီပုံအတိုင်းဆိုရင်တော့ ဂူထဲမှာ ပုလဲနက်ကြီးရှိနေမှာ အမှန်ပဲ၊ ဒါပေမယ့် အဲဒီသတ္တဝါကြီးက ဘာကောင်ကြီးလဲ...”

“မသိဘူး ကိုထွန်းဖေ၊ ကြောက်စရာကောင်းတာတော့ အမှန်ပဲ၊ ကျွန်တော် အထင်တော့ ပင်လယ်မြွေကြီးဖြစ်မယ် ထင်တယ်၊ လူတစ်ယောက်ကို တစ်ချက်ကိုက်ပြီး တစ်ခါတည်း မျိုချပစ်လိုက်သလားပဲ...”

“ဟုတ်တယ်၊ ကျုပ်တို့တောင် ကျောက်ဆောင်အကွယ်မှာ ကပ်နေတာ မြန်လိုက်လို့၊ နို့မဟုတ်ရင် မလွယ်ဘူး၊ ဒါတောင် အနားကဖြတ်သွားတာ ရေငုပ်သင်္ဘောကြီးတစ်စင်းလိုပဲ တော်တော်နဲ့ မဆုံးနိုင်ဘူးဗျာ...”

“ကျုပ်တို့ပြန်ထွက်လာတော့ နောက်က ခေါင်းထောင်ကြည့်နေလိုက်တာ ကျုပ်တို့သင်္ဘောထက်တောင် မြင့်သေးတယ်”

တစ်ယောက်တစ်မျိုး မိမိတို့အတွေ့အကြုံများကို ပြောပြကြသည်။

“ဘာပဲဖြစ်ဖြစ်...ငါတော့ ဒီပုလဲနက်ကြီးကို ရအောင်ကိုကြံမယ်...၊ ဖြစ်တဲ့နည်းနဲ့ ရအောင်ယူမယ်...”

ထွန်းဖေကကြိမ်းဝါးနေစဉ်မှာ သူတို့ဆိပ်ကမ်းသို့ စက်လှေတစ်စီးကပ်လာသည်။

တဲတားပေါ်သို့ ဇော်လန်းတို့အဖွဲ့ တက်လာသည်။

တဲအတွင်း ဝင်လာသောအခါ ထွန်းဖေက...

“ဟာ...ကိုဇော်လန်းတို့ပါလား၊ ဒီတစ်ပတ်လာတာ စောလှချည်လား၊ ဘယ်လိုရောက်လာကြတာလဲ”



“ဒီကိုပဲလာခဲ့တာပေါ့ ကိုထွန်းဖေရာ၊ အရင်အခေါက်တွေလိုပဲ အလုပ်လုပ်ကြရအောင်၊ ခင်ဗျားတို့ဆီ အရင်လှည့်ဝင်ခဲ့တာဗျ”

“အေးဗျာ...ဒီမှာက ပွဲဦးထွက်အခြေအနေမကောင်းဘူး ဖြစ်သွားတယ်၊ စခန်းက လူနှစ်ယောက်သုံးယောက်တောင် ရေအောက်မှာ ထားခဲ့ရတယ်”

“ဘယ်လိုဖြစ်တာလဲဗျ”

ထွန်းဖေက အကြောင်းစုံပြောပြလိုက်သည်။

“အေးဗျာ...ကြားရတာ စိတ်မကောင်းပါဘူး၊ ကျုပ်ခင်ဗျားတို့ဆီ အားကိုးပြီးလာခဲ့တာဗျ”

“စိတ်တော့ မပျက်ပါနဲ့ဗျာ...ကျွန်တော်တို့ဆီကရတဲ့ ကုန်ပစ္စည်းလေးတွေကိုတော့ တချို့တဝက်ခွဲရောင်းပေးပါ့မယ်၊ နောက်ပြီး ခင်ဗျားကို အသိပေးစရာရှိတယ်၊ တိုင်ပင်စရာလဲ ရှိတယ်”

“ဘာများလဲဗျ”

“လာဗျာ...ဟို အုန်းတောစပ်မှာ အရက်သောက်ရင်း တိုင်ပင်ကြရအောင် ကျုပ်အရက်တစ်ပုလင်းဆွဲလာခဲ့မယ်”

ဇော်လန်းကလည်း မငြင်းပေ။

နှစ်ယောက်သား အရက်တစ်ပုလင်းနှင့် ငါးကင်အချို့ကိုယူကာ အုန်းတောဘက်ထွက်လာခဲ့သည်။

ရာသီဥတုသာယာနေသောကြောင့် အုန်းတောအစပ်သောင်ပြင်ပေါ်တွင် လေတဖြူးဖြူးနှင့် သာတောင့်သာယာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား သောင်ပြင်တစ်နေရာတွင် ထိုင်ရင်း အရက်တစ်ကျိုက်၊ ငါးကင်တစ်ကိုက်ဖြင့် သောက်ကြရင်း အရှိန်ရလာသောအခါ ထွန်းဖေက...

"တလောက ကိုဇော်လန်းအတွက်နဲ့ပတ်သက်ပြီး ဦးခိုင်စံက နီမောင်ကို အလုပ်ကထုတ်ပစ်လိုက်တယ်"

"ဒီလိုဆိုတော့လဲ ယောက္ခမလောင်းကြီးက ကျုပ်ဘက်က အပါသားပဲ၊ ကျုပ် သူတို့ဆီသွားရမှာတောင် မျက်နှာပူနေတာ"

"မပူနဲ့...မပူနဲ့၊ အခု အနှောင့်အယှက်ပေးမယ့် နီမောင်လဲ မရှိတော့ဘူး၊ တစ်ချိန်ကျရင် ခင်ဗျားက သူ့ ဌေးသားမက်တောင် ဖြစ်ချင်ဖြစ်လာဦးမှာ၊ အဲဒီအချိန်ကြရင်သာ ကျုပ်တို့ကို မမေ့နဲ့နော် ကိုဇော်လန်း"

ထွန်းဖေက လျှာလေးအားလေးဖြင့် ပြောသည်။

"မမေ့ပါဘူးဗျာ...ခင်ဗျားပြောသလို တကယ်ဖြစ်လာရင်တော့ ကောင်းတာပေါ့၊ ဒါထက် ကျုပ်နဲ့တိုင်ပင်မယ့်ကိစ္စက ဘာကိစ္စလဲ..."

ထွန်းဖေက အရက်တစ်ခွက်ကို လက်စသပ်မော့သောက်လိုက်ပြီးမှ စကားစသည်။

"ဒီလိုဗျ...ကျုပ်တို့ အခု ပုလဲနက်ကြီးရှိတဲ့နေရာကို သဲလွန်စတွေ့ထားပြီဗျ"

"ဟင်...ဟုတ်လား"

ဇော်လန်းက သောက်လက်စအရက်ခွက်ကို ပြန်ချထားလိုက်သည်။



"ဟုတ်တယ်ဗျ၊ ဒါပေမယ့် အဲဒီနေရာကသွားဖို့မလွယ်ဘူး၊ တကယ့်အန္တရာယ်နေရာပဲ"

"ဘာဖြစ်လို့လဲ"

"အဲဒီဂူထဲမှာ လူသားစားသတ္တဝါကြီးတစ်ကောင် ရှိနေတယ်၊ အထဲဝင်တာနဲ့ ပြန်လမ်းမရှိဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ယူမှာလဲ"

"ဒါကလွယ်ပါတယ်၊ အဲဒီဂူအတွင်းပိုင်းရောက်အောင် ဝင်ဖူးတဲ့လူရှိတယ်"

"ဘယ်သူလဲ"

"နီမောင်"

"နီမောင်က အလုပ်ထွက်သွားပြီဆို...ဘယ်လို တွေ့အောင် ရှာမလဲ"

"ဒါက လွယ်ပါတယ်၊ သူ့ကို ဒီအရောက်ပြန်ခေါ်နိုင်မယ့် နည်းလမ်းတွေရှိပါတယ်"

"တယ်ဟုတ်ပါလား၊ ဘယ်လိုနည်းလမ်းတွေရှိတာလဲ"

ထွန်းဖေက အရက်တစ်ခွက်ငှဲ့ကာ မော့သောက်လိုက်ပြီးနောက် ဇော်လန်းအား အစီအစဉ်များ ပြောပြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၁၇ ]

မိုးလေကင်းစင်နေသောကြောင့် ပင်လယ်ပြင်ပေါ်သို့ လရောင်များ တစ်စွန်းတစ်စ ဖြာကျနေသည်။

အမှောင်ရိပ်သမ်းနေသော ပင်လယ်မျက်နှာပြင်ပေါ်သို့ လရောင်ဖြာကျနေသည်မှာ ငွေရောင်ဆမ်းထားသည့်နှယ် လှပသာယာလျက်ရှိသည်။

လေတဖြူးဖြူး တိုက်ခတ်လေတိုင်း လှိုင်းကြက်ခွပ်ကလေးများ ထသွားပုံမှာ ငွေရောင်တဖျပ်ဖျပ်နှင့် ပန်းချီကားတစ်ချပ် သဖွယ်ရှိ၏။

ပုလဲအိုင်အထက် ကျောက်တောင်ထိပ်တွင်တည်ထားသော စေတီတော်ဆီမှ ဆည်းလည်းသံကလေးများမှာ တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်တစ်ဝိုက် သာယာကြည်နူးဖွယ်ရာ ကြားနေရသည်။

စေတီတော်ရင်ပြင်တော်ပေါ်ဝယ် အဘိုးအိုတစ်ဦး တရားထိုင်လျက်ရှိသည်။



သူသည် ပင်လယ်ပြင်ဘက်သို့ မျက်နှာမူကာ တစ်ယောက်တည်း အေးချမ်းတိတ်ဆိတ်စွာ ထိုင်နေသည်။

သဘာဝပတ်ဝန်းကျင်သည် အဘိုးအိုအား အနှောင့်အယှက်မဖြစ်စေရုံသာမက ဆိတ်ငြိမ်မှုများက သမာဓိအားကိုပင် ဖြစ်စေသည်။

ထိုအခိုက်မှာပင်...စေတီတော်ရင်ပြင်အောက် ပင်လယ်မျက်နှာပြင်ပေါ်ဝယ် ကြီးမားရှည်လျားသော...သတ္တဝါကြီးတစ်ကောင် ကူးခတ်လှုပ်ရှားလျက်ရှိသည်။

သတ္တဝါကြီးသည် အတန်ကြာအောင် ကူးခတ်လှုပ်ရှားနေရာ ရေပြင်ပေါ်ဝယ် လှိုင်းဂယက်ကလေးများ လှုပ်ရှားလျက်ရှိသည်။ ခဏကြာသောအခါ ဂူအတွင်းသို့ ပြန်ဝင်သွားပြီးနောက် ပျောက်ကွယ်သွားလေသည်။

တောင်ကုန်းထက်မှာတော့ အဘိုးအိုက တရားထိုင်မြဲဆက်ထိုင်နေသည်။

ညဉ့်နက်ပိုင်းရောက်သောအခါ လရောင်ကတဖြည်းဖြည်းမြင့်တက်လာပြီး မိုးနှင်းငွေ့ကလေးများ ထွေးပတ်လာသည်။ ရင်ပြင်ပေါ် တစ်ဝိုက်မှုန်ဝါးဝါးဖြစ်လာသည်။

အအေးဓာတ်ကလည်း ပိုကဲလာသည်။

ထိုအချိန်မှာ ရင်ပြင်တော်ပေါ်သို့ လူတစ်ယောက်တက်လာသည်။

ထိုသူသည် အဘိုးအိုအနားရောက်သောအခါ နောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com



နားတွင် အသံမကြားအောင်ဝင်ထိုင်ရင်း အဘိုးအိုတရားထိုင်ပြီး သည်အထိ စောင့်နေသည်။

ခဏကြာသောအခါ အဘိုးအိုက တရားထိုင်ခြင်းကို ပြီးသွားသဖြင့် ဘုရားကိုဝတ်ပြုကန်တော့ကာ နေရာမှထသည်။

နောက်ဘက်တွင်ထိုင်နေသော လူရွယ်ကိုမြင်သောအခါ...

"ကိစ္စရှိလို့လား"

"အဘ...ဘာများ မှာဦးမလဲလို့ တက်လာတာ..."

အဘိုးအိုက အတန်ကြာအောင် မျက်စိမှိတ်စဉ်းစား နေပြီးမှ...

"အင်း...လူတွေရဲ့ ဒေါသ မောဟ လောဘတွေကြောင့် အေးချမ်းသာယာလှပတဲ့ တို့ရဲ့နေရာလေးမှာ မကြာခင် သွေးနဲ့ရေ လွှမ်းတော့မယ်၊ လောဘကြောင့် လူတွေ မသေသင့်ဘဲ သေကြ ရဦးမယ်"

"ဘယ်ကိစ္စကြောင့်လဲ အဘ"

"ဘုရားဌာပနာထားတဲ့ ပုလဲနက်ကြီးကိုအကြောင်းပြုပြီး လောဘသားတွေကြောင့် ဒီနေရာမှာ သေကြေပျက်စီးမှုတွေ ဖြစ်လိမ့်ဦးမယ်"

"ကျွန်တော်ကတော့ ကျွန်တော့်တာဝန်ကို ကျေပွန် အောင်ထမ်းပါ့မယ်၊ ဘုရားပစ္စည်းတွေမပျောက်ပျက်ရအောင် စောင့်ရှောက်ပါ့မယ်၊ သူ့စည်းကိုယ့်စည်းထားပါ့မယ်၊ ကိုယ်က သူများစည်းကို မကျော်ပါဘူး၊ ကိုယ့်စည်းကိုကျော်လာပြီး ကျွန်တော်စောင့်ရှောက်ရတဲ့ ဘုရားပစ္စည်းတွေကို မတော



လာယူရင်တော့ ဘယ်သူမဆို ကျွန်တော် တာဝန်အရ ဖယ်ရှား ရမှာပဲအဘ"

"အင်း...သတ္တဝါတစ်ခု ကံတစ်ခုပေါ့ကွယ်၊ လူတွေဟာ လောဘနဲ့နေပြီး လောဘကြောင့် သေကြရတယ်ဆိုရင် လူဖြစ် ရကျိုးနပ်ကြမှာပဲ...၊ အင်း...သတ္တဝါတစ်ခု ကံတစ်ခု၊ သတ္တဝါ တစ်ခု ကံတစ်ခုပေါ့ကွယ်"

ထိုသို့ရေရွတ်ပြီး အဘိုးအိုက တောင်အောက်သို့ပြန်ဆင်း သွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၈ ]

နီမောင်ရွာမှထွက်သွားပြီး တစ်လကျော်လောက်ကြာသော အခါ ရွာသို့ပြန်ရောက်လာသည်။

ဒေါ်မြမေကတော့ သားဖြစ်သူပြန်လာသောကြောင့် ဝမ်းသာနေသည်။

"သားမြို့က ပြန်လာပြီလား၊ မြို့က သားဦးလေးတွေရော နေကောင်းကြရဲ့လား"

"ကောင်းကြပါတယ်အမေ...၊ မြို့မှာအလုပ်အကိုင်ကိစ္စ လေးတွေ စီစဉ်နေရတာနဲ့ နည်းနည်းကြာသွားတာပါ၊ အမေရော နေကောင်းရဲ့လား၊ ကျွန်တော်မရှိတဲ့အချိန်မှာရော အဆင်ပြေ ရဲ့လား အမေ"

"ပြေပါတယ်သားရယ်၊ ဦးခိုင်ဇံတို့အိမ်က သားရဲ့လစာတွေ လာပို့ပေးကြတယ်၊ အရင်လကရော အခုလအတွက်ပါ လာပို့ ပေးတယ်၊ အရင်တစ်ခေါက်က ထွန်းကျော်လာပို့ပေးတယ်။ အခုလအတွက်ကတော့ ခင်မလေးကိုယ်တိုင် လာပေးတယ်"



"ဟင်"

နီမောင် နားမလည်နိုင်အောင် ဖြစ်သွားသည်။

အရင်အပတ်လစာကတော့ မိမိနောက်ဆုံးအလုပ်ဆင်း ခဲ့သောကြောင့် ထားပါတော့။ ယခုတစ်ပတ်လစာက ဘာကြောင့် လာပေးရတာလဲ။ မိမိအနေဖြင့် ယခုအခါ ၎င်းတို့ထံမှ အလုပ် သမားတစ်ယောက်မဟုတ်တော့သလို၊ မိမိအားလည်း အလုပ်မှ နှင်ထုတ်လိုက်ပြီဖြစ်၏။ မိမိလုပ်အား တစ်စုံတစ်ရာမရှိဘဲနှင့်တော့ လုပ်အားလစာတွေ ပေးစရာမလိုဟုတော့ ထင်မိသည်။

"သားပြန်လာရင် အကြောင်းကြားပါလို့တော့ အတန်တန် မှာသွားသေးတယ်"

နီမောင် ခေါင်းခါလိုက်သည်။

"ကျွန်တော် အဲဒီကိုပြန်မသွားချင်တော့ဘူးအမေရယ်၊ အခုမြို့မှာပဲ လုပ်ကိုင်စားသောက်ဖို့ ဦးလေးတို့နဲ့ စီစဉ်ခဲ့ပြီးပြီ၊ ကျွန်တော်တို့ မြို့မှာပဲသွားနေကြရအောင်နော် အမေ..."

"သား...ကောင်းသလိုသာ စီစဉ်ပါ၊ အမေကတော့ သားအလုပ်ကိစ္စတွေထဲမှာ ဘာမှဝင်မပြောပါဘူး"

သားအမိနှစ်ယောက် ရှေ့အစီအစဉ်အချို့ကို ဆွေးနွေး တိုင်ပင်နေကြစဉ် ခင်မလေးရောက်လာသည်။

သူမသည် နီမောင်ကိုမြင်သောအခါ အားတုံ့အားနာ အမူအရာဖြင့် အိမ်ပေါ်တက်လာသည်။

"သြော်...သမီးပါလား၊ လာ...လာ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြမေကခင်မလေးကိုလှမ်းခေါ်ပြီးနောက် နေရာမှ ထသွားလေသည်။

ခင်မလေးက နီမောင်နှင့် မနီးမဝေးနေရာတွင် ဝင်ထိုင်သည်။

"နင် ဘယ်တုန်းက ပြန်ရောက်တာလဲ"

"ငါ မနက်သင်္ဘောနဲ့ ပါလာတာ၊ နေကောင်းကြရဲ့လား။ အလုပ်တွေရော အဆင်ပြေကြရဲ့လား"

နီမောင်က အတန်ငယ်ပိန်သွားဟန်ရှိသော ခင်မလေးကို တစ်ချက်ကြည့်ရင်း မေးလိုက်သည်။

"အားလုံး နေတော့ကောင်းကြပါတယ်၊ ဒါပေမယ့် အလုပ်ကတော့ အဆင်မပြေဘူး"

"ဘာဖြစ်လို့လဲ"

"ပင်လယ်စခန်းက အလုပ်သမားတွေက သစ္စာမရှိကြဘူး ရတဲ့ပစ္စည်းတွေကို လာဝယ်တဲ့ကုန်သည်တွေကို ရောင်းပစ်နေလို့ တို့ဆီကို ကုန်ပစ္စည်းသိပ်မတက်ဘူး၊ ကိုယ်ကလိုက်ကြည့်နိုင်တာလဲ မဟုတ်တော့ သူတို့က 'မရဘူး'ပြောရင် ဘာမှ မတတ်နိုင်ဘူးလေ..."

"အင်း..."

နီမောင် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အဆိုးဆုံးကတော့ ထွန်းဖေနဲ့ စိန်သန်းတို့စခန်းတွေက ပစ္စည်းလုံးဝမတက်သလောက်ပဲ...၊ သတင်းကြားတာကတော့ ဇော်လန်းတို့အဖွဲ့တွေနဲ့ ပေါင်းပြီး လုပ်နေကြတာတဲ့၊ ဇော်လန်း



တို့က တရားမဝင် မှောင်ခိုပစ္စည်းတွေကို ဟိုဘက်က သယ်ယူလာပြီး ဒီဘက်ကပစ္စည်းတွေနဲ့ အလဲအလှယ် လုပ်ယူနေကြတာတဲ့"

"နင်တို့က ဘာမှ မလုပ်ကြဘူးလား"

"အဖေကတော့ ပင်လယ်ကမ်းခြေစောင့်တပ်ဖွဲ့တွေကို အကြောင်းကြားထားပါတယ်၊ ကမ်းခြေစောင့်တပ်ဖွဲ့တွေကလဲ ဒီမှောင်ခိုသမားတွေကိုဖမ်းနိုင်ဖို့တော့ လိုက်နေကြတာပဲ၊ ဒါပေမယ့် အခုအချိန်အထိတော့ လက်ပူးလက်ကြပ်မမိသေးပါဘူး"

"ကိုထွန်းကျော်တို့ရော အခြေအနေကောင်းကြရဲ့လား"

"သူတို့ကတော့ မှန်ပါတယ်၊ ဒါပေမယ့် နင်ရှိတုန်းကလောက်တော့ ပစ္စည်းမရဘူးပေါ့၊ အခုတော့ အဖေလဲ သူမှားခဲ့တာတွေအတွက် နောင်တရနေတယ်၊ နင့်ကိုလဲတွေ့ချင်နေတယ်၊ ဒါထက် အခု နင်ဘာတွေ လုပ်နေလဲဟင်"

"ငါ မြို့ပြောင်းပြီး အလုပ်လုပ်ဖို့စီစဉ်နေတယ် ခင်လေး"

"ဟင်..."

ခင်မလေးမျက်နှာမှာ မယုံကြည်နိုင်လောက်အောင် အံ့သြသွားသည်။

"ဟုတ်တယ်၊ အခုတစ်ပတ်ပြန်ရင် အမေ့ကိုပါ တစ်ခါတည်းခေါ်ပြီး အပြီးပြောင်းတော့မလို့ လာခေါ်တာ..."

"နင် တကယ်ပြောတာလားဟင်"

"နင့်ကို ဘာဖြစ်လို့လိမ်ပြောရမှာလဲ ခင်လေးရယ်..."

"ငါတို့တစ်တွေကို တကယ်ခွဲသွားတော့မှာလား နီမောင်"

www.burmeseclassic.com

www.burmeseclassic.com



နီမောင်က သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"ဘဝဆိုတာ ကိုယ်ဖြစ်ချစ်သလို ဖြစ်တာမျိုးမှ မဟုတ်တာ၊ ဘဝပေးအခြေအနေအရ ဒီလိုပဲမီးစင်ကြည့် ကရတော့မှာပေါ့ဟာ"

ခင်မလေးထံမှ အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ အတန်ကြာအောင်ငြိမ်နေပြီးမှ . . .

"နီမောင် . . .နင့်ကို ငါတောင်းပန်စရာတစ်ခုရှိသေးတယ်"

"ဘာလဲဟင်"

"ငါ့အခက်အခဲရှိတုန်းက နင်က အသက်နဲ့လဲပြီး ငါ့အတွက် ဝင်ရောက်အကာအကွယ်ပေးခဲ့တယ်၊ နင့်အခက်အခဲရှိလာတော့ အဖေ့ရှေ့မှာ နင့်အတွက် ဘာတစ်ခွန်းမှ ဝင်ရောက်ကာကွယ်မပေးနိုင်ခဲ့တဲ့ငါ့ကို နားလည်ခွင့်လွှတ်ပေးပါ နီမောင်ရယ် . . ."

ဖော်လန်းနှင့်ဖြစ်ခဲ့သော ကိစ္စများကို ပြောနေမှန်းသိလိုက်သဖြင့် နီမောင်က အသာအယာပြုံးလိုက်သည်။

"မိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေနဲ့သိက္ခာကို ငါ နားလည်ပါတယ်၊ ဒီအတွက် စိတ်မကောင်းဖြစ်မနေပါနဲ့၊ အစကတည်းက နင့်ကို နားလည်ခွင့်လွှတ်ခဲ့ပါတယ်"

ခင်မလေးက အားနည်းစွာပြုံးလိုက်သည်။

"နင့်ကို ပင်လယ်တွင်းမှာပဲ တစ်သက်လုံးနေသွားပါ၊ နင့်ဘဝကို ပင်လယ်ပြင်မှာပဲတစ်သက်လုံး မြှုပ်နှံပါလို့တော့ တစ်ဖက်သတ် မပြောချင်ပါဘူး၊ တိုးတက်မြင့်မားတဲ့ ဘဝတစ်ဆင့်မြင့်ဖို့ ကြိုးစားတာကို ဝမ်းသာပါတယ် နီမောင်



ရယ် . . .၊ ဒါပေမယ့် ဒီမှာကျန်ခဲ့တဲ့ ဘဝတူတွေကိုတော့ နင်မမေ့နဲ့နော်၊ နင် အဘမှင်တို့၊ ကိုထွန်းကျော်တို့နဲ့လဲ တွေ့လိုက်ပါဦး၊ သူတို့က နင့်ကိုသိပ်ပြီးတွေ့ချင်နေကြတာ၊ ကဲ . . .ငါသွားတော့မယ် နီမောင်"

နီမောင်က ခေါင်းညိတ်ပြလိုက်သောအခါ ခင်မလေးက နေရာမှထကာ အိမ်ပေါ်မှဆင်းသွားလေသည်။

သူမ၏မျက်ဝန်းနက်များတွင် မျက်ရည်ကြည်များ ရစ်ဝဲသွားသည်ကိုတော့ နီမောင် မသိလိုက်၊ မမြင်လိုက်ပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၉ ]

"မင်းကွာ...တို့တစ်တွေကို ရက်ရက်စက်စက်ပစ်ထား ခဲ့တာကတော့ မကောင်းပါဘူး"

"ဟုတ်တယ် နီမောင်၊ မင်းမရှိတာ တို့တစ်တွေမှာ ဘယ်လောက်ဒုက္ခရောက်ကြတယ်ဆိုတာ မင်းမသိဘူး"

"မင်းကွာ...အတော်တဇွတ်ထိုးလုပ်တယ်၊ တို့တစ်တွေ မှာ ပင်လယ်ထဲမှာ သောင်ပြင်မှာလွှတ်တဲ့ ရွှေဟင်္သာလေးတွေလို မျက်စိသူငယ် နားသူငယ်နဲ့ကွာ၊ ဒုက္ခကိုရောက်နေတာပဲ"

"မင်းက ဒီမှာမလုပ်တော့ဘူး၊ မြို့ကိုပြောင်းတော့မယ်ဆို တို့တစ်တွေကို ရက်ရက်စက်စက်ထားခဲ့တော့မယ်ပေါ့ ဟုတ်လား"

"မင်းကလဲကွာ၊ ပြောင်းမယ်ဆိုလဲနောက်မှပြောင်းပါ၊ တို့တစ်တွေနဲ့လက်တွဲပြီး တစ်နှစ်တစ်ဝါလောက်တော့ လုပ်သွား ပါဦး"

ဦးဘမှင်၊ ထွန်းကျော်၊ သာကျော်၊ ငမဲအောင် စသော



လုပ်ဖော်ကိုင်ဘက်များနှင့် ပြန်တွေ့သောအခါ တစ်ယောက် တစ်မျိုး ဝိုင်းပြောကြတာ ဆူညံနေတော့သည်။

သူတို့သည် နီမောင်ကိုပြန်တွေ့သဖြင့် ဝမ်းသာနေကြသည်။

နီမောင်ကလည်း ကိုယ့်လုပ်ဖော်ကိုင်ဘက်များနှင့် ပြည် လည်ဆုံတွေ့ရသဖြင့် စိတ်ထဲမှာ ပျော်သလိုရှိလာသည်။

"အခု မင်းရဲ့အစီအစဉ်ကဘာလဲ...မြို့ကို တစ်ခါတည်း သွားတော့မှာလား နီမောင်"

"ဟုတ်တယ် ကိုထွန်းကျော်"

"မရဘူးကွာ...ဒီတစ်ခေါက်တော့ လိုက်ခဲ့ပါဦး၊ ဒီတစ် ခေါက်တက်လာပြီးမှ မင်းသွားချင်သွားကွာ..."

"ကျွန်တော်က ဟိုမှာ အစီအစဉ်တွေလုပ်ထားခဲ့ပြီးသားမို့ပါ ကိုထွန်းကျော်"

"မင်းကလဲကွာ၊ ဒီမှာက ကိစ္စတွေအတော်အရေးတကြီး ပေါ်နေလို့ မင်းကို အားကိုးနေတာကွ၊ မင်းကို အဘမှင် ပြောပြလိမ့်မယ် မေးကြည့်ကွာ"

နီမောင်က ဦးဘမှင်ကို လှည့်ကြည့်လိုက်သည်။

ဦးဘမှင်က ကွမ်းယာတစ်ယာကို အေးအေးဆေးဆေးယာ နေသည်။ ပါးစပ်တွင်းသို့ ကွမ်းယာကိုထည့်လိုက်ပြီး လက်ညှိုးဖြင့် ပေကျံနေသောထုံးများကို ရေစင်တိုင်၌ သုတ်ပစ်လိုက်သည်။

ကွမ်းယာကို တစ်ချက်နှစ်ချက်ဝါးပြီးမှ စကားဆိုသည်။

"မင်း မပါတဲ့အခေါက်မှာ ပင်လယ်မှာ အတော် စိတ်ဝင် စားဖို့ကောင်းတဲ့ အဖြစ်အပျက်တွေဖြစ်ခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ အဘမှင်"

နီမောင် စိတ်ဝင်စားသွားသည်။

"ထွန်းဖေတို့ပေါ့၊ စိန်သန်းတို့အဖွဲ့နဲ့ပေါင်းပြီး ဘုရားအောက်က လိုဏ်ဂူထဲဝင်ပြီး ပုလဲသွားငုပ်ကြသတဲ့၊ ရေသတ္တဝါကြီးတစ်ကောင်နဲ့တွေ့ပြီး သေလိုက်ကြတာ လေးငါးယောက်ပဲ"

"ဟင်...ဟုတ်လား"

"ဟုတ်တယ်၊ ဒီကောင်တွေက အခု ပုလဲနက်ကြီးရှိတဲ့နေရာကို တစ်စွန်းတစ်စသိသွားကြတော့ မရ,ရအောင် ကြိုးစားယူမယ့် သဘောရှိတယ်"

"ဘုရားပစ္စည်းဆိုတာ မပြစ်မှားကောင်းဘူးဆိုတာ မသိကြဘူးလား"

"ဝိသမလောဘသားဆိုတာ ဘုရားပစ္စည်း၊ ဘာပစ္စည်း ဘယ်သိပါ့မလဲ...၊ သူတို့ချမ်းသာဖို့ဆိုရင် ဘနဖူးသိုက်တူးကြမယ့် လူစားတွေပဲကွယ့်"

"အတော် ယုတ်မာရက်စက်ကြပါလား"

"ဒီထက် ယုတ်မာရက်စက်ကြတာတွေ ရှိသေးတယ်၊ အခု ထွန်းဖေတို့ စိန်သန်းတို့ဆီကို ကုန်သည်တွေက တိုက်ရိုက်လာကြတယ်၊ အဲဒါ ဘယ်သူတွေလဲဆိုတော့ မင်းရဲ့မိတ်ဆွေကြီး ဇော်လန်းတို့ပဲပေါ့"

"ဩော်...ဒီလိုကိုး"

"ဟုတ်တယ်၊ ဇော်လန်းတို့က အခုဒီကိုမလာတော့ဘူး၊ စခန်းတွေကိုတိုက်ရိုက်လှည့်ပြီး ပစ္စည်းတွေဝယ်ကြတယ်၊ သစ္စာမဲ့တဲ့ စခန်းတာဝန်ခံတွေကတော့ ပစ္စည်းတွေထုတ်ရောင်းကြတယ်၊ တချို့ကတော့လဲ မရောင်းပါဘူး၊ တို့စခန်းကိုတော့ မရမှန်းသိလို့ မလာဘူး"



"အင်း...ပိုင်ရှင်ပေးတဲ့ လစာကိုယူ၊ ပိုင်ရှင်ပေးတဲ့ စားစရိတ်ကိုစားပြီး ရတဲ့ပစ္စည်းကိုထုတ်ရောင်းတာကတော့ ပိုင်ရှင်အတွက်ကတော့ နှစ်ခါနာပဲ"

"ဒါပေါ့ကွာ...ဒီကောင်တွေ ဘယ်လောက်ခြေရှုပ်နေသလဲဆိုရင် ဇော်လန်းတို့က နယ်စပ်ဘက်က မှောင်ခိုကုန်ပစ္စည်းတွေ သယ်ယူလာကြတယ်၊ ဒီဘက်က အဆက်အသွယ်တွေနဲ့ ချိန်းပြီး ရောင်းတယ်၊ ပြန်ရင် ဒီကပစ္စည်းတွေကို မှောင်ခိုပြန်ယူသွားတယ်၊ နှစ်သီးစားလုပ်နေကြတယ်၊ ဒါကြောင့် ကမ်းခြေစောင့်တပ်ဖွဲ့တွေကလဲ ဒီကောင်တွေနောက်ကို ခြေရာခံပြီး လိုက်နေကြတယ်"

"ဟုတ်လား၊ ဒီကောင်တွေဟာ အတော်ခြေရှုပ်နေကြပါလား"

"မင်းကို ဒါကြောင့်ပြောတာပေါ့၊ ငါ့စိတ်ထဲမှာ ဒီကောင်တွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှင်းပစ်ချင်တဲ့ဆန္ဒတွေရှိနေတယ်၊ ဒါကြောင့် မင်းကို တို့နဲ့တစ်ခေါက်လောက် ပြန်လိုက်ခဲ့ပါလို့ ခေါ်နေတာပေါ့"

ထွန်းကျော်က အားတက်သရောပြောသည်။

နီမောင် ဇဝေဇဝါဖြစ်သွားသည်။

လုပ်ဖော်ကိုင်ဘက်များနှင့် ပြန်တွေ့သောအခါ ပင်လယ်ပြင်

www.burmeseclassic.com

www.burmeseclassic.com



သို့ တစ်ခေါက်လောက်တော့ ပြန်လိုက်သွားချင်သော စိတ်များ ဖြစ်ပေါ်မိသည်။

သို့သော်...

တစ်ဖက်မှလည်း အစီအစဉ်များ ပြုလုပ်ထားပြီဖြစ်သောကြောင့် စကားကို မတင်မကျပြောကာ ပြန်လာခဲ့သည်။

နီမောင် ပြန်သွားသောအခါ ဦးဘမှင်က...

"နီမောင် အရင်တုန်းက ဒီလိုမဟုတ်ဘူး၊ ပင်လယ်ကို အတော်ချစ်တဲ့ကောင်...၊ အခုတော့ ပင်လယ်နဲ့ လုံးဝအဆက်အသွယ်ဖြတ်ဖို့လုပ်နေတယ်ဆိုတော့အံ့သြစရာပဲ...၊ အေးလေ... သူစိတ်မပါလို့ မလုပ်ချင်တော့လဲ ဘယ်တတ်နိုင်ပါ့ မလဲ...၊ တစ်နေ့တော့ သူစိတ် ပြန်လည်ချင် လည်လာမှာပေါ့ကွာ..."

ထိုသို့ မှတ်ချက်ချလေသည်။

နောက်တစ်နေ့တွင် ပင်လယ်ပြန်ထွက်ရန် အစီအစဉ်များ ပြုလုပ်ကြသည်။

သောက်ရေ၊ ဆေးဝါး၊ ဆန်ဆီစသော စားနပ်ရိက္ခာ၊ စက်ဆီ၊ ပိုက်နှင့် အခြားပစ္စည်းကိရိယာများ၊ စားနပ်ရိက္ခာများကို လိုလေးသေးမရှိအောင် တင်ကြသည်။

အထူးသဖြင့် သောက်ရေစည်များကို မဖိတ်မစဉ်ရအောင် ဂရုစိုက်၍တင်ကြရသည်။ အခြားပစ္စည်းထက် ပင်လယ်တွင်း၌ သောက်ရေက အရေးကြီးသည်။

ဆန် ဆီမရှိလျှင် ငါးပုစွန်ကို မီးဖုတ်စား၍ရသည်။ ပြုတ်၊ ကင်၍ စား၍ရသည်။



ရေပြတ်လျှင်တော့ သေဖို့သာပြင်တော့။ ကမ်းခြေဘက်တွင် ရေပြတ်ပါက အုန်းရည်ဖောက်သောက်၍ ရသည်။

ပင်လယ်တွင်းမှာ သောက်ရေပြတ်လျှင်တော့ မလွယ်ပေ။

သို့ကြောင့်...

သောက်ရေစည်များကို မကွဲမပေါက်၊ မယိုဖိတ်ရအောင် ဂရုတစိုက် တင်ဆောင်ကြရသည်။

ပင်လယ်ထွက်သူများအတွက် ဆေးမှုန့်၊ ဆေးလိပ်များကလည်း အရေးကြီးသည်။ ဦးဘမှင်ဆိုလျှင် ကွမ်း၊ ကွမ်းသီး၊ ထုံးထုပ်များကို ဂရုတစိုက် သယ်ယူသည်။

အချို့ကတော့ ကောက်ညှင်းဆန်များထည့်ယူသည်။ ကောက်ညှင်းဆန်ကိုအချဉ်ဖောက်၍ အုန်းသီးထဲထည့်၊ မြေကြီး၌ မြှုပ်၍ရသောအရက်သည် ပင်လယ်လုပ်သားများအဖို့ အပန်းဖြေစရာ အကောင်းဆုံး ယမကာတစ်မျိုးပင်ဖြစ်တော့သည်။

ဦးခိုင်ဖ၏တဲတားထိပ်တွင် ပစ္စည်းတင်သူ၊ ပစ္စည်းချသူများဖြင့် ရှုပ်ထွေးနေသည်။

ထိုအချိန်တွင်ခင်မလေးနှင့်ခင်မကြီးတို့လည်း မအားကြပေ။ အလုပ်သမားများအတွက် လိုအပ်ပစ္စည်းများ၊ စားနပ်ရိက္ခာများကို စီစဉ်ထုတ်ပေးနေကြရသည်။

ခင်မလေးမှာ အလုပ်မအားလပ်သည့်ကြားမှ တဲတားပေါ်၌ ရှုပ်ထွေးနေသော အလုပ်သမားများရှိရာသို့ မကြာခဏ လှမ်းကြည့်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ အမူအရာမှာ တစ်စုံတစ်ဦးကို ရှာဖွေနေဟန်ရှိသည်။ အလုပ်လုပ်နေရင်းမှ မျက်လုံးက ဂနာမငြိမ်ပေ။

ထိုအမူအရာကို ခင်မကြီးက ရိပ်မိသွားသဖြင့်...

"ညီမလေး ဘယ်သူ့ကိုရှာနေတာလဲ"

ဟုမေးလိုက်ရာ ခင်မလေးမှာ လူမိခံရသောကျီးပမာ ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး 'ဘယ်သူမှ မရှာပါဘူး မမကြီးရဲ့'ဟု ကမန်း ကတန်း အဖြေပေးလိုက်သည်။

"ဘာလဲ နီမောင်လာမယ်ထင်လို့ ရှာနေတာလား"

"လာမယ် မထင်ပါဘူး မမကြီးရယ်..."

"စောစောက ကိုထွန်းကျော်တို့ ပြောနေသံကြားရတာကတော့ ဒီတစ်ခေါက် သူလိုက်ချင်လိုက်မယ်ဆိုသလားပဲ"

"လိုက်မှာမဟုတ်ပါဘူး၊ ဒါကြောင့် အခုအချိန်ထိ ရောက်မလာသေးတာပေါ့"

"နီမောင်က လူတစ်မျိုး၊ ပြောထားရင်တော့လဲ လာမှာပါ၊ သူမလိုက်ချင်ရင်လဲ ခေါ်လို့ရမှာ မဟုတ်ဘူး"

ထိုသို့ပြောနေစဉ် အခြားစက်လှေများ ကမ်းမှခွာသွားကြပြီဖြစ်သောကြောင့် တံတားထိပ်တွင် ထွန်းကျော်တို့စက်လှေတစ်စီးသာ ကျန်တော့သည်။

အချိန်ကမရှိတော့။

ချောင်းထဲတွင် ရေကျစပြုနေပြီ။

ပင်လယ်သို့ထွက်ရန် ထိုကျရေနှင့် ရေစုန်အတိုင်းလိုက်ကြရမည်ဖြစ်သည်။



ထွန်းကျော်တို့အဖွဲ့လည်း နောက်ဆုံးအချိန်အထိ နီမောင်များ လာနိုးဖြင့်စောင့်ကြသော်လည်း ပေါ်မလာသဖြင့် နောက်ဆုံးအချိန်မရှိတော့သဖြင့် စက်လှေထွက်ရန် ပြင်ဆင်ကြတော့သည်။

ထိုအချိန်တွင် ကမ်းပေါ်မှ အထုပ်တစ်ထုပ်ထမ်းကာ လူတစ်ယောက်ဆင်းလာသည်။

နီမောင်ပင် ဖြစ်သည်။

နီမောင်ကိုလှမ်းမြင်လိုက်သောအခါ စက်လှေထွက်ရန် ကြိုးဖြုတ်နေသော ထွန်းကျော်တို့အဖွဲ့ တံတားပေါ်ပြေးတက်လာကြသည်။

"ဟေး...နီမောင်လာပြီကွ"

လုပ်ဖော်ကိုင်ဘက်များက တံတားပေါ်တွင် နီမောင်အား အတင်းဖက်၍ နှုတ်ဆက်ကြသည်။

ထိုရှုညသံများကြောင့် အတွင်းဘက်တွင် စာရင်းလုပ်နေသော ခင်မလေးနှင့် ခင်မကြီးတို့ကလှမ်းကြည့်ခိုက် ထွန်းကျော်တို့အဖွဲ့က နီမောင်အားစက်လှေထဲသို့ ပွေ့ခေါ်သွားကြသည်ကို မြင်သောအခါ မယုံကြည်နိုင်လောက်အောင်ဖြစ်သွားကြပြီး နေရာမှ ထကြည့်ကြသည်။

ထိုအခိုက် ခင်မလေးနှင့် ခင်မကြီးတို့အနီးသို့ ဦးခိုင်ဖုံ ရောက်လာသည်။

"ဘာဖြစ်နေကြတာလဲ သမီး"

"မသိဘူးလေ၊ နီမောင်ကို ကိုထွန်းကျော်တို့က စက်လှေထဲ ပွေ့ခေါ်သွားတာ တွေ့တာပဲ"

www.burmeseclassic.com



"ဟင်...ဟုတ်လား၊ သူလိုက်မှာတဲ့လား"

"မသိဘူးလေ၊ အဖေသွားမေးကြည့်ပါလား"

ခင်မလေးက အပြုံးဖြင့်ပြောသည်။

"ဟာ...မမေးချင်ပါဘူး၊ သူပြန်လိုက်ရင်တော့ ကောင်းတာပေါ့"

ထိုသို့အပြုံးဖြင့်ပြောပြီး လှည့်ထွက်သွားလေသည်။

မကြာမီ ဆိပ်ကမ်းမှ စက်လှေထွက်ခွာသွားလေတော့သည်။ ခင်မလေးခမျာ ချောင်းဝသို့မောင်းထွက်သွားသော စက်လှေကလေး မြင်ကွင်းမှပျောက်ကွယ်သွားသည်အထိ လှမ်းမျှော်ကြည့်နေပြီးမှ သက်ပြင်းတစ်ချက် ချလိုက်လေတော့သည်။

* * *

## အခန်း [ ၂၀ ]

သည်နှစ်ပိုင်းတွင် ထွန်းဖေ–စိန်သန်းတို့အဖွဲ့ အခြေအနေ ပျက်သည်ကို ဦးခိုင်ဖဲသာမက အားလုံးကရိပ်မိကြသည်။

ပင်လယ်ဘက်မှပြန်လာလေတိုင်း ကုန်ပစ္စည်းများ ဖြစ်လောက်အောင် ရသည်ဟူ၍မရှိဘဲ စားစရိတ်လောက်သာ ရသော ကုန်ပစ္စည်းအနည်းငယ်နှင့်သာ ပြန်လာလေ့ရှိသည်။

ကြာလာတော့ ဦးခိုင်ဖဲကိုယ်တိုင်ပင် သည်းမခံနိုင်လောက်အောင် ဖြစ်လာသည်။

"ထွန်းဖေရယ် ကြည့်လဲလုပ်ကြပါဦးကွာ...၊ မင်းတို့ ကုန်ပစ္စည်း ဖြစ်လောက်အောင်မရတော့တာ အတော်ကြာပြီ၊ ကြာရင် စားစရိတ်ရှုံးပြီး အရင်းပြုတ်ကုန်လိမ့်မယ်"

ထိုသို့ပြောသောအခါ ထွန်းဖေက မျက်နှာထားတင်းတင်းဖြင့်...

"ဦးလေးကလဲ ဒါပဲပြောနေတယ်၊ ကျုပ်တို့တစ်တွေလဲ အသက်စွန့်ပြီး ကြိုးစားလုပ်ကြတာပဲ၊ မရတာကတော့ ကုသိုလ်ကံ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ရေထဲကငါးဆိုတာ ကိုယ်ဖမ်းချင်တိုင်း ဖမ်းလို့ရတာမျိုး မဟုတ်တာ ဦးလေးလဲ သိပါတယ်"

ဟု ခတ်ထေ့ထေ့ပြန်ပြောလေ့ရှိသည်။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့်..."

"ဘာလဲ ဦးလေးက နီမောင်တို့က ကြက်ကန်းဆန်အိုးတိုးပြီး ကုန်ပစ္စည်းအရများနေလို့ ကျုပ်တို့ကို မယုံသင်္ကာဖြစ်ဖြစ်နေတဲ့ သဘောမျိုးလား"

"ဒီ...ဒီလိုတော့ မဟုတ်ပါဘူးကွယ်"

"ဒီမှာ ဦးလေးကိုတစ်ခုပြောပြမယ်၊ ဦးလေးရဲ့သိန်းပေါင်းများစွာ အဖိုးတန်တဲ့ပစ္စည်းတွေက ပင်လယ်ပြင်ရောက်တာနဲ့ ကျုပ်ရဲ့ကြိုးစားအားထုတ်မှုအပေါ်မှာ မူတည်နေတယ်၊ ကျုပ်စီမံခန့်ခွဲမှုညံ့ဖျင်းလို့ မတော်တဆနစ်မြုပ်သွားခဲ့ရင် ပါတဲ့လူတွေလဲ သေမယ်၊ ပစ္စည်းတွေလဲ အားလုံးဆုံးမယ်၊ ဒါကို ဦးလေးသိတယ်မဟုတ်လား"

"သိပါတယ်ကွယ်...သိပါတယ်၊ မောင်ထွန်းဖေတို့ကို ယုံကြည်စိတ်ချလို့လဲ ဦးစီးအဖြစ်ခန့်ထားပြီး ပင်လယ်ပြင်ကို လွှတ်ပေးတာပေါ့"

"ဒါဖြင့်ရင်လဲ ပြီးပြီလေ...၊ ကိုယ့်ရဲ့တန်ဖိုးရှိတဲ့ပစ္စည်းတွေ မဆုံးရှုံးရင်တော်ပြီပေါ့၊ ငါးရခြင်း၊ မရခြင်းကတော့ ကံတရားအတိုင်းပေါ့ ဦးလေးရယ်"

ထွန်းဖေက အရက်ကလေးတထွေထွေဖြင့် မခန့်မ[illegible]ားစား ပြောနေသည့်တိုင် ဦးခိုင်ဖံမှာ တင်းတင်းပြန်မပြောဝံ့ပေ။



ပင်လယ်ဘက်တွင် စက်လှေပိုင်ရှင်များက ဦးစီးများကို တင်းတင်းမာမာ မပြောဝံ့ကြပေ။

အဘယ်ကြောင့်ဆိုသော်...

မိမိတို့၏ သိန်းပေါင်းများစွာတန်သော စက်လှေ၊ ပိုက်နှင့် အခြားပစ္စည်းများအား စက်လှေဦးစီးများလက်သို့ ဝကွက်၍ အပ်လိုက် ရသဖြင့် စက်လှေဦးစီးများညစ်လျှင် ညစ်သလိုခံကြရသည်။

အချို့ဆိုလျှင် ပိုင်ရှင်ကိုမကျေနပ်သောကြောင့် ပါသွားသော စက်လှေနှင့် အခြားပစ္စည်းများကို ပင်လယ်ထဲနစ်မြုပ်ပစ်ခဲ့တတ်ကြသည်။

သို့ကြောင့်...

ပိုင်ရှင်များက ဦးစီးများအား တင်းတင်းမာမာမဆက်ဆံဝံ့ကြပေ။

ထွန်းဖေ၏ရင်ထဲတွင် ခင်မလေးက နီမောင်အပေါ် ထူးထူးခြားခြား အရေးပေးနေသည်ဟုထင်သောကြောင့် ကျိတ်၍ မကျေမနပ် ဖြစ်နေမိသည်။

သို့ကြောင့် နီမောင်နှင့်တွေ့တိုင်း အရက်ကလေးတထွေထွေ နှင့် အမြဲရိလေ့ရှိသည်။

"နီမောင်တို့ကတော့ကွာ...မျက်နှာကို ပွင့်နေတာပဲ၊ ဦးစီးဖြစ်တဲ့နှစ်မှာပဲ ငါးကလဲစွတ်ရနေတော့ ပိုင်ရှင်တွေက အရမ်းကို မျက်နှာသာပေးကြတာပ...၊ အခုဆိုရင် ခင်မလေးဆိုရင် သိပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သိသာတာပဲ...၊ မင်းတစ်ယောက်တည်းကိုပဲကွက်ပြီး မျက်နှာသာပေးနေတာကွ၊ အင်း...အားကျစရာပဲ ဟေ့"

ထွန်းဖေလာပြောလျှင်လည်း နီမောင်ကဘာမှပြန်မပြောဘဲ ပြုံး၍သာ နားထောင်နေလိုက်သည်။

"မင်းက အလုပ်ကိုကြိုးစားပြထား၊ တော်ကြာ ဒီထက်ကံကောင်းလာရင် သူဌေးသားမက်တွေ ဘာတွေ ဖြစ်ချင်ဖြစ်မှာ ဟေ့၊ အဲဒီအချိန်ကြရင်တော့ တို့ကိုမေ့မသွားပါနဲ့ကွာ..."

လုပ်ဖော်ကိုင်ဘက်များရှေ့တွင် ထိုသို့ထေ့သလို ငေါ့သလို စကားမျိုးများဖြင့် အမြဲလိုလာရောက်ပြောဆိုသော်လည်း နီမောင်က မသိကျိုးကျွံပြုကာ သည်းခံနေခဲ့သည်။

ထိုအကြောင်းများကို အခြားအလုပ်သမားများမှတစ်ဆင့် ခင်မလေးကြားသွားသောအခါ 'နင်ဘာဖြစ်လို့ ငြိမ်နေတာလဲ' ဟု ဒေါသဖြင့် ပြောသည်။

"ကိုယ့်အသားပဲ့ပါသွားတာမှတ်လို့၊ ရန်ဆိုတာ ဝေးလေကောင်းလေ မဟုတ်ဘူးလား"

"နင် အဲဒီလောက် သည်းခံနေရလောက်အောင် ပါရမီဖြည့်နေတာလဲမဟုတ်ဘူး၊ ပုထုဇဉ်သားတစ်ယောက်အနေနဲ့ လောကမှာ ခေါင်းငုံ့ခံတိုင်းလဲ မကောင်းဘူး၊ တစ်ခါတစ်ရံ စကားနဲ့ မဟုတ်တာပြောတာတွေဟာ တုတ်နဲ့ရိုက်တာထက် အခံရခက်တယ် နီမောင်"

"ငါ့အနေနဲ့ကတော့ သူ့ကိုခွင့်လွှတ်ပါတယ်၊ အလုပ်အတွက်ကလွဲပြီး ကျန်တာတွေ ခေါင်းထဲမှာ ထည့်မထားပါဘူး"



"နင့်ခေါင်းထဲမှာရော...ရင်ထဲမှာပါ အလုပ်အကြောင်းကလွဲပြီး တခြားဘာမှ မရှိဘူးမဟုတ်လား"

နီမောင် ပြုံး၍ခေါင်းညိတ်ပြရင်း...

"ငါ့မှာ တခြားတွေးစရာ ဘာမှမရှိဘူး"

ဟုပြောလိုက်သောအခါ ခင်မလေးခမျာ စကားကို ရှေ့ဆက်ရန် ခက်သွားဟန်ဖြင့် လက်နှစ်ဖက်ကို ဆုတ်ချည်ဖြန့်ချည်ပြုလုပ်ရင်း...

"လောကမှာ နင်လိုလူစားတွေရှိနေတာ တချို့နေရာတွေမှာ အတော့်ကိုအသုံးဝင်သလောက် တချို့နေရာတွေမှာတော့ အတော့်ကို စိတ်အနှောင့်အယှက်ဖြစ်စရာကောင်းတယ်"

ဟု ပြောကာ ထွက်သွားလေသည်။

ပင်လယ်ပြင်ပြန်ရောက်၍ ထိုစကားများကို စကားစပ်မိ၍ ပြန်ပြောသောအခါ ကျန်လုပ်ဖော်ကိုင်ဖက်များက သူ့ကို 'ငထူ-အ-ငတုံး' ဟူသော ဝေါဟာရများ အသီးသီးပေးကြတော့သည်။

"ဘာဖြစ်လို့လဲ"

"မင်းဟာ ယောကျ်ားတွေထဲမှာတော့ တော်တော်ကိုထုတဲ့ ငနုံတစ်ယောက်ပဲ၊ ခင်မလေးက အဲဒီလိုစကားမျိုးပြောလိုက်တဲ့ အဓိပ္ပာယ်ကို မင်းသိရဲ့လား"

"ဟင့်အင်း...မသိဘူး"

"ဒါကြောင့် မင်းဟာ ငထူတစ်ယောက်ဖြစ်နေတာပေါ့ဟ၊ မိန်းကလေးတစ်ယောက်က အရင်စရမှာလဲအခက်၊ သူ့စိတ်ဝင်

www.burmeseclassic.com



စားတဲ့ ယောကျ်ားလေးကလဲ 'ငနတ်တုံး'ဆိုတော့ ဒါကြောင့် မင်းကို အဲဒီလိုစကားမျိုးပြောတာပေါ့ သိပြီလား"

"ကျွန်တော်ကတော့ အဲဒီကိစ္စတွေ လုံးဝမစဉ်းစားမိသေးဘူး၊ ခင်ဗျားတို့ပြောသလို သူနဲ့ကျွန်တော်တို့ကြားမှာ အဲဒီလောက်ကို မှန်းစရာမလိုသေးဘူးထင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ အခြေအနေချင်းက အတော်ကိုကွာပါတယ်..."

"အခြေအနေ ကွာတယ်, ဝေးတယ်ဆိုတာ ကာယကံရှင်နှစ်ဦးပေါ်မှာပဲ မူတည်တယ်၊ သူတို့ချင်းက နီးချင်လဲနီးလို့ရတယ်၊ ဝေးချင်လဲ ဝေးလို့ရတယ်၊ ကျန်တဲ့ပကာသနပတ်ဝန်းကျင်တွေက ဘာမှလုပ်မရဘူး၊ အဲဒါကို မင်းမြဲမြဲမှတ်ထား"

"ခင်ဗျားပြောတာတွေ ကျွန်တော် ဘာမှနားမလည်ပါဘူး ကိုထွန်းကျော်ရယ်..."

"ဒါကြောင့် မင်းကို ထုံ, အေလို့ ပြောကြတယ်"

စခန်းတစ်ခုလုံး ရယ်သံများ ဆူညံသွားတော့သည်။

သည်နှစ်ပိုင်းတွင် ကျန်အဖွဲ့သားများ ကုန်အရနည်းပြီး ကသောင်းကနင်းဖြစ်နေသလောက် နီမောင်တို့အဖွဲ့ အောင်ပန်းဆင်နေကြသည်။ အခေါက်တိုင်း ကုန်ပစ္စည်းအထိအမိကောင်းသဖြင့် ကျန်အလုပ်ရှင်များကပါ နီမောင့်အား မျက်စိကျနေကြသည်။

အချို့ဆိုလျှင် မက်လောက်အောင်ပေးပြီး စကားဦးသမ်းထားကြလေသည်။ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးပီပီ ထိုအခြေ



အနေကို ရိပ်မိသောဦးခိုင်ဇံက သမီးအကြီးဖြစ်သူ ခင်မကြီးနှင့် တိုးတိုးတိတ်တိတ်တိုင်ပင်ကြည့်သည်။

"ဖေဖေ သမီးသဘောထက် ညီမလေးသဘောကို အရင်မေးကြည့်ရင် ကောင်းမယ် ဖေဖေ..."

"ဒါဆိုရင်လဲ သမီးကြီးကပဲ အငယ်မကိုမေးကြည့်ထားပေတော့၊ အဆင်ပြေတော့လဲ စီစဉ်ကြတာပေါ့"

"ဟုတ်ကဲ့ ဖေဖေ"

ထိုစကားကြားရသောအခါ ခင်မကြီးရင်ထဲတွင် ဝမ်းနည်းဝမ်းသာမှုများ တပြိုင်နက်တည်း ခံစားရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၁ ]

ပင်လယ်ပြင်ပေါ်တွင် ရာသီဥတုက သာယာသယောင် ရှိသည်။ မိုးအကုန် ဆောင်းအကူးရာသီဖြစ်သောကြောင့် မိုးသိပ် မရွာတော့သော်လည်း ကောင်းကင်ပြင်ပေါ်တွင် တိမ်တိုက်များက ဖြစ်ပေါ်လျက်ရှိသည်။

ရာသီဥတုသာယာသောကြောင့် ပင်လယ်မျက်နှာပြင် ပေါ်မှာလည်း လှိုင်းလုံးကြီးများ သိပ်မရှိလှဘဲ လှိုင်းကြက်ခွပ် ကလေးများလောက်သာရှိသည်။

ထိုအချိန်မျိုးတွင် ပင်လယ်ပြင်ပေါ်ချထားသောပိုက်များမှ ဖော့လုံးကလေးများကိုကြည့်ရသည်မှာ အလွန်ကြည့်ကောင်းလှ သည်။ ရေပြင်ပေါ်တွင် တစ်ခုနှင့်တစ်ခုကွာသည်ဆိုသော်လည်း ရုတ်တရက်လှမ်းကြည့်လျှင် ကြွက်မြီးတန်းသဖွယ် သွယ်တန်း လျက်ရှိသည်။

ပိုက်နားအဆုံးတွင် မြို့နယ်အမှတ်အသားပါသော ကာလီ တန်ကို စိုက်ထောင်ထားသည်။



ကာလီတန်မှာ ထီးရိုးဝါးဖြင့်ပြုလုပ်ကာ ရေအောက်၌ခဲသီး ဆွဲထားသောကြောင့် ရေပေါ်တွင်ထောင်နေသည်။ ကာလီတန် ထိပ်ဖျား၌ မိမိတို့မြို့နယ်အမှတ်အသားပါသော အလံကလေးများ တပ်ဆင်ထားသည်။

ရာသီဥတုသာယာပြီး လှိုင်းလေကင်းသောကြောင့် ကာလီ တန်လေးများမှာ ဟိုယိမ်းဒီယိုင်ဖြင့် အမူးလွန်အရက်သမားများ သဖွယ်ရှိတော့သည်။

နီမောင်က စက်လှေဦးမှထွက်ကာ မျက်စိတစ်ဆုံးလှမ်းမြင် နေရသော ဖော့လုံးကလေးများကို လှမ်းမျှော်ကြည့်နေသည်။ သူ့အတွေ့အကြုံအရ ဖော့လုံးများလှုပ်ရှားမှုကိုကြည့်ရုံဖြင့် ရေ အောက်၌ချထားသောပိုက်တွင် ငါးဘယ်ရွေ့ဘယ်မျှမိနေပြီကို ခန့်မှန်းနိုင်သည်။

ပိုက်တစ်ချက်ချလျှင် ခုနစ်နာရီကျော်ရှစ်နာရီခန့် ကြာမြင့် လေသည်။

တစ်ရေတက်တစ်ရေကျနီးပါး ကြာသည်။

တစ်ခါတစ်ရံတော့ နာရီအကန့်အသတ်ထား၍မရပေ။ မိုးလေဝသအခြေအနေမကောင်းလျှင် ချက်ချင်းဆွဲတင်ရပြီး အခြေ အနေသာယာလျှင်တော့ ခုနစ်နာရီထက်ပိုကြာအောင် ထားချင် သည်းထားကြသည်။

ဒါကတော့ ငါးအထိအမိပေါ်မူတည်ပြီး အချိန်ကို အတိုး အလျှော့ပြုလုပ်ကြသည်။

မိမိတို့ချထားသောပိုက်တွင် ငါးအတော်များများထိမိနေ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို သိလိုက်ပြီးနောက်၊ ပိုက်ဆွဲတင်ရန်ဆုံးဖြတ်လိုက်ပြီးနောက် မိမိတို့အဖွဲ့သားများအား ပိုက်တင်ကြရန်ပြောလိုက်သည်။

နီမောင်က ပိုက်တင်ရန်ပြောလိုက်သည်နှင့် စက်လှေပေါ်တွင် အေးအေးဆေးဆေးအနားယူနေကြသော အဖွဲ့သားများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

မိမိတို့တာဝန်ကျရာနေရာအသီးသီးသို့ တက်ကြွစွာသွားကြသည်။ လေမိုးကသာယာနေသောကြောင့် စက်လှေကို မောင်းမထားဘဲ ရေစုန်မျော၍ အလိုက်သင့်တင်ကြသည်။

ရှေ့ဆုံးမှ ပိုက်ခေါင်းကြိုးဆွဲက လေးယောက်၊ ခြေကြောင်းပိုက်ဆွဲသူက နှစ်ယောက်၊ ငါးဖြုတ်သူက သုံးယောက်၊ ငါးဖြုတ်သူကဖြုတ်၊ ရသောငါးများကို အမျိုးအစားခွဲသူကခွဲ၊ ဖော့လုံးသိမ်းသူကသိမ်းနှင့် စက်လှေတစ်စီးလုံး ပျားပန်းခတ်မျှ လှုပ်ရှားကြရသည်။

ပိုက်ဆွဲတင်ရာတွင် ရေကြောထိခြင်း၊ ပြည်ကြီးခွေးလျှာငါးကိုက်ခဲခြင်းနှင့် အဆိပ်ရှိသော ငါးများစူးမိခြင်းမှ အတန်အသင့်အကာ အကွယ်ရစေရန် ရေလက်အိတ်များကိုစွပ်ထားကြရသည်။

ရေကြောမှာ အပ်ချည်မျှင်ပမာ လက်တစ်ဆစ်ခန့်သာ အရွယ်ရှိသော်လည်း လွန်စွာကြောက်စရာကောင်းသည်။ ရေကြောထိလျှင် တစ်ရေတက်တစ်ရေကျမျှ မခံမရပ်နိုင်အောင် အောင့်တတ်သည်။ ဆေးလိပ်သောက်လျှင် အောင့်၊ ထမင်းစားလျှင်အောင့်နှင့် ဝမ်းတွင်းမှ လိပ်ကာလိပ်ကာ မခံမရပ်နိုင်အောင် အောင့်ခြင်း



ဖြစ်သည်။ တစ်ခါထိမိလျှင် သုံးလေးရက်ကြာအောင် အောင့်လေ့ရှိသည်။

ပြည်ကြီးခွေးလျှာငါးကတော့ ငှင်းသွားများက ချွန်ထက်နေပြီး ခွေးကိုက်သလို ကိုက်ခြင်းဖြစ်သည်။

အသွားသုံးထပ်ပါသော ငှင်းသွားများနှင့် အကိုက်ခံရပါက အသားများစုတ်ပြတ်ထွက်ကာ အနာရင်း၍ ဖျားနာတတ်သည်။

ရေသတ္တဝါမှာ မျိုးစုံရှိလေရာ အဆိပ်ပြင်းသောသတ္တဝါများနှင့် ထိမိ၊ ကိုက်မိ၊ စူးမိခြင်းခံရလျှင် အလုပ်အကိုင်ပျက်လောက်အောင် ဒုက္ခရောက်ကြသဖြင့် အထူးသတိပြု၍ ကိုင်တွယ်လုပ်ကိုင်ကြရသည်။

စက်လှေပေါ်တွင် ဖမ်းမိသောငါးများကလည်း အမျိုးအစားစုံလင်လှသည်။

ကျွဲငါးမန်း၊ ကျားငါးမန်း၊ ကြယ်ငါးမန်း၊ ငါးမန်းဘီလူး၊ ပိုင်းငါးမန်း၊စွယ်ငါးမန်း၊ ငါးမန်းဖြူ၊ ငါးကွမ်းရှပ်၊ ငါးသလောက်၊ ငါးဟောက်၊ ငါးရောင်၊ ကကုရံ၊ ကသမျှင်၊ ငါးမုန့်၊ ငါးမုန့်ဖြူ၊ ကျွဲငါးမုန့်၊ ဆင်ငါးမုန့်များနှင့် တစ်ခါတစ်ရံ ငါးဆင်၊ လင်းပိုင်၊ လင်ရှူး၊ လိပ်ကျောက်အစရှိသော ငါးမျိုးစုံတို့ကို ဖမ်းမိကြသည်။

သူတို့အဖွဲ့ ပိုက်ဖော်နေစဉ်မှာ ရုတ်တရက် ရာသီဥတုကဖောက်လာလေတော့သည်။

'တန်ဆောင်မုန်း သောင်ကတုံးမှာမအိပ်နဲ့' ဆိုသော စကားအတိုင်း မိုးအကုန် ဆောင်းအကူးကာလ၊ တန်ဆောင်မုန်းလတွင်

www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတု ဖောက်ပြန်ပြီဟော့ဆိုလျှင် ရာဟု(အနောက်မြောက်ထောင့်)ထောင့်ဘက်မှ လေနီကြမ်းများ ကျရောက်လေ့ရှိသည်။

ယခုလည်း အနောက်တောင်ထောင့်ဘက်မှ ကောင်းကင်ပြင်တွင် အနီရောင်များသမ်းလာပြီး လေကတစ်စတစ်စ ပိုကြမ်းလာသည်။

စောစောက သိမ်မွေ့နူးညံ့စွာသာယာလျက်ရှိနေသော ပင်လယ် မျက်နှာပြင်မှာ လှိုင်းများတစ်စတစ်စထကြွလာသည်။

အဝေးဆီမှ တဝေါဝေါမြည်သံများကို ကြားလာရသည်။

မုန်းတိုင်းကျတော့ မည်။

နီမောင်တို့တစ်တွေ ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်မိလိုက်သဖြင့် ပိုက်များကို အလျင်အမြန်ဆွဲတင်ကာ ပါရီပါရစ်ကျွန်းဘက်သို့ ဦးတည်မောင်းပြေးကြရသည်။

ယခုအခြေအနေမျိုးတွင် ခါးပြတ်ကျွန်းရောက်အောင် ပြန်၍မဖြစ်နိုင်တော့။

လေစုန်လှိုင်းစုန်လည်းဖြစ်၊ အနီးဆုံးနေရာလည်းဖြစ်သော ပါရီပါရစ်ကျွန်းသို့သာ ရောက်အောင် မောင်းကြတော့သည်။

လှိုင်းစုန်လေစုန်ပေမို့ အချိန်ကြာကြာ မမောင်းလိုက်ရဘဲ ပါရီပါရစ်ကျွန်းရှိရာသို့ ရောက်သွားကြသည်။

ထိုအချိန်တွင် ပင်လယ်ပြင်၌ မုန်တိုင်းကဝင်ရောက်လာပြီဖြစ်သောကြောင့် လေပြင်းများတိုက်ခတ်ကာ လှိုင်းလုံးကြီးများထကြွလျက်ရှိသည်။



နီမောင်တို့စက်လှေကလေးသည် လေကွယ်လှိုင်းလွတ်ရာဖြစ်သော ကွေ့တစ်ခုထဲသို့ ချိုးဝင်လိုက်ကြသည်။

ချုံကွယ်တစ်နေရာတွင် စက်လှေကိုရပ်ထားပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သောအခါ မိမိတို့နှင့် မလှမ်းမကမ်းရှေ့ကွေ့ တစ်ခုထဲတွင် စက်လှေနှစ်စီးကို လှမ်းမြင်လိုက်ရသည်။

"ကိုထွန်းကျော် . . . ရှေ့ကွေ့ထဲမှာ စက်လှေနှစ်စီး ရပ်ထားတာမဟုတ်လား"

"အေး . . . ဟုတ်တယ်၊ ငါလဲ အဲဒါကိုပဲ လှမ်းကြည့်နေတာ"

"တို့လိုပဲ . . . မုန်တိုင်းမိတဲ့ စက်လှေများလား"

"မဟုတ်ဘူး၊ အဝေးကလှမ်းကြည့်တော့ သိပ်မသဲကွဲလို့သာ၊ ငါ့အထင်တော့ တို့နယ်ဘက်ကစက်လှေတွေနဲ့ဘူတယ်"

နီမောင် အတန်ကြာအောင် မျက်မှောင်ကျုံ့၍စဉ်းစားနေသည်။

"မင်း ဘယ်လိုလုပ်ချင်သလဲ နီမောင်"

"တို့စက်လှေလဲ အခုအတိုင်းဆိုရင် ပြန်ထွက်နိုင်မှာမဟုတ်တော့ ငါနဲ့သာကျော်နဲ့သွားကြည့်ရင် ကောင်းမလား"

"ငါလဲ လိုက်မယ်"

ငမဲအောင်ကပါ ဝင်ပြောသည်။

"လိုက်ချင်လဲလိုက်ခဲ့ကွာ၊ အဖော်ရတာပေါ့၊ ကိုထွန်းကျော်တို့ကတော့ စက်လှေမှာပဲနေခဲ့ကြ၊ ကျွန်တော်တို့ သွားလိုက်မယ်"

"ဘာနဲ့သွားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကမ်းပေါ်တက်ပြီး တောထဲကသွားမယ်၊ ဒါမှ ရန်သူတွေဘာတွေဖြစ်နေရင် အလွယ်တကူရှောင်နိုင်တာပေါ့"

"ကောင်းသားပဲ"

ဤသို့ဖြင့် . . .

နီမောင်၊ သာကျော်၊ ငမဲအောင်တို့သုံးယောက် ဓားတစ်လက်စီယူဆောင်၍ တောပေါ်တက်ခဲ့ကြသည်။

လေကတဝုန်းဝုန်းတိုက်ခတ်နေဆဲ။

မိုးကတဖွဲဖွဲရွာသွန်းနေဆဲမို့ တောထဲမှာ ခက်ခက်ခဲခဲ လျှောက်ကြရသည်။ ကျွန်း၏မျက်နှာပြင်အခြားတစ်ဖက်တွင် လှိုင်းလုံးကြီးများ တဝုန်းဝုန်းလာရောက်ရိုက်ခတ်သံများ ပေါ်ထွက်နေ၏။

လူသွားအရောက်အပေါက်နည်းသော နေရာများပေမို့ ချုံနွယ်ပိတ်ပေါင်းများကို ပါလာသောဓားများဖြင့် ခုတ်ထွင်ရှင်းလင်းသွားကြရသည်။ စက်လှေနှစ်စင်းဆိုက်ကပ်ထားရာ ကမ်းစပ်သို့ ရောက်သောအခါ ခြေသံလုံလုံ၊ မျက်စိရှင်ရှင်ထားကာ ချုံတွေကြားမှတိုး၍ ကမ်းစပ်ဘက်ဆင်းသွားကြသည်။

ကမ်းစပ်ရောက်သောအခါ ချုံတွင်းမှလှမ်းကြည့်လိုက်လျှင် စိတ်ထဲမှ ထင်ထားသည့်အတိုင်း စက်လှေတစ်စင်းက စိန်သန်းဦးဆောင်သော စက်လှေဖြစ်ပြီး ကျန်တစ်စင်းက မောင်ခိုသမားများ၏ စက်လှေဖြစ်သည်။

စိန်သန်းတို့စက်လှေပေါ်မှ ကုန်ပစ္စည်းများကို မှောင်ခိုကုန်သည်များ၏ စက်လှေပေါ်သို့ ပြောင်းတင်နေကြသည်။



"ဒီတစ်ပတ် ပစ္စည်းတွေအရကောင်းပါလား"

"ကောင်းဆို ကျုပ်တို့ဆရာ ကိုထွန်းဖေကလဲ လူကြုံထည့်ပေးလိုက်တာကိုးဗျ၊ ခင်ဗျားတို့ဆရာကြီးကရော ဘာတွေများ မှာလိုက်သေးလဲ . . ."

"တခြားတော့ မမှာလိုက်ပါဘူး၊ အခုပင်လယ်ပြင်မှာ လှည့်ကင်းတွေအရမ်းများတော့ တစ်ခေါက်တစ်ခေါက်လာဖို့ မလွယ်ဘူး၊ အဆင်ပြေတဲ့အခိုက်မှာ ရသမျှပစ္စည်းတွေကို အကုန်ရောင်းဖို့ပဲ မှာလိုက်တယ်"

ထိုစကားကြောင့် စိန်သန်းက တဟားဟား အော်ရယ်လိုက်သည်။

"ဒီအတွက်မပူပါနဲ့ဗျာ၊ ရှာရသမျှကုန်ပစ္စည်းတွေကို ရောင်းရတာ များလွန်းလို့ ပိုင်ရှင်ကိုတောင် ကုန်ပစ္စည်းမအပ်နိုင်တာကြာပါပေါ့လား . . .ဟား . . .ဟား . . .ဟား"

သူတို့သည် ထိုနေရာမျိုး၌ ဘယ်သူမှမတွေ့နိုင်၊ မရောက်နိုင်ဟုယူဆကာ လွတ်လွတ်လပ်လပ်ပင် ပြောဆိုလုပ်ကိုင်နေကြခြင်းဖြစ်သည်။

"စိန်သန်းတို့၊ ထွန်းဖေတို့ အတော်သစ္စာမဲ့ကြတယ်၊ ဒီကောင်တွေ ဒီလိုလုပ်နေမှန်း အရင်ကတည်းက ရိပ်မိတယ်၊ အခုမှပဲ လက်တွေ့ မိတော့တယ်၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

နီမောင်က ကျန်နှစ်ယောက်ကို တိုးတိုးမေးလိုက်သည်။

"တို့အဖွဲ့တွေ ပြန်ခေါ်ပြီး ဝိုင်းဖမ်းရင် ကောင်းမလား"

သာကျော်က အကြံပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူးလေ...၊ မှောင်ခိုသမားတွေဆီမှာ သေနတ်တွေ ပါတတ်တယ်၊ ဒီကောင်တွေက အကျဉ်းအကျပ်ရောက်ရင် သေနတ်နဲ့ ပစ်မှာပေါ့"

"ဒါဖြင့် မင်းဘယ်လိုလုပ်ချင်သလဲ နီမောင်၊ ဒီအကြောင်းတွေကို ရွာရောက်တဲ့အခါကျမှ ပြောပြမလား"

"လက်ဆုပ်လက်ကိုင်မပြနိုင်ရင် အလကားပဲ၊ သူတို့က မဟုတ်ဘူးငြင်းကြမှာပေါ့၊ နောက်ပြီး တို့အပေါ်မှာ ရန်ငြိုးထားကြလိမ့်မယ်ကွ"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ငါ့သဘောကတော့ ဒီကောင်တွေကို ဖမ်းမိနိုင်အောင် ကြိုးစားချင်တာပဲ..."

"ဘယ်လိုဖမ်းမလဲ၊ သူတို့က အရောင်းအဝယ်ပြီးလို့ မိုးလေဝသကင်းသွားရင် ပြန်ထွက်သွားကြမှာပေါ့"

"သူတို့စက်လှေတွေ ပြန်မထွက်နိုင်အောင်လုပ်နိုင်ရင် ကောင်းမယ်၊ လာကွာ...တို့စက်လှေပြန်ပြီး အားလုံးနဲ့တိုင်ပင်ပြီး လုပ်ကြတာပေါ့"

သုံးယောက်သား မိုးထဲလေထဲမှာ မိမိတို့စက်လှေရှိရာသို့ ပြန်ခဲ့ကြသည်။

* * *

## အခန်း [ ၂၂ ]

နေ့ဝင်ခါနီးအချိန်အထိ လေသိပ်မငြိမ်ချမ်းသေး။

သို့ပေမယ့် စောစောပိုင်းကလောက်တော့ လေမိုးမထန်တော့။ လှိုင်းမကြီးတော့ပေ။

ပင်လယ်ပြင်၌ လှိုင်းအနည်းငယ်ရှိသည်မှအပ သွားလာ၍ရလောက်အောင် အခြေအနေကောင်းလာသည်။

ထိုအချိန်တွင် ပါရီပါရစ်ကျွန်းစပ်မှ နီမောင်တို့စက်လှေ ပြန်မောင်းထွက်သွားသည်။ ကျွန်းမှ ထွက်ကာစက စလိုးမောင်းပြီး ဖြည်းဖြည်းထွက်ကာ ပင်လယ်ပြင်ရောက်မှ စက်ကုန်ဖွင့်၍ အမြန်မောင်းသွားခြင်းဖြစ်သည်။

သို့ကြောင့် အေးအေးဆေးဆေး စိတ်ချလက်ချအလုပ်လုပ်နေကြသော စိန်သိန်းတို့အဖွဲ့ မသိလိုက်ခြင်းပင်။

ထိုနေရာသို့ အကြောင်းမရှိဘဲ မည်သူမျှတကူးတကန့် မလာရောက်နိုင်သဖြင့် စိတ်ချလက်ချအေးအေးဆေးဆေးရှိနေကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ၎င်းတို့စက်လှေနှစ်စင်းရှိရာ တောစပ်သို့ လူလေးဦး ပြန်ရောက်လာသည်။

၎င်းတို့မှာ နီမောင်၊ သာကျော်၊ ငမဲအောင်၊ ထွန်းကျော် တို့ဖြစ်ကြသည်။ ၎င်းတို့တွင် ငါးခုတ် ငါးခွဲသော ဦးချွန်ဓား တစ်လက်စီသာ ပါကြသည်။

၎င်းတို့သည် စက်လှေနှစ်စင်းအား အခြေအနေစောင့်ကြည့် နေကြသည်။ ပတ်ဝန်းကျင်တစ်ဝိုက် အမှောင်ရိပ်ကသမ်း လာသည်။

လေမိုးအရှိန်၊ တောရိပ်သစ်ရိပ်ကြောင့် ပတ်ဝန်းကျင် တစ်ဝိုက် အမှောင်ရိပ်က ပိုမိုကြီးစိုးလာသည်။

ထိုအချိန်တွင် စက်လှေနှစ်စင်းတို့မှာ ကုန်ပစ္စည်းအတင် အချပြုလုပ်ပြီးစီးနေပြီဖြစ်သောကြောင့် ပင်လယ်ပြင်၌ အမှောင် ရိပ်သမ်းလာသည်နှင့် ပြန်ထွက်ကြရန် အသင့်ပြင်ဆင်နေကြသည်။

ထိုအချိန်တွင် ကမ်းစပ်ပေါ်မှ နီမောင်တို့ဒုပ်စု စတင် လှုပ်ရှားလာကြသည်။

သူတို့သည် အင်္ကျီများကိုချွတ်၊ ဘောင်းဘီတိုကလေးများနှင့် ခါးတွင် ဓားတစ်လက်စီချိတ်ကာ ရေထဲသို့ အသံမကြားအောင် ဆင်းသည်။

လေတိုးသံ၊ လှိုင်းခတ်သံများက သူတို့လှုပ်ရှားမှုကို အကာ အကွယ်ပေးထားသလိုဖြစ်နေသောကြောင့် လွတ်လွတ်လပ်လပ် လှုပ်ရှား၍ရသည်။

သူတို့သည် ရေအောက်တွင် အချိန်ကြာမြင့်စွာ နေ



ကြသူများပီပီ ရေအောက်မှငုပ်၍ စက်လှေများဆီ သွားကြသည်။ စက်လှေများအောက် ရောက်သောအခါ ဓားများဖြင့် ဝမ်းဗိုက်များ ကို နေရာအနှံ့ ထိုးဖောက်ပစ်ကြသည်။

စက်လှေများ၌ အပေါ်မှာ အောက်ခံကြမ်းခင်းများ ရှိနေ သောကြောင့် ဝမ်းဗိုက်ပေါက်သွားသည့်တိုင် ရုတ်တရက် မသိ နိုင်ကြပေ။

စက်လှေနှစ်စင်းစလုံး ဝမ်းဗိုက်များပေါက်ကာ ရေတွေ ဝင်လာသောခါမှ စက်လှေပေါ်မှလူများသိရတော့သည်။

"ဟာ...ရေတွေ ဝင်လာပါလားဟ"

"ဟုတ်တယ်ဟေ့၊ အောက်ငုတ်နဲ့ဆောင့်မိပြီး ဝမ်းဗိုက်တွေ ပေါက်ကုန်ပလားမသိဘူး၊ ဆင်းကြည့်ကြစမ်းကွာ"

စက်လှေနှစ်စင်းပေါ်တွင် ဂရုပွက်သံအလား ဆူညံနေ တော့သည်။ အချို့က အောက်ကြမ်းခင်းအထိ မြုပ်တက်လာသော ရေများကို ခပ်ထုတ်ကြသည်။

စက်လှေများပေါ်မှ လူနှစ်ယောက် ရေထဲဆင်းလာသည်။ ရေအောက်ရောက်သောအခါ နီမောင်တို့တစ်တွေ လက်ချက် ကြောင့် ဇဝေဇဝါဖြင့် အသက်ပျောက်သွားကြသည်။

"ဟ...ရေအောက်ဆင်းသွားတဲ့ကောင်တွေ၊ အပေါက်ရှာ တွေ့ပါဆိုတာ ဘာလုပ်နေကြတာလဲ...၊ ဒီမှာ ရေတွေဝင်တာ မြုပ်တော့မယ်၊ မြန်မြန်လုပ်ကြဟ"

"အပေါက်ရှာမတွေ့လို့ဗျို့"

အောက်က အသံဖျက်၍ အော်ပြောရာ နောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက် ထပ်ဆင်းလာပြန်ရာ အမှောင်ရိပ်မှစောင့်နေသော နီမောင်တို့တစ်တွေကြောင့် ရေအောက်သို့ မြုပ်ဆင်းသွားတော့သည်။

"နီမောင် ဒီလောက်ဆိုရပြီထင်တယ်၊ ရေထဲမှာ သွေးနံ့တွေ ထွက်လာပြီး မကြာခင် ငါးမန်းတွေရောက်လာတော့မယ်၊ တို့ထွက်တော့မလား"

"အေး . . . ဒီလောက်ဆိုရင် စက်တွေရေမြုပ်ပြီး နိုးလို့ မရနိုင်တော့ဘူး၊ သွားကြမယ်"

လေးယောက်သား တစ်ယောက်နှင့်တစ်ယောက် အချက်ပေးကာ အပြင်သို့ထွက်လိုက်ကြသည်။

အမှောင်ရိပ်လွှမ်းနေပြီဖြစ်သောကြောင့် စက်လှေများနှင့် အတန်ငယ်ဝေးသောနေရာသို့ရောက်သောအခါ ရေပြင်ပေါ်သို့ ခေါင်းဖော်ကြည့်လိုက်ကြသည်။

ထိုအခိုက်မှာပင် . . .

စက်လှေများဆီမှ မီးမောင်းများက သူတို့ခေါင်းပေါ်သို့ ထိုးကျလာတော့သည်။

"ဟ . . . ဟိုကောင်တွေ ဘယ်ကိုသွားကြတာလဲ၊ ယော့ တို့စက်လှေကလူတွေ မဟုတ်ပါလား၊ ရန်သူ ယော့ရန်သူ၊ သေနတ်နဲ့ ပစ်ကြစမ်း"

စက်လှေနှစ်စင်းပေါ်မှာ ဝရုန်းသုန်းကားဖြစ်သွားပြီး မကြာမီ သေနတ်သံများ ထွက်ပေါ်လာတော့သည်။

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း"



နီမောင်တို့ ရေအောက်ပြန်ငုပ်ကြရပြန်သည်။

ကျည်ဆံများက မိုးသီးမိုးပေါက်များသဖွယ် ရေပေါ်သို့ ကျလာသည်။

ကူးပြေးရင်းမှပင် နောက်မှဝင်လာသော ကျည်ဆံ တစ်တောင့်က နီမောင်လက်ပြင်တစ်နေရာသို့ ဖောက်ဝင်သွားလေတော့သည်။

"အား"

"ဟင်"

"နီမောင်"

"ငါ့ကို နည်းနည်းထိသွားပြီ"

ရေပြင်တစ်ဝိုက် သွေးများကချက်ချင်းပျံ့နှံ့သွားသည်။

"သွေးထွက်လာပြီထင်တယ်၊ မင်းကူးနိုင်သေးရဲ့လား၊ တို့တွဲခေါ်မယ်၊ အားတင်းထား နီမောင်"

ကျန်သုံးယောက်က နီမောင်ကို တစ်ဖက်တစ်ချက်တွဲပြီး စက်လှေများနှင့်ဝေးရာကို ကူးခဲ့ကြသည်။

စက်လှေနှစ်စင်းကလည်း ရန်သူများနောက်လိုက်ရန် စက်နိုးကြသော်လည်း စက်များ ရေမြုပ်စပြုနေသောကြောင့် စက်နိုး၍မရပေ။

ထို့ကြောင့်ပင် နီမောင်တို့အတွက် အခွင့်အရေးရသွားသည်။

သူတို့လေးယောက် နီမောင်ကိုတွဲ၍ တစ်ဖက်သို့ကူးခဲ့ရာ စောစောကသွေးညှီနံ့ရသောနေရာသို့ ငါးမန်းများက ချက်ချင်း ရောက်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့ တစ်ဖက်ကမ်းသို့ ရောက်ခါနီးအချိန်မှာ ကျွန်းကွေ့ထဲသို့ မီးဆလိုက်ထိုး၍ သင်္ဘောနှစ်စင်းမောင်းဝင်လာသည်။

တစ်စင်းက ရှေ့မှဝင်လာပြီး နောက်တစ်စင်းက အနောက်ဘက်မှ မောင်းဝင်လာခြင်းဖြစ်သည်။

ဝင်လာသော သင်္ဘောနှစ်စင်းမှ မီးရောင်များက ရေမြုပ်စပြုနေသော စက်လှေနှစ်စင်းပေါ်သို့ စု၍ကျနေသည်။

ကမ်းခြေစောင့်တပ်ဖွဲ့များ ရောက်လာပြီ။

မှောင်ခိုသမားများ ဘယ်လိုမှ မလွတ်သာ။ ပြေးခွင့်မသာတော့ပေ။

မကြာမီ နောက်ဘက်မှ အဘမှင်တို့စက်လှေပါ ရှေ့ဆင့်နောက်ဆင့်ရောက်လာတော့သည်။

"နီမောင် အားတင်းထားစမ်း၊ ဟိုမှာ အဘမှင်တို့ရောက်လာကြပြီကွ"

ထိုစကားကို နောက်ဆုံးကြားလိုက်ရပြီးနောက် နီမောင်သတိလစ်သွားတော့သည်။

* * *

## အခန်း [ ၂၃ ]

စစ်ခန်းနှာကျင်မှုများကို ဦးစွာသတိပြုမိပြီးနောက် နီမောင်သတိပြန်ရလာသည်။

လက်ပြင်တစ်ဝိုက်မှာ ပတ်တီးများတင်းနေအောင် စည်းထားသည့်ကြားမှ အောင့်သက်သက်ဝေဒနာများကို သတိပြုမိသည်။

မျက်လုံးကို ရုတ်တရက်ဖွင့်မရ။

စူးရှသော အလင်းရောင်ကြောင့် ကျိန်းစပ်နေသည်။

တဖြည်းဖြည်းဖွင့်ကြည့်တော့မှ မိမိပတ်ဝန်းကျင်မှ စိုးရိမ်စွာဝိုင်းကြည့်နေသော မျက်နှာများကိုမြင်ရသည်။

အမေ၊ ဦးခိုင်ဇံ၊ ခင်မကြီး၊ ဦးဘမှင်စသော ရင်းနှီးသူများနှင့် လုပ်ဖော်ကိုင်ဖက်များ။

www.burmeseclassic.com

www.burmeseclassic.com



ၾ၄င်းတို့၏မျှော်လင့်မှုမျက်နှာများပေါ်တွင် နီမောင် သတိပြန်ရလာသည်ကို မြင်သောအခါမှ အသီးသီး သက်ပြင်းချနိုင်ပြီး တက်ကြွမှုများဖြစ်ပေါ်လာသည်။

"သား...သတိရလာပြီလား"

အမေက တုန်ယင်စွာ မေးသည်။

နီမောင် ခေါင်းညိတ်ပြသည်။

"အခုမှပဲ အမေစိတ်အေးရတော့တယ် သားရယ်..."

"ကဲ...ဒေါ်မြမေ၊ ခင်ဗျားသားအတွက် စိတ်အေးတော့၊ အပြင်မှာ သွားနားလိုက်ပါလား"

ဦးခိုင်ဇံကပြောလိုက်သဖြင့် ဒေါ်မြမေက ခေါင်းညိတ်ကာ အပြင်သို့ထွက်သွားသည်။

ထိုအခါမှ ဦးခိုင်ဇံက...

"မောင်နီမောင်...မင်း ကောင်းကောင်းသတိရလာပြီ မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြသည်။

စကားပြောရန် အားယူသော်လည်း လည်ချောင်းထဲမှာ ခြောက်သွေ့လျက်ရှိသည်။

"မောင်နီမောင်တို့အဖွဲ့သားတွေရဲ့ စိတ်ဓာတ်တွေကတော့ တကယ်ချီးကျူးထိုက်ပါပေတယ်၊ အားလုံးကလဲချီးကျူးနေကြတယ်၊ မင်းတို့တစ်တွေရဲ့ ကြိုးစားမှုကြောင့် ငါ့ဆီကသစ္စာဖောက်



တွေရော၊ တစ်ဖက်က မှောင်ခိုသမားတွေရော အကုန်ဖမ်းမိလိုက်တယ်"

နီမောင် အားနည်းစွာပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"မှောင်ခိုသမားတွေဆိုက တစ်ဖက်နိုင်ငံကယူလာတဲ့ မှောင်ခိုပစ္စည်းတွေရော၊ မှောင်ခိုလက်နက်တွေဟာ ကမ်းခြေစောင့်တပ်ဖွဲ့တွေက ဖမ်းမိလိုက်တယ်"

"ဝမ်းသာစရာပေါ့ ဦးလေးရယ်"

"ဒါကြောင့် မင်းကျန်းမာရေးကောင်းလာရင် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်တွေက မင်းတို့အဖွဲ့ကို ဂုဏ်ပြုချင်လို့တဲ့၊ ဦးလေးကလဲ မင်းတို့တစ်တွေကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေးဖို့ စီစဉ်ထားတယ်"

"ကျွန်တော်တို့အတွက် မလိုပါဘူး ဦးလေးရယ်...၊ လုပ်သင့်လို့ လုပ်ပေးတာပဲ၊ ဘယ်လိုမျှော်လင့်ချက်မျိုးမှ မရှိပါဘူး"

"ဘယ်ဟုတ်မလဲကွာ... မင်းတို့ တစ်တွေကတောင် အသက်စွန့်ပြီး ဒီလောက်ကြိုးစားထားကြတာ၊ ဦးလေးတို့ဘက်က မသိတတ်လို့ ဘယ်ဖြစ်ပါ့မလဲ မောင်နီမောင်ရယ်..."

"အဖေ...နီမောင် နားချင်နားပါစေ...၊ သူ့ခမျာ ဒဏ်ရာက နည်းတာမဟုတ်ဘူး"

"အေး...ဟုတ်သားပဲ"

ခင်မကြီးက ဝင်ပြောလိုက်တော့မှ ဦးခိုင်ဇံသည် နီမောင့်ကိုနှုတ်ဆက်ကာ အခန်းတွင်းမှထွက်သွားသည်။ ဦးခိုင်ဇံထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီးနောက် ကျန်သူများကလည်း မရှေးမနှောင်းအပြင်သို့ ထွက်သွားကြရာ အခန်းထဲတွင် နီမောင်နှင့် ခင်မကြီးတို့ နှစ်ယောက်သာ ကျန်တော့သည်။

"နီမောင် ခွဲထားတဲ့ဒဏ်ရာက သက်သာရဲ့လား"

"နည်းနည်း နာတာကလွဲလို့ သက်သာပါတယ် မမကြီး"

"မင်း တစ်နေ့လုံး တစ်ညလုံးသတိလစ်နေလို့ အားလုံးက စိတ်ပူနေကြတာ၊ အဖေအိမ်ပြန်ရောက်သွားရင် ညီမလေးတောင် ဒီကိုလာမလား မသိဘူး"

"ကျွန်တော့်အတွက်နဲ့ အလုပ်အကိုင်ပျက်လှပါတယ် မမကြီးရယ်...၊ ဒီမှာ ဆရာဝန်ဆရာမတွေလဲရှိတာပဲ၊ ဒီလောက် မစိုးရိမ်ရပါဘူး"

"ဘယ်ဟုတ်မလဲကွယ်...၊ မင်းကို မမကြီးတို့က အလုပ်သမားတစ်ယောက်လိုတောင် သဘောမထားပါဘူး၊ မင်းကိစ္စမှန်သမျှ မမကြီးတို့က တာဝန်ယူရမှာပေါ့၊ ကဲ...မင်းလဲအနားယူလိုက်ဦး၊ မမကြီးပြန်လိုက်ဦးမယ်"

ခင်မကြီးက နီမောင်အား နှုတ်ဆက်ပြီး အခန်းထဲမှ ပြန်ထွက်သွားလေသည်။

နေ့လယ်ဘက်တွင် ဆရာမများက ဆေးထိုးဆေးသောက်ခြင်းများ လာရောက်ပြုလုပ်ပေးပြီးနောက် နီမောင် အိပ်ပျော်သွားသည်။



သူနောက်တစ်ကြိမ်ပြန်နိုးလာသောအခါ အခန်းထဲမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ရေသောက်ရန်အတွက် ခေါင်းရင်းစင်ပေါ်တွင် တင်ထားသော ရေဘူးကိုလှမ်းယူနေစဉ် အခန်းတွင်းသို့ လူတစ်ယောက် ဝင်လာသည်။ ခင်မလေးဖြစ်သည်။

သူမသည် ခုတင်အနီးသို့အရောက် ပါလာသောချိုင့်ကို စားပွဲပေါ်တင်ပြီး ရေဘူးကိုယူပေးရင်း 'သက်သာရဲ့လား'ဟု တိုးတိုးမေးသည်။

နီမောင်က ရေတစ်ခွက်သောက်ကာ ခေါင်းညိတ်ပြလိုက်သည်။ ခင်မလေးက ခုတင်နံဘေးမှ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

သူမထံမှ သနပ်ခါးရနံ့နှင့် မွှေးရနံ့တို့က နီမောင်ဆီသို့ တိုးဝင်လျက်ရှိရာ ရင်ထဲမှာ အေးမြမှုဖြစ်လာသည်။

"နင် ဒီတစ်ခေါက်နှစ်ခေါက်တော့ နားဦးမှာမဟုတ်လား"

"ဒဏ်ရာသက်သာတာနဲ့ ပြန်လိုက်သွားမှာပါ"

"ဘယ်ဖြစ်မလဲ...ဒဏ်ရာ လုံးလုံးပျောက်တဲ့အထိတော့ နားရမှာပေါ့၊ ဒါထက် ဒဏ်ရာသက်သာရင် မြို့ပြန်မှာလား"

"ဒါကတော့ အလုပ်ရှင်တွေရဲ့ သဘောပါပဲ"

ခင်မလေးက ကျေနပ်စွာ ပြုံးလိုက်သည်။

"အလုပ်ရှင်တွေက တစ်သက်လုံးပင်လယ်ထွက်ခွင့် မပေးဘဲထားရင်ရော ဘယ်လိုလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ်မထွက်ရရင်တော့ မြို့ပြောင်းပြီး ဟိုမှာပဲလုပ်စားရမှာပေါ့"

ခင်မလေးက ချစ်စဖွယ် မျက်စောင်းတစ်ချက်ထိုးလိုက်သည်။

"ဒီ မြို့ပြောင်းဖို့စကားပဲပြောပြောနေတယ်၊ ဒီမှာလုပ်စားလို့ရော မဖြစ်ဘူးလား"

"ငါက ပင်လယ်မှာပဲလုပ်စားတတ်တာ၊ ပင်လယ်မှာအလုပ်မရှိရင်တော့ မြို့ပြောင်းတာ ကောင်းတာပေါ့"

"ဒီမှာ တစ်သက်လုံးနေဆိုရင်ရော နင်က နေမှာလား"

နီမောင် အဖြေရကျပ်သွားသည်။

"ကဲ...ပြောလေ၊ နေမှာလား"

နီမောင် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဘယ်လို နေရမှာလဲ..."

"နင့်ကို ဒီမှာ တစ်သက်လုံးအလုပ်ပေးထားမှာ၊ နင်လုပ်ချင်တဲ့ ပင်လယ်အလုပ်တွေကို အမြဲလုပ်ရမှာတဲ့"

"ဘယ်သူကလဲ"

"အဖေက ပေးထားမှာလို့ ပြောတာပဲ"

ခင်မလေးက အကြည့်ကိုတစ်ဖက်သို့လွှဲကာ ပြောသည်။

နီမောင်က သဘောကျစွာပြုံးလိုက်သည်။

"ဦးလေးတို့က ရှိစေချင်ပေမယ့် ငါရှိရင် ရှုပ်တယ်လို့ ထင်တဲ့သူတွေက ထင်နေရင် ဘယ့်နှယ်လုပ်မလဲ"



နီမောင်က ရယ်ရယ်မောမောပြောလိုက်သော်လည်း ခင်မလေးမှာ မျက်နှာတစ်ချက်ပျက်သွားသည်။

"နင်ကလဲ...ငါ့ကို အဲဒီလို မခနဲ့ပါနဲ့ နီမောင်ရယ်၊ ငါ့ရင်ထဲမှာ အဲဒီလောက် လူတစ်ဖက်သားပေါ် ဆိုးရွားတဲ့ စိတ်မျိုးတွေ မရှိပါဘူး၊ နင်နဲ့ပတ်သက်ပြီး အဲဒီလိုစိတ်ထားမျိုးတွေရှိခဲ့တယ်လို့ ထင်ခဲ့ရင်လဲ ခွင့်လွှတ်ပေးပါ နီမောင်ရယ်"

အသံလေး ကတုန်ကယင်ဖြင့်ပြောလိုက်သော ခင်မလေး အမူအရာကိုကြည့်ပြီး နီမောင် စိတ်မကောင်းဖြစ်သွားမိသည်။

မိမိအနေဖြင့် ရည်ရွယ်ချက်မရှိဘဲ ပြောလိုက်ခြင်းဖြစ်သော်လည်း တစ်ဖက်သားရင်တဲမှာ ထိခိုက်သွားလောက်အောင် ခံစားသွားရမှန်း သိလိုက်သောအခါ စိတ်မကောင်းဖြစ်သွားသည်။

"ငါက တမင်ပြောလိုက်တာပါ ခင်လေးရယ်...၊ နင်နဲ့ ပတ်သက်ပြီး ရင်ထဲမှာ အားလုံးခွင့်လွှတ်ပြီးသားပါ...၊ ဒီအကြောင်းတွေ စိတ်ထဲမှာ မထားနဲ့တော့နော်..."

"နင် တကယ်ပြောတာလား နီမောင်"

နီမောင်ကပြုံး၍ ခေါင်းညိတ်ပြလိုက်သောအခါ ခင်မလေး မျက်နှာလေးမှာ တိမ်စင်လနှယ် ဝင်းပကြည်လင်လာပြီး ပြုံးပြုံးရွှင်ရွှင် ဖြစ်လာတော့သည်။

"နေဦး...နင့်အတွက် စားစရာတွေထည့်ပေးလာတာ တောင် မေ့နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ စားပွဲပေါ်တင်ထားသော ချိုင့်အတွင်းမှ ထည့်ယူလာသော မြူစွမ်ပြုတ်၊ ငါးကြော်၊ ကြက်ဥပြုတ် စသည်တို့ကို ချပေးနေစဉ် ထွန်းကျော်တို့အဖွဲ့ ဝင်လာကြသည်။

"ဘယ်လိုလဲဟေ့...ဓာတ်လိုက်ကြီး၊ အခြေအနေကောင်းရဲ့လား၊ မိန်းမတောင်မရသေးဘူး၊ တစ်ခါတည်းတော့ မသေလိုက်နဲ့ဦးနော်၊ ဒီအရပ်က ငှက်ပျောပင် ရှားသဗျ"

"ငါလဲ အဲဒီလို နေမကောင်းဖြစ်ချင်လိုက်တာ၊ အိမ်မှာ စားရသောက်ရတာ ခံတွင်းမတွေ့တာကြာပြီကွာ..."

"ရတာယ်လေ...အဲဒီလိုဆို ငါ့ကိုသေနတ်ခဏပေး၊ နင့်ကျရင်တော့ အဲဒီလို မသေမရှင်ဖြစ်အောင်တော့ ပစ်မှာ မဟုတ်ဘူး။ ကိစ္စပြတ်အောင် ရင်ဝကို တစ်ခါတည်း မှန်အောင် ပစ်သတ်မှာ..."

"ဖွဟဲ့ လွဲပါစေ...ဖယ်ပါစေ..."

အားလုံး ရယ်ရယ်မောမော ပြောနေကြစဉ် ခင်မလေးက ရှက်ကိုးရှက်ကန်းမျက်နှာလေးဖြင့် အခန်းအပြင်ဘက်သို့ ထွက်သွားလေတော့သည်။

* * *

## အခန်း [ ၂၄ ]

အကာလ ညအခါ...။

လရောင်မရှိသဖြင့် ပတ်ဝန်းကျင်တစ်ဝိုက် အမှောင်ရိပ်များက ဖုံးလွှမ်းထားသည်။

သစ်ပင်ရိပ်များယှက်ထိုးနေသော ကဒုံကနိချောင်းထဲ၌ အမှောင်ရိပ်များက ပိုမိုကြီးစိုးထားသည်။

ချောင်းဝပိုင်းတွင် အလင်းရောင်အနည်းငယ်ရှိသော်လည်း အတွင်းပိုင်း၌မူ အမှောင်ထုလွှမ်းထားရုံမက တိတ်ဆိတ်ငြိမ်သက်ခြင်းကပါ မင်းမူထားသည်။

စက်လှေအဝင်အထွက် အသွားအလာ မရှိသလောက်ပင်။

ထိုအချိန်တွင် ချောင်းဝပိုင်းမှ မည်သည့်အမှတ်အသား၊ အလံများတပ်ဆင်မထားသော စက်လှေတစ်စင်း ဖြည်းညှင်းစွာမောင်းဝင်လာသည်။ စက်ကိုလျှော့၍ ဖြည်းဖြည်းလေး မောင်းဝင်လာသောကြောင့် အသံမကြားရပေ။

ချောင်းရိုးတစ်လျှောက်လုံး အိပ်မောကျနေချိန်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း တော်ရုံအသံလောက်တော့ မည်သူမှကြားနိုင်မည်မဟုတ်ပေ။

အကယ်၍ကြားလျှင်လည်း ချောင်းရိုးအတွင်း စက်လှေများအစဉ်မပြတ် ဝင်ထွက်သွားလာနေသောကြောင့် မည်သူကမျှ အိပ်ရေးပျက်ခံ၍ ထကြည့်ကြမည်မဟုတ်ပေ။

ဝင်လာသော စက်လှေသည် ဦးခိုင်ဇံတံတားထိပ်ရောက်သောအခါ ချောင်းဝဘက် စက်လှေဦးပြန်လှည့်၍ ဖြည်းညှင်းစွာ ဝင်ကပ်လိုက်သည်။

ထို့နောက် . . .

စက်လှေပေါ်မှ အဝတ်နက်ကိုယ်စီဝတ်၍ မျက်နှာကို အဝတ်စည်းကာ သေနတ်၊ ဓားများကိုင်ဆောင်ထားသော လူငါးယောက် တံတားပေါ်တက်လာပြီး ဦးခိုင်ဇံအိမ်ထဲသို့ဝင်သွားသည်။

"ဦးခိုင်ဇံ . . .ဦးခိုင်ဇံ"

ခပ်အုပ်အုပ် ခေါ်လိုက်သည်။

တစ်ကြိမ်နှစ်ကြိမ်ခေါ်သောအခါ အိမ်အတွင်းမှ ဦးခိုင်ဇံနိုးလာသည်။

"ဦးခိုင်ဇံ . . .ဦးခိုင်ဇံ"

"ဟော့ . . .ဘယ်သူတွေလဲဟ"

"ကျွန်တော်တို့ပါ၊ ခါးပြတ်ကျွန်းစခန်းက လာခဲ့ကြတာ ကိစ္စအရေးကြီးလို့ တံခါးဖွင့်ပါဦး"

"အေး . . .လာမယ်၊ လာမယ်"



ဦးခိုင်ဇံက အိမ်ထဲမှ အင်ဖာတာမီးချောင်းတစ်ချောင်းမီးဖွင့်ကာထွက်လာပြီး တံခါးဖွင့်ပေးလိုက်သည်။

တံခါးဝတွင် ရပ်နေသူငါးယောက်၏ ပုံပန်းသဏ္ဌာန်ကိုမြင်လိုက်သောအခါ အထိတ်တလန့် နောက်သို့ခြေလှမ်းဆုတ်သွားသည်။

"မင်းတို့ ဘယ်သူတွေလဲ"

"ကျုပ်တို့ ဘယ်သူတွေလဲဆိုတာ သိဖို့မလိုပါဘူး၊ လိုချင်တာရှိလို့လာခဲ့တာ၊ အထဲကိုဝင်"

မတတ်သာတော့သဖြင့် ဦးခိုင်ဇံက နောက်သို့ ဆုတ်ပေးလိုက်ရသည်။ ထိုအချိန်တွင်အသံများကြားသဖြင့် အခန်းတွင်းမှ ခင်မလေးနှင့် ခင်မကြီးတို့ထွက်လာကြရာ တစ်ယောက်က သေနတ်ဖြင့်ချိန်၍ ငြိမ်ငြိမ်နေရန် အချက်ပြလိုက်သဖြင့် ကြောက်လန့်ထိတ်လန့်စွာ အခန်းထောင့်တွင် မျက်စိသူငယ်ဖြင့် ထိုင်နေကြရသည်။

"မင်းတို့ ဘာလိုချင်တာလဲ၊ ပစ္စည်းလိုချင်တာမှန်ရင်တော့ တွေ့တဲ့ပစ္စည်းယူသွားနိုင်တယ်၊ လူကိုတော့ လုံးဝအန္တရာယ်မပေးကြနဲ့"

ဦးခိုင်ဇံက ခတ်ပြတ်ပြတ်ပြောသောအခါ ခေါင်းဆောင်ဖြစ်သူက ခပ်အုပ်အုပ်ရယ်လိုက်သည်။

"ကျုပ်တို့ကလဲ လိုချင်တဲ့ပစ္စည်းရရင် လူတွေကို လက်ဖျားနဲ့တောင် မတို့ပါဘူး၊ စိတ်ချပါ"

"မင်းတို့ လိုချင်တဲ့ပစ္စည်းက ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နီမောင်"

"ဟင်"

အားလုံး မမျှော်လင့်သောစကားကြောင့် အားလုံး အံ့ဩသွားကြသည်။

"နီမောင်က ငါပိုင်တဲ့ပစ္စည်းမှမဟုတ်ဘဲ ဘယ်လိုပေးလို့ရမလဲ"

"နီမောင်ကို ရိုးရိုးခေါ်လို့ကတော့ ဘယ်နည်းနဲ့မှ ရမှာမဟုတ်ဘူး၊ အင်မတန် ခေါင်းမာတယ်"

"သူ့ကို ဘာကြောင့်လိုချင်တာလဲ"

"ခိုင်းစရာတစ်ခုရှိလို့ပါ၊ သူ့ကိုခိုင်းပြီး ကျုပ်တို့လိုချင်တာရရင် ပြန်လွှတ်မှာပါ"

"အဲဒီတော့ ငါက ဘယ်လိုလုပ်ပေးရမှာလဲ"

"လုပ်ပေးစရာမလိုပါဘူး၊ အခု ကျုပ်တို့ ခင်ဗျားသမီး အငယ်မကို ခဏခေါ်သွားမယ်"

"ဘာ"

"ဟုတ်တယ်၊ ခင်ဗျားသမီး မှဲ့တစ်ပေါက်မစွန်းစေရဘူး တာဝန်ယူတယ်၊ ကိစ္စပြီးတာနဲ့ပြန်လွှတ်ပေးမယ်၊ မနက်ဖြန် နီမောင်ကိုပြန်မှာလိုက်၊ သူလာရင် ဒီစာပေးလိုက်၊ ထဲ ကျုပ်တို့သွားမယ်၊ သူ့ကိုခေါ်ခဲ့ဟေ့"

ခေါင်းဆောင်လုပ်သူက မျက်နှာရိပ်ပြလိုက်သောအခါ သေနတ်ကိုင်ထားသူနှစ်ယောက်က ခင်မလေးကို တစ်ယောက်



တစ်ဖက်ညှပ်၍ စက်လှေထဲသို့ ခေါ်ခဲ့ပြီးနောက် ဆိပ်ကမ်းမှ မောင်းထွက်သွားကြတော့သည်။

နောက်တစ်နေ့မနက်တွင် ဦးခိုင်ဇံက ကမ်းခြေစောင့်တပ်ဖွဲ့များအား အကြောင်းစုံအသိပေးတိုင်ကြား၍ နီမောင်တို့အဖွဲ့အား အမြန်ဆုံးပြန်လာရန် မှာကြားလိုက်သည်။ နောက်တစ်နေ့တွင် နီမောင်တို့စက်လှေပြန်ရောက်လာသည်။

ဦးခိုင်ဇံက အကျိုးအကြောင်း ပြောပြလိုက်သည်။

နီမောင်က အားလုံးနားထောင်ပြီး . . .

"ကျွန်တော် သိတယ်၊ ဘယ်သူတွေဆိုတာလဲ ကျွန်တော် ရိပ်မိပါတယ်၊ သူတို့ပေးခဲ့တဲ့စာကိုပြပါဦး"

ဦးခိုင်ဇံ ဓားပြများပေးသွားသော စာကိုပေးလိုက်ရာ နီမောင်က ဖောက်ဖတ်လိုက်သည်။

'နီမောင်'

တို့နဲ့ အမြန်လာတွေ့ပါ၊

ဒီအကြောင်းကို တိုင်လားတောလားလုပ်ရင်တော့

ခင်မလေးရဲ့အသက်ကို တာဝန်မယူနိုင်ပါ။

မင်းတစ်ယောက်တည်း ပါရီပါရစ်ကျွန်းကို လာခဲ့ပါ။

(ပုလဲနက်)

နီမောင် စာရွက်ကို လုံးချေပစ်လိုက်သည်။

"ကျွန်တော်လိုက်သွားမယ် . . .၊ ဒီကိစ္စက ကျွန်တော်ရှင်းရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ မောင်နီမောင်၊ ဦးလဲပြောပြပါဦး"

နီမောင်က ထွန်းဖေတို့ ဇော်လန်းတို့နှင့်ပေါင်းပြီး ပုလဲနက်ကြီးကို ရှာဖွေကြပုံ၊ မိမိတို့ပုလဲနက်ကြီးရှိရာ ဂူအတွင်း ရောက်ခဲ့ကြပုံ၊ တလောက ထွန်းဖေနှင့် စိန်သန်းတို့တစ်တွေ ဂူထဲဝင်၍ သတ္တဝါကြီးတစ်ကောင်နှင့်တွေ့ကာ သေကြေပျက်စီးကြပုံများကို ပြောပြလိုက်သည်။

"အခုကိစ္စမှာ ဒီကောင်တွေဟာ ရိုးရိုးပစ္စည်းလိုချင်လို့ လာကြတဲ့ဓားပြတွေ မဟုတ်ဘူး၊ သူတို့မှာအကြံရှိတယ်၊ ကျွန်တော့်ကို ဘယ်နည်းနဲ့မှ ခိုင်းလို့မရမှန်းသိတော့ ခင်မလေးကို ဖမ်းခေါ်သွားပြီး အကြပ်ကိုင်တာပဲ၊ ကျွန်တော်လိုက်သွားမယ်"

"မင်းတစ်ယောက်တည်း သွားလို့ဖြစ်ပါ့မလား"

ထွန်းကျော်က စိုးရိမ်စွာမေးသည်။

"အများနဲ့သွားလို့မဖြစ်ဘူး၊ ဒီကောင်တွေရိပ်မိသွားရင် ခင်မလေးအတွက် စိုးရိမ်ရတယ်၊ ဒီကောင်တွေက ပုလဲနက်ကြီးကို အဓိကလိုချင်တာ. . .၊ သူတို့လိုချင်တာ မရမချင်းငါ့အတွက်ဘာမှ မစိုးရိမ်နဲ့၊ ဒီမှာကျန်ခဲ့တဲ့လူတွေက ငါပြောတဲ့အစီအစဉ်တွေကို လုပ်ထားကြရမယ်"

"မင်းအစီအစဉ်တွေကိုလဲ ပြောပါဦး"

နီမောင်က ဦးခိုင်ဇံ၊ ဦးဘမှင်၊ ထွန်းကျော်တို့အား သူထွက်သွားသည်နှင့် ပြုလုပ်ရမည့် အစီအစဉ်များကို ပြောပြလေသည်။

* * *

## အခန်း [ ၂၅ ]

ပါရီပါရစ်ကျွန်း၏ ချုံနွယ်ပိတ်ပေါင်းထူထပ်သော ကမ်းခြေ တစ်နေရာတွင် စက်လှေနှစ်စင်းဆိုက်ကပ်ထားသည်။ စက်လှေ တစ်စင်း၏ အခန်းထဲတွင် ခင်မလေးကို ထည့်ထားသည်။

စက်လှေဦးပိုင်းတွင် အစောင့်တစ်ယောက်ရှိသည်။

သေနတ်တစ်လက်ကိုလွယ်ထားပြီး အဝေးကြည့်မှန်ပြောင်း တစ်လက်ဖြင့် ပင်လယ်ပြင်ကိုမျက်ခြည်မပြတ် စောင့်ကြည့်နေ သည်။

၎င်းတို့စက်လှေဆိုက်ထားသောနေရာမှကြည့်လျှင် ပင်လယ်ပြင်တစ်ဝိုက် အကုန်လှမ်းမြင်ရသည်။

မကြာမီ ခင်မလေးရှိနေသောအခန်းတံခါးပွင့်လာပြီး ထွန်းဖေဝင်လာသည်။

သူ့လက်ထဲတွင် စားသောက်စရာအချို့ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှော့...ခင်မလေး၊ နင် ဆာနေမှာသိလို့ ငါစားစရာတွေ ယူလာတာ၊ စားလိုက်ဟာ"

ခင်မလေးက ထွန်းဖေမျက်နှာကို မီးတောက်လုမတတ် ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်ပြီး...

"ထွီ...လူယုတ်မာ၊ အသက်သာအသေခံမယ်၊ နင်တို့ ကျွေးတဲ့အစားအစာကို ဘယ်တော့မှ မစားဘူးမှတ်ထား"

ထွန်းဖေက သွားဖြဲလေးဖြင့် ရယ်နေသည်။

"သိပ်လဲ ဒေါသကြီးမနေပါနဲ့ခင်မလေးရာ၊ အရင်ကသာ နင်ကအလုပ်ရှင်ဆိုပြီး ဒီလိုအချိုးမျိုးချိုးလို့ရမှာပေါ့၊ အခု ငါတို့လက်ခုပ်ထဲကရေဖြစ်နေပြီ၊ အခြေအနေကိုကြည့်ပြီး အပြောအဆိုဆင်ခြင်မှပေါ့ဟ"

"နင်ဟာ အတော်သစ္စာမရှိတဲ့လူပဲ၊ ငါတို့ပေးကျွေးတဲ့ ထမင်းကိုစား၊ ငါတို့ပစ္စည်းတွေကို သုံးပြီး ကိုယ်ကျိုးရှာတယ်၊ ငါတို့ကိုပြန်ပြီး ဒုက္ခပေးတယ်၊ နင် သစ္စာတရားဆိုတာရော နားလည်ရဲ့လား"

"ဟင့်အင်း...အဲဒါတွေ ငါမသိဘူး၊ ငါသိတာက ဒီလုပ်ငန်းအောင်မြင်ရင် တို့တစ်သက် စားမကုန်အောင် ချမ်းသာမယ်ဆိုတာပဲ"

"အခု နင်တို့ ငါ့ကိုဖမ်းလာပြီးဘာလုပ်ကြမှာလဲ၊ အဖေ့ဆီက ငွေတောင်းကြမှာမဟုတ်လား"



ထွန်းဖေက သဘောကျစွာ တစ်ချက်ရယ်လိုက်သည်။

"နင့်အဖေဆီက ငွေလိုချင်မှတော့ အဲဒီညကတည်းက တစ်ခါတည်းယူလာမှာပေါ့၊ တို့လိုချင်တာ ငွေမဟုတ်ဘူး၊ တို့ပြောတဲ့အတိုင်း နီမောင် ဒီကိုလိုက်လာရင် ပြီးတာပါပဲ၊ ဒီအတောအတွင်း နင့်ကို လက်ဖျားနဲ့တောင် မတို့စေရဘူး၊ တကယ်လို့ နင့်အချစ်တော် နီမောင် ရောက်မလာရင်တော့ တစ်မျိုးပေါ့..."

"ခွေးတိရစ္ဆာန်တွေ..."

ထွန်းဖေက သဘောကျစွာရယ်ကာ စားသောက်စရာများကို ချပေးခဲ့ပြီးနောက် အခန်းတွင်းမှပြန်ထွက်သွားသည်။

ထိုအခါ ခင်မလေးမှာ စိတ်အားငယ်မှုများဖြစ်လာပြီး မျက်ရည်များရစ်ဝဲလာသည်။

မိမိဘဝ ရှေ့တွင် မည်သို့မည်ပုံ ဆက်ဖြစ်လာမည်ကို မသိနိုင်သောကြောင့် ရင်လေးနေမိသည်။

ထိုစဉ်...

စက်လှေဦးပိုင်းရှိ အစောင့်ထံမှ အော်သံပေါ်လာသည်။

"စက်လှေတစ်စင်း ဒီဘက်ကိုလာနေတယ်ဟေ့"

စက်လှေနှစ်စင်းပေါ်မှ လူများ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ လက်နက်ပြင်သူပြင်၊ နေရာယူသူယူနှင့် အလုပ်ရှုပ်ကုန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ပင်လယ်ပြင်မှ မောင်းလာသော စက်လှေက တဖြည်းဖြည်းနှင့် ကွေ့အတွင်းဝင်လာသည်။

မှန်ပြောင်းဖြင့် ကြည့်နေသူက…

"စက်လှေဦးမှာ နီမောင်တစ်ယောက်တည်းတွေ့တယ်၊ တခြားတော့ ဘယ်သူမှမမြင်ရဘူး"

"အဲဒီစက်လှေကို ဒီကိုဝင်လာခိုင်းလိုက်၊ အားလုံးသတိတော့ ထားကြ၊ မသင်္ကာတာတွေ့ရင်တော့ ပစ်သာပစ်ဟေ့"

ဇော်လန်းက စက်လှေဦးထွက်လာပြီး သူ့လူများကို အချက်ပေးထားလိုက်သည်။

သည်ဘက်မှ အလံထောင်ပြလိုက်သောအခါ အပြင်မှ ဝင်လာသော စက်လှေကတဖြည်းဖြည်း ဝင်ကပ်သည်။ စက်လှေဦးတွင် နီမောင် တစ်ယောက်တည်းရပ်နေသည်။

"တစ်ယောက်တည်းလားဟေ့"

"အေး…တစ်ယောက်တည်းပဲ"

"ဒီလိုဆိုရင် ဒီဘက်ကိုကူးလာခဲ့၊ ပြီးရင် မင်းစက်လှေကို ပြန်လွှတ်လိုက်တော့"

စက်လှေချင်းဆက်မိသောအခါ နီမောင်တစ်ဖက်စက်လှေသို့ ခုန်ကူးလာပြီးနောက် လိုက်ပို့သောစက်လှေက ပြန်မောင်းထွက်သွားသည်။

"မင်း…ကတိတော့ တည်သားပဲ နီမောင်"



"အပိုတွေပြောမနေစမ်းပါနဲ့ကွာ…၊ မင်းတို့ငါ့ကို ဘာကြောင့် အခုလို အကြပ်ကိုင်ခေါ်တာလဲပြော…"

"ဖြည်းဖြည်းပေါ့ကွာ၊ ပြောမှာပေါ့"

"မင်းတို့ ခင်မလေးကို ဘယ်မှာထားလဲ၊ ငါ သူနဲ့တွေ့ချင်တယ်"

ဇော်လန်းက တစ်ချက်ရယ်လိုက်သည်။

"ဟိုကလဲမင်းအလာကို စောင့်နေတာပါ၊ တွေ့ရမှာပေါ့၊ တို့ခိုင်းတဲ့အလုပ်ကို အောင်မြင်အောင်လုပ်ပေးပြီးရင် ခင်မလေးကို မင်းလက်ထဲကို ပြန်ထည့်လိုက်မှာပါ"

"မင်းတို့က ငါ့ကို ဘာခိုင်းမှာလဲ"

"လိုရင်းပဲပြောကြတာပေါ့ကွာ…၊ တို့ မင်းတွေ့ထားတဲ့ ပုလဲနက်ကြီးကိုလိုချင်တယ်၊ မင်းအဲဒီပုလဲနက်ကြီးကို ယူပေးပြီးရင် ကိစ္စပြီးပြီ"

"အဲ ဒီ ပုလဲနက်ကြီးက ဘုရားပစ္စည်းဆိုတာ မင်းတို့မသိဘူးလား"

"ဒါက မင်းကိစ္စမဟုတ်ပါဘူး၊ မင်းက ယူပေးရုံပဲ၊ ကျန်တာက တို့ရဲ့အပိုင်းပါ"

"ဒီကိစ္စပြီးရင် တို့ကိုပြန်လွှတ်ပေးမှာလား"

"တို့လိုချင်တာရရင် မင်းတို့နှစ်ယောက်စလုံးကို ပြန်လွှတ်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့စကားကို ဘယ်လိုယုံကြည်ရမှာလဲ"

"တို့က နည်းနည်းဆိုးတယ်ဆိုပေမယ့် ကတိတော့တည်ပါတယ်၊ ဒီအတွက် စိတ်မပူပါနဲ့၊ မင်းသာ အောင်မြင်အောင် လုပ်ပေးပါ"

"မင်းတို့ မဟုတ်တာတွေလုပ်ကြတယ်၊ တစ်နေ့ကျရင် တရားဥပဒေကဒီအတိုင်း လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူးဆိုတာ သိရဲ့လား"

ဇော်လန်းက သဘောကျစွာ တစ်ချက်ရယ်လိုက်သည်။

"ဒီအတွက်လဲ ပူမနေပါနဲ့ကွာ...၊ တို့က တို့လိုချင်တဲ့ ပစ္စည်းရရင် ဒီမှာလဲ ဆက်မနေတော့ပါဘူး၊ ဒီကနေတစ်ခါတည်း ဟိုဘက်နိုင်ငံကိုကူးသွားတော့မှာကွ၊ ကဲ...မင်း တို့လိုချင်တာ ယူပေးမလား၊ မယူပေးဘူးလား...ဒါပဲပြော"

"အခုမှတော့ ဘယ်တတ်နိုင်တော့မှာလဲ၊ ယူပေးရတော့ မှာပေါ့၊ အဲဒီနေရာကိုသာ မောင်းပေတော့"

"ဒီလိုမှပေါ့ကွ၊ ဟေး...တို့လူတွေ စက်လှေထွက်ကြမယ်၊ ပြင်ကြပေတော့"

ဇော်လန်းက ကျေနပ်စွာဖြင့် နေရာမှထသွားရန် ပြင်သောအခါ နီမောင်က...

"နေဦး...ငါ ခင်မလေးနဲ့တွေ့ချင်တယ်"

"ဩော်...မေ့သွားလို့ကွာ၊ သူ့ကို ခင်မလေးအခန်းကို ပို့ပေးလိုက်ဟေ့"



ဇော်လန်းက သူ့တပည့်တစ်ယောက်ကို ပြောခဲ့ပြီး အခန်းထဲ ပြန်ဝင်သွားသည်။

မကြာမီ စက်နိုးသံများပေါ်ထွက်လာပြီး စက်လှေနှစ်စင်း ကမ်းစပ်မှ စတင်ခွာသည်။

တစ်ယောက်က နီမောင်အား ခင်မလေးအခန်းသို့ လိုက်ပို့ ပေးသည်။

အခန်းထဲသို့ နီမောင်ဝင်သွားသောအခါ တံခါးကိုအပြင်မှ ပြန်ပိတ်လိုက်သည်။

နီမောင်ကို မြင်လိုက်သောအခါ ခင်မလေးက ဝမ်းသာ အားရ နေရာမှ ထလာသည်။

"နီ...နီမောင်"

နီမောင်က အနားလျှောက်သွားပြီး ခင်မလေး၏ လက် နှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"နင် ဘာမှ မဖြစ်ဘူး မဟုတ်လား"

"ဟင့်အင်း...သူတို့ ငါ့ကို ဘာမှမလုပ်ကြပါဘူး၊ ဒါထက် သူတို့က နင့်ကို ဘာခိုင်းကြတာလဲဟင်"

ခင်မလေးက နီမောင့်လက်ကို တင်းတင်းဆုပ်ကိုင်ထားရင်း စိုးရိမ်စွာ မေးလိုက်သည်။

နီမောင်က ခင်မလေးအနားတွင်ထိုင်ရင်း အကျိုးအကြောင်း ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . .နင် အဲဒီကိုသွားလို့ဖြစ်ပါ့မလား၊ မတော်တဆ တစ်ခုခုဖြစ်သွားရင် . . ."

ခင်မလေးက နီမောင့်မျက်နှာကို စိုးရိမ်စွာမော့ကြည့်ရင်း စကားရပ်လိုက်သည်။

"ငါ့အတွက် မစိုးရိမ်ပါနဲ့ ခင်လေးရယ်၊ အခုအခြေအနေမှာ သူတို့ခိုင်းတာလုပ်ပေးရုံကလွဲပြီး ဘာမှမတတ်နိုင်ဘူး၊ နောက်မှ အခြေအနေကြည့်ပြီး ကြည့်လုပ်ရမှာပဲ၊ ကဲ နင်ဘာမှ မစိုးရိမ်နဲ့တော့ . . .၊ နင့်အတွက် ငါအသက်နဲ့လဲပြီး စောင့်ရှောက်ပေးမယ်"

ထိုစကားကြားသောအခါ ခင်မလေးမျက်နှာပြင်ပေါ်တွင် အားတက်ရွှင်လန်းမှုများဖြစ်ပေါ်လာကာ နီမောင့်လက်ကို တင်းတင်း ဆုပ်ကိုင်ပြီးနောက် ပြုံးပြလိုက်သည်။

ထိုအချိန်တွင် သူတို့နှစ်ဦး၏ရင်ထဲတွင် နွေးထွေးစွာ ရင်ခုန်မှုများဖြစ်နေသည်။

အပြင်တွင် 'တဒီးဒီး' မောင်းနေသော စက်သံက မှန်မှန်ပေါ်ထွက်နေဆဲ . . .။

* * *

## အခန်း [ ၂၆ ]

နံနက်လင်းစကတည်းက ရာသီဥတုမကြည်လင်လှပေ။ ပင်လယ်ပြင်တစ်ဝိုက် မှုန်မှုန်မှိုင်းမှိုင်းဖြစ်နေသည်။

ပါရီပါရစ်ကျွန်းဘက်မှ ထွက်လာသော စက်လှေနှစ်စင်းမှာ နောက်တစ်နေ့နံနက်လင်းစတွင် ခါးပြတ်ကျွန်း ဘုရားတောင်ကုန်းကွေ့သို့ရောက်လာသည်။

ထိုနေရာတစ်ဝိုက်တွင် စက်လှေအသွားအလာ မရှိသလောက် ရှင်းနေသည်။

ဘုရားရှိရာ တောင်ကုန်းအောက် ပုလဲအိုင်ဟုလူသိများသောနေရာတွင် စက်လှေများကိုရပ်ကာ ကျောက်ချထားလိုက်သည်။ ထိုနေရာသို့ရောက်သောအခါ နီမောင်က . . .

"ငါသွားတော့မယ်၊ နင်ဘာမှအားမငယ်နဲ့နော် ခင်လေး၊ ငါတို့အစီအစဉ်တွေ အားလုံးလုပ်ထားပြီးသား၊ အခြေအနေ ကြည့်ပြီးသာ သတိနဲ့နေ . . .ကြားလား"

ခင်မလေးက ခေါင်းညိတ်ပြရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



“နင် သတိထားနော် နီမောင်၊ နင်တစ်ခုခုဖြစ်သွားမှာ ငါသိပ်စိုးရိမ်တာပဲ . . .”

“ငါ့အတွက် စိတ်ချစမ်းပါ၊ ကဲ . . .သွားတော့မယ်”

တစ်ယောက်နှင့်တစ်ယောက် လက်ချင်းတင်းတင်းဆုပ်ကိုင်လိုက်ပြီးနောက် နီမောင်အခန်းအပြင်သို့ထွက်သွားသည်။

စက်လှေဦးပိုင်းတွင် ဇော်လန်း၊ ထွန်းဖေနှင့် ၎င်းလူများက စောင့်နေကြသည်။

“ဘယ်လိုလဲ နီမောင်၊ ဆင်းတော့မလား”

“ဆင်းတော့မယ်၊ မင်းတို့အထဲက ဘယ်သူလိုက်မှာလဲ”

ယခင်တစ်ကြိမ် ကြုံခဲ့ရသောအန္တရာယ်ဆိုးကြောင့် ထွန်းဖေတို့အဖွဲ့ ဂူအတွင်းဝင်ရမှာ ကြောက်နေကြသည်။

နီမောင်က ထွန်းဖေအနီး လျှောက်သွားပြီး . . .

“မင်း လိုက်မှာ မဟုတ်လား”

ဟုမေးလိုက်ရာ ထွန်းဖေက ‘ငါမလိုက်ဘူး’ဟု အတင်းငြင်းလေသည်။

“မလိုက်လို့မဖြစ်ဘူးလေ၊ ဒီလောက်အရေးကြီးတဲ့ကိစ္စဆောင်ရွက်ရာမှာ မင်းတို့ခေါင်းဆောင်တွေထဲက တစ်ယောက်မလိုက်လို့မဖြစ်ဘူး”

ပုလဲနက်ကြီးတွေ့တဲ့အခါမှာ ငါ့စိတ်တစ်မျိုးပြောင်းသွားရင် ဘယ့်နှယ်လုပ်မလဲ . . .”

‘ပုလဲနက်ကြီး’ ဆိုသောစကားကြောင့် ဇော်လန်းနှင့် ထွန်းဖေတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။



အတန်ကြာမှ ဇော်လန်းက . . .

“ကိုထွန်းဖေ၊ ခင်ဗျားက ရေငုပ်ကျွမ်းကျင်တော့ ခင်ဗျားလိုက်သွားဗျာ”

ဟုပြောလိုက်ရာ ထွန်းဖေမှာ မတတ်သာတော့ဘဲ သူ့လူနှစ်ယောက်နှင့်အတူ ရေထဲဆင်းရန်ပြင်ရလေတော့သည်။

နီမောင်က ကျောတွင် ဓားရှည်တစ်လက်၊ ခါးတွင် ဓားမြှောင်တစ်လက် ချိတ်ထားသည်။

ရေအောက်တွင် သေနတ်က ဘာမှ အသုံးမဝင်သောကြောင့် ထွန်းဖေတို့အဖွဲ့ ဓားတစ်လက်စီယူကြသည်။

နီမောင်က ရှေ့မှရေထဲသို့ခုန်ဆင်းလိုက်သောအခါ ထွန်းဖေတို့သုံးယောက်လည်း နောက်မှဆင်းလိုက်လာကြသည်။ အားလုံးရေငုပ်ကျွမ်းကျင်သူများမို့ အခက်အခဲမရှိ ရေအောက်တွင် လှုပ်ရှားနိုင်ကြသည်။

နီမောင်က ရှေ့မှ လက်နှိပ်ဓာတ်မီးကိုအသုံးပြု၍ သတိဖြင့် အတွင်းသို့ဝင်သွားသည်။

ဂူအတွင်းသို့ အတော်အတန်ရောက်လာသည်အထိ မည်သည့်အနှောင့်အယှက် တစ်စုံတစ်ရာကိုမျှ မတွေ့ရပေ။

နီမောင်က ရှေ့ဆုံးမှ။

နောက်မှ ထွန်းဖေ။

၎င်းတို့နှစ်ယောက်နောက် မလှမ်းမကမ်းမှ လိုက်လာသော လူနှစ်ယောက်မှာ ဂူအတွင်းပိုင်း အမှောင်ရိပ်ထဲရောက်သောအခါ တစ်ယောက်မှ ပါမလာကြတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဂူထဲရောက်သောအခါ နီမောင်နှင့် ထွန်းဖေတို့နှစ်ယောက်သာ ကျန်တော့သည်။

“ဟင်...ဟိုနှစ်ယောက် ဘယ်ရောက်သွားလဲ”

ထွန်းဖေက အထိတ်တလန့် မေးလိုက်သည်။

“နောက်ကလာမှာပေါ့၊ ကဲလာ...အချိန်မရှိဘူး၊ မင်းတို့လိုချင်တဲ့ ပုလဲနက်ကြီးကို ငါပြပေးမယ်”

နီမောင်က ထွန်းဖေကို ကျောက်ကလပ်ရှိရာသို့ ခေါ်လာခဲ့သည်။ ကျောက်ကလပ်ပေါ်တွင် ပုလဲနက်ကြီးကရှိနေဆဲ...။

“ဟား...ပု...ပုလဲနက်ကြီး၊ ပုလဲနက်ကြီး၊ ငါတို့တော့ ချမ်းသာပြီကွ၊ ချမ်းသာပြီ”

ထွန်းဖေက လောဘဇောကြောင့် စိတ်လွတ်လက်လွတ်အော်ရင်း ပုလဲနက်ကြီးရှိရာသို့ကပ်သွားသည်။

ထိုအချိန်တွင် နီမောင့်အတွက် အခွင့်အရေးရသွားသည်။

ပုလဲနက်ကြီးအနီးသို့ကပ်သွားသော ထွန်းဖေနောက်သို့ ကပ်သွားပြီး ဓားနောင့်ဖြင့်ခေါင်းကိုရိုက်ချသည်။ ထွန်းဖေက လှည့်အကြည့်နှင့် ဆုံသွားသောကြောင့် ခေါင်းကို တိမ်းရှောင်ပေးလိုက်သောကြောင့် ဓားနောင့်က ပခုံးစွန်းကိုသာထိသည်။

“မင်း သစ္စာဖောက်တယ်၊ သေပေတော့ကွာ”

ထွန်းဖေက ဓားကိုထုတ်ပြီး နီမောင့်ကိုပြေးထိုးသည်။ နီမောင်က နောက်သို့ ခုန်ရှောင်ပေးရာ ရေစပ်သို့ရောက်သွားတော့သည်။

ထွန်းဖေက ဓားကိုင်ပြီး ပြေးဆင်းလာသည်။



အနီးရောက်သောအခါ နီမောင်ကို ဓားဖြင့်ပြေးထိုးရာ ကိုယ်ကိုအသာလှည့်ရှောင်၍ ဓားဦးလွန်သွားတော့မှ ရင်ဝကို လက်ထဲမှ ဓားဖြင့် ထောက်ပေးလိုက်ရာ အရှိန်နှင့်မို့ ဓားရိုးအထိ စိုက်ဝင်သွားသည်။

“အား”

ထွန်းဖေ၏ မချိမဆံ့ အော်သံကြီးပေါ်လာသည်။

“ဒါ...မင်းတို့လို သစ္စာဖောက်တွေရဲ့ နောက်ဆုံးသွားရာလမ်းပဲ၊ ကိုင်း...သွားပေတော့”

နီမောင်က ဓားကိုပြန်ဆွဲနုတ်လိုက်ပြီးနောက် ထွန်းဖေကို ရေထဲ ကန်ချလိုက်သည်။

“ဗုန်း”

ထွန်းဖေ ရေထဲကျသွားပြီး မရှောင်းမနှောင်း၊ ရေထဲမှ လူနှစ်ယောက်ပေါ်လာသည်။

ငမဲအောင်နှင့် သာကျော်။

“ဘယ်လိုလဲဟေ့”

“မင်းနောက်က လိုက်လာတဲ့ လူနှစ်ယောက်တော့ တို့လက်ချက်နဲ့ ဘဝဆုံးသွားပြီ...၊ မင်းရော အဆင်ပြေလား၊ တို့ဘာဆက်လုပ်ရမလဲ”

“အဝမှာရပ်ထားတဲ့ စက်လှေနှစ်စင်း ပြန်မထွက်နိုင်အောင် ဖျက်ထားကြ၊ စက်လှေပေါ်မှာ ခင်မလေးရှိတယ်၊ အခွင့်အရေးရတာနဲ့ သူ့ကိုကယ်နိုင်အောင်ကြိုးစားကြ၊ ကဲ အချိန်မရှိဘူး၊ သွားကြတော့...”

www.burmeseclassic.com

www.burmeseclassic.com



ငမဲ အောင်နှင့်သာကျော်တို့ ရေထဲပြန်ဆင်းသွားကြသည်။

နီမောင် ပုလဲနက်ကြီးရှိရာသို့ လျှောက်လာသည်။

ထိုအချိန်တွင် ဂူအတွင်းပိုင်းမှ မုတ်ဆိတ်ဖြူနှင့် အဘိုးအို ထွက်လာသည်။

အဘိုးအိုကို မြင်သောအခါ နီမောင်က...

“အဘ...ကျွန်တော် ပုလဲနက်ကြီးကိုခဏယူသွားပါရစေ ပြီးရင် ဒီနေရာကိုအရောက် ပြန်လာထားပေးပါ့မယ်”

“ဒီ...ပုလဲနက်ကြီးကို အကြောင်းပြုပြီး သေကြကျေကြ ပျက်စီးကြဦးတော့မယ်၊ သူလေး တာဝန်ယူနိုင်တယ်ဆိုရင် ယူသွားပေါ့ကွယ်”

“စိတ်ချပါအဘ၊ ကျွန်တော် အသက်နဲ့လဲပြီး ကာကွယ် စောင့်ရှောက်ပါ့မယ်”

နီမောင်က အဘိုးအိုကို ကန်တော့လိုက်သည်။

သူ ဝပ်ချပြီး ခေါင်းပြန်မော့လိုက်သောအခါ နေရာတွင် အဘိုးအို မရှိတော့ပေ။

ပတ်ဝန်းကျင်တစ်ဝိုက်ကြည့်သော်လည်း မတွေ့ရပေ။

ထို့နောက် နီမောင်သည် စိတ်ထဲမှာ အဓိဋ္ဌာန်တစ်ခုပြုကာ ပုလဲနက်ကြီးကိုယူပြီး ခါးမှ အိတ်ထဲသို့ထည့်လိုက်သည်။

ထို့နောက် ရေထဲပြန်ဆင်းကာ ဂူအဝသို့ ပြန်ထွက်ခဲ့သည်။ ထိုအချိန်အထိ မည်သည့်အနှောင့်အယှက်တစ်စုံတစ်ရာမျှ မတွေ့ရုံမက သတ္တဝါကြီးလည်း ထူးဆန်းစွာပျောက်ဆုံးနေသည်။

သူ စက်လှေများဆီသို့ ပြန်ရောက်သောအခါ ဇော်လန်း တို့က စောင့်နေကြသည်။



တစ်ယောက်က ခင်မလေးကို သေနတ်ဖြင့်ချိန်ထားသည်။

“ရခဲ့ပြီလားဟေ့၊ ထွန်းဖေတို့ရော ဘယ်မှာကျန်ခဲ့လဲ”

“ရေအောက်မှ သတ္တဝါကြီးနဲ့တွေ့လို့ အားလုံးသေကုန်ကြပြီ၊ ပုလဲနက်ကြီးတော့ ရခဲ့ပြီ”

“သေကုန်တော့လဲ အေးတာပေါ့ကွာ...၊ ပုလဲနက်ကြီး ရခဲ့ရင် ပြီးတာပဲ၊ လှေကားချကပေးလိုက်ဟေ့”

စက်လှေပေါ်က လှေကားချပေးသည်နှင့် နီမောင်အပေါ် တက်လာသည်။

အပေါ်ရောက်သည်နှင့် ခေါင်းပေါ်မှ ရေစက်များကိုခါချလိုက်ပြီး အိတ်ထဲမှ ပုလဲနက်ကြီးကို ထုတ်ပေးလိုက်သည်။

“ရော့...မင်းလိုချင်တဲ့ ပုလဲနက်ကြီး၊ ခင်မလေးကို လွှတ်ပေးလိုက်တော့”

ဇော်လန်းက ပုလဲနက်ကြီး ရုတ်တရက်မြင်လိုက်ရသော အခါ...

“အမယ်လေး...ပုလဲနက်ကြီးဆိုတာ တကယ်ရှိတာ ပါလား၊ ငါတစ်သက် ဒီလောက်ကြီးတဲ့ပုလဲမျိုး တစ်ခါမှမမြင်ဘူး၊ မကြားမိဘူး၊ ငါတော့ အချမ်းသာဆုံးဖြစ်ပြီဟေ့”

ဇော်လန်းက ပုလဲနက်ကြီးကိုကြည့်ပြီး တမက်တမော အော်လိုက်သည်။ ထိုအချိန်တွင် ကောင်းကင်တစ်ခွင်လုံး ညို့မှိုင်း လာပြီး မိုးချုန်းသံကြီးကဲ့သို့ ကြောက်မက်ဖွယ်ရာအသံကြီး ပေါ်ထွက်လာသည်။

နီမောင်က အခြေအနေကို အကဲခတ်မိသဖြင့် ခင်မလေး လက်တစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်တော့ မကောင်းပါဘူးကွာ၊ မင်းတို့နှစ်ယောက်ကို ပင်လယ်ဝရောက်တဲ့အထိတော့ ခေါ်သွားရလိမ့်မယ်၊ ဒါမှ လမ်းမှာ အန္တရာယ်အယှက်ပေါ်လာရင် မင်းတို့ကို စားစာခံလုပ်ပြီး အကာ အကွယ်ယူလို့ရမှာ..."

ဖော်လန်းစကားကြားသောအခါ ခင်မလေးက 'လူယုတ်မာ'ဟု မကြားတကြား ရေရွတ်လိုက်သည်။

"ဒီဘက်စက်လှေပေါ်လာကြ၊ ပြီးရင်ထွက်ကြမယ်ဟေ့"

ဖော်လန်းက အမိန့်ပေးလိုက်သောအခါ အခြားစက်လှေပေါ်မှလူများပါ သည်ဘက်စက်လှေသို့ ပြောင်းကာ စက်နှိုးပြီး မောင်းထွက်သွားကြသည်။

သူတို့စက်လှေ ဦးလှည့်ကာရှိသေး၊ အန္တရာယ်ကြီးက ရောက်လာတော့သည်။

ထိုကား အခြားမဟုတ်ပေ...။

သူတို့စက်လှေသွားမည့်လမ်းတွင် မည်းမည်းသဏ္ဌာန်ကြီး တစ်ခုက တားဆီးထားကြသောကြောင့်ဖြစ်သည်။

"ဘာကြီးလဲဟ"

"သတ္တဝါကြီးတစ်ကောင်နဲ့ တူတယ်"

"သေနတ်နဲ့ ပစ်စမ်းကွာ"

ရှေ့မှ သစ်တုံးကြီးသဖွယ် ကန့်လန့်ခံထားသော သတ္တဝါကြီးဆီသို့ သေနတ်ဖြင့်ဝိုင်းပစ်ကြသည်။

"ဒိုင်း...ဒိုင်း...ဒိုင်း"



သေနတ်သံများ ဆူညံစွာပေါ်ထွက်လာပြီးနောက် သတ္တဝါကြီး ရေအောက်ပြန်ငုပ်သွားတော့သည်။

"သေနတ်နဲ့တွေ့တော့ ဘာခံနိုင်သေးလဲ၊ မောင်းဟေ့"

စက်နှိုးလိုက်ကာရှိသေး။

စက်လှေသိမ့်ခနဲဖြစ်သွားပြီးနောက် အလွန်ကြီးသော သတ္တဝါကြီးတစ်ကောင်၏ ဦးခေါင်းကြီးပေါ်လာပြီး စက်လှေပေါ်မှ လူနှစ်ယောက်ကို ကိုက်ချသွားသည်။

"နီမောင် ဘာ...ဘာကောင်ကြီးလဲ၊ ကြောက်စရာကောင်းလိုက်တာ"

ခင်မလေးက နီမောင့်လက်မောင်းတစ်ဖက်ကို တင်းကြပ်စွာ ဖက်တွယ်ထားရင်း မေးလိုက်သည်။

"ဒါ အဘမှင်ပြောတဲ့ ညှဉ် သတ္တဝါကြီးဖြစ်မယ်၊ သတိထားနေ၊ အခွင့်အရေးရတာနဲ့ လွတ်အောင်လုပ်ရမယ်"

ထိုသို့ပြောနေစဉ် နောက်တစ်ကြိမ် သတ္တဝါကြီးက ဘေးမှ ပေါ်လာပြီး စက်လှေကိုနှစ်ပတ်မျှ ရစ်ပတ်လိုက်သည်။ ဖော်လန်းတို့ ဘာမှ လုပ်မရတော့။

သတ္တဝါကြီးကစက်လှေကိုနှစ်ပတ်ပတ်ပြီး အပေါ်မှ ခေါင်းမိုးကြည့်လိုက်သောအခါ စက်လှေပေါ်မှကျန်နေသူများ သွေးရူးသွေးတန်းဖြင့် ရေထဲသို့ခုန်ချပြေးတော့သည်။

ထိုအခါ ဖော်လန်းက...

သတ္တဝါကြီးဦးခေါင်းကို သေနတ်ဖြင့်ချိန်၍ပစ်သည်။ စိတ်လှုပ်ရှားနေသဖြင့် မထိပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သတ္တဝါကြီးက ဇော်လန်းအား ခေါင်းမှကိုက်ချလိုက်သည်။

"အား"

ဇော်လန်း မြောက်ပါသွားသောအခါ ပုလဲနက်ကြီးက စက်လှေကြမ်းပြင်ပေါ်သို့ 'ဒေါက်'ခနဲကျလာသည်။

နီမောင်က ကပျာကယာပြေးကောက်သည်။ စက်လှေ စောင်းနေပြီဖြစ်သောကြောင့် ပုလဲလုံးကြီးက အရှိန်ဖြင့် လိမ့်ဆင်းသွားရာ နီမောင်မှာ ဝမ်းလျားထိုးလိုက်ဖမ်းရာ ရေထဲကျခါနီးတွင် ဖမ်းမိသွားသည်။

ထိုသို့ဖမ်းယူပြီးနောက် ခင်မလေးလက်ကိုဆွဲပြီး ရေထဲခုန်ချလိုက်သည်။

သတ္တဝါကြီးက ဇော်လန်းကို ကိုက်မျိုပြီးနောက် စက်လှေကို ရစ်ပတ်၍ မြုပ်ပစ်လိုက်သည်။ ထို့နောက် ရေအောက်သို့ငုပ်သွားတော့သည်။

ထိုမြင်ကွင်းကို ဘုရားရင်ပြင်တော်ပေါ်မှ လူတစ်ဦးက လှမ်းကြည့်နေသည်။

မုတ်ဆိတ်ဖြူနှင့် အဘိုးအိုဖြစ်သည်။

"အင်း...လောဘသားတွေ၊ လောဘသားတွေ၊ လူတွေဟာ လောဘကြောင့်ပဲ ပျက်စီးကြရတာပါပဲလား"

ဟု ရေရွတ်ကာ တောင်အောက်ဆင်းသွားတော့သည်။

* * *

## အခန်း [ ၂၇ ]

BURMESE CLASSIC

စက်လှေနစ်မြုပ်ပြီး အခြေအနေငြိမ်သက်သွားသောအခါ အသင့်စောင့်ဆိုင်းနေကြသော ထွန်းကျော်တို့စက်လှေထွက်လာပြီး ကျန်သောသူများကို ဖမ်းဆီးလိုက်ကြသည်။ ထွန်းကျော်တို့ စက်လှေပေါ်တွင် လက်နက်ကိုင် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်အချို့လည်း လိုက်လာကြသည်။

၎င်းတို့မှာ...

ဇော်လန်းတို့အဖွဲ့ ယခုလို အခြေအနေမျိုးမဖြစ်လျှင် တရကြမ်းဝင်ရောက်တိုက်ခိုက်ဖမ်းဆီးကြရန် စီစဉ်၍ ယခုလို လာရောက်စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

ယခုတော့ မလိုတော့ပေ။

သူ့ကံကြမ္မာသူဖန်တီးသွားလေပြီ။

နီမောင်နှင့် ခင်မလေးတို့ကိုလည်း စက်လှေပေါ်ဆွဲတင်ကြသည်။

"အားလုံးပြီးသွားပြီ၊ ဒီမှာလဲ မင်းမှာတဲ့အတိုင်း အသင့်သင့်ကို စောင့်နေကြတာ၊ ဒါပေမယ့် တို့တောင် ဘာမှ မလုပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရဘူး၊ သူ့ကြမ္မာသူဖန်တီးသွားတာပဲ၊ သတ္တဝါကြီးက ဝင်ဆော်လိုက်တာ တစ်ခါတည်း ပွဲပြီးသွားတာပဲ”

ထွန်းကျော်က အားရပါးရပြောသည်။

အဘမှင်ကပါ ဝင်ပြီး...

“ငါထင်တဲ့အတိုင်းပဲ...၊ သတ္တဝါကြီးကပင်လယ်ပြင်မှာ ကြောက်စရာအကောင်းဆုံး ညီသတ္တဝါကြီးပဲ...၊ ဒီသတ္တဝါကြီးက ဒီဘုရားနဲ့ ပုလဲနက်ကြီးကို စောင့်ရှောက်နေတာနဲ့တူတယ်၊ ဒါထက် မင်းပုလဲနက်ကြီးကို ယူခဲ့သလား၊ အခုဘယ်မှာလဲ...”

အဘမှင်ကမေးသောကြောင့် နီမောင်က အိတ်ထဲထည့်ထားသော ပုလဲနက်ကြီးကို ထုတ်ပြလိုက်သည်။

အားလုံးအလုအယက်ဝိုင်းကြည့်ကြသည်။

ယခုအခါ ရာသီဥတုကလည်း ပြန်လည်ကြည်လင်လာပြီ ဖြစ်သောကြောင့် အလင်းရောင်ကောင်းစွာရပြီဖြစ်ရာ ပုလဲနက်ကြီးမှာ အနက်ရောင်ခြည်တန်းများ တဖျပ်ဖျပ် လင်းလက်လျက်ရှိသည်။

မြင်ရသူများ ပုလဲနက်ကြီးကိုကြည့်ပြီး အသက်ရှူမှေ့မတတ် တအံ့တသြဖြစ်နေကြသည်။

“ဒီပုလဲနက်ကြီးကို မင်းဘယ်လိုလုပ်မလဲ နီမောင်”

ဦးဘမှင်က မေးသည်။

“ဒါက ဘုရားအတွက်ရည်စူးပြီးလှူထားတဲ့ ဘုရားပစ္စည်းဖြစ်တယ်၊ ဒါကြောင့် သူ့မူလနေရာရောက်အောင် ပြန်ပို့ပေးရမယ်”

“အင်း...အတော် မွန်မြတ်တဲ့ စိတ်ဓာတ်ပဲ”



“မင်းဘယ်လိုလုပ် ပြန်ပို့မှာလဲ နီမောင်”

“ရေအောက်ကပဲပြန်ငုပ်ပြီး သူ့နေရာရောက်အောင် ပြန်ပို့ပေးရမှာ...”

“ဟင်...ဂူထဲမှာ သတ္တဝါကြီးပြန်ရောက်နေရင် ဘယ့်နှယ်လုပ်မလဲ နီမောင်”

“ကျွန်တော် ကောင်းတာလုပ်တာပဲ၊ အန္တရာယ်မရှိနိုင်ဘူးလို့ ယုံကြည်ပါတယ်၊ ကဲ...ခဏစောင့်ကြဦး”

နီမောင်ပုလဲနက်ကြီးကိုယူပြီး ရေထဲဆင်းရန်ပြင်သောအခါ ခင်မလေးက အနားလာပြီး...

“နီမောင် ဂရုစိုက်ပြီးလုပ်နော်”

ဟု စိတ်မချဟန်ဖြင့် လာပြောရာ ကျန်လူများက ပြုံးစေ့စေ့ ဖြစ်သွားကြသည်။

ထို့နောက်...

နီမောင် ရေထဲသို့ ခုန်ဆင်းလာခဲ့သည်။

စောစောက ငရဲပွက်သံအလား ဆူညံနေသော ရေပြင်တစ်ဝိုက်မှာ ယခုတော့လည်း ပကတိငြိမ်သက်လျက်ရှိသည်။ ဂူအတွင်းပိုင်းရောက်လာသည့်တိုင် မည်သည့်အနှောင့်အယှက်မျှ မတွေ့ရပေ။

ဂူအတွင်းပိုင်းတွင် သတ္တဝါကြီးနှင့် မလွဲမသွေတွေ့ရလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း မည်သည့်သတ္တဝါမျှ မတွေ့ရပေ။

သို့သော်...

ပုလဲနက်ကြီးထားရာ ကျောက်ကလပ်အနီးသို့ ရောက်သော

www.burmeseclassic.com



အခါ ကျောက်ကလပ်နောက်ဘက်မှ လူတစ်ယောက်ထွက်လာသည်ကို အံ့ဩဖွယ်ရာ တွေ့လိုက်ရသည်။

မိမိတစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော မျက်နှာစိမ်းဖြစ်နေသောကြောင့် ပုလဲနက်ကြီးကို အိတ်အတွင်း ပြန်ထည့်ကာ သတိဖြင့် တက်သွားသည်။

"ခင်ဗျား ဘယ်သူလဲ"

နီမောင်က ခပ်ဆတ်ဆတ်မေးလိုက်သည်။

"ကျုပ်ဘယ်သူလို့ပြောလဲ ခင်ဗျားသိမှာမဟုတ်ဘူး၊ ဒါပေမယ့်ခင်ဗျားဘယ်သူလဲဆိုတာတော့ ကျုပ်သိနေတယ်၊ အဘိုးကစောင့်ခိုင်းလို့ ခင်ဗျားကို လာစောင့်နေတာ"

"ဟင်...ဘယ်အဘိုးလဲ"

လူရှယ်က မေးစေ့ကို မုတ်ဆိတ်မွေးဆွဲသလိုဆွဲပြပြီး...

"ခင်ဗျား အဘိုးဆီက ပစ္စည်းတစ်ခုခုဏယူသွားတယ် မဟုတ်လား၊ အခုအဲဒီပစ္စည်းကို ပြန်လာထားတာ မဟုတ်လား၊ ခင်ဗျား ကတိတော့ တည်သားပဲ"

"ဟင်...ခင်ဗျား ဒီအကြောင်းတွေကို အကုန်သိနေတယ် ဟုတ်လား၊ ခင်ဗျား ဘယ်သူလဲဟင်"

နီမောင်က တအံ့တဩ ထပ်မေးလိုက်သည်။

"ကျုပ် ဘယ်သူလဲဆိုတာသိလို့လဲ ခင်ဗျားအတွက် ဘာမှ မထူးဆန်းပါဘူး၊ ကဲ...ခင်ဗျား ပစ္စည်းပြန်လာထားတာ မဟုတ်လား၊ ပြန်ထားလိုက်ပေတော့"

နီမောင် အိတ်ထဲမှ ပုလဲနက်ကြီးကို ကျောက်ကလပ်ပေါ်သို့ ပြန်တင်ထားလိုက်သည်။



ဂူအတွင်းသို့ တစ်စွန်းတစ်စဝင်ရောက်နေသော အလင်းရောင်ကြောင့် ပုလဲနက်ကြီးမှ အနက်ရောင်အလင်းတန်းများ ကွန့်မြူးလှုပ်ရှားလျက်ရှိသည်။

နီမောင် ပုလဲနက်ကြီးအား အတန်ကြာအောင်စိုက်ကြည့်နေစဉ် ဂူအတွင်းပိုင်းမှ မုတ်ဆိတ်ဖြူနှင့်အဘိုးအိုထွက်လာသည်။

နီမောင်က အဘိုးအိုကို ကန်တော့လိုက်သည်။

"အန္တရာယ်ကင်းရဲ့ မဟုတ်လား"

"ဟုတ်ကဲ့အဘ၊ ကျွန်တော်တို့ ဘာမှမဖြစ်ကြပါဘူး၊ ဒီမှာအဘကိုခွင့်ပန်ယူသွားတဲ့ ပုလဲနက်ကြီးကို ကျွန်တော် ပြန်လာထားပေးတာပါ"

"အေး...အေး၊ လောကမှာ ဘဝပေးမကောင်းခဲ့လို့ ဆင်းရဲတဲ့အခါ ဘယ်အလုပ်မဆို အသက်မွေးဝမ်းကျောင်းပြုကြရမှာပဲ၊ ဘယ်အလုပ်ကိုပဲလုပ်လုပ် အကုသိုလ်မများစေနဲ့၊ လောဘသတ်နိုင်အောင် ကြိုးစားပြီးလုပ်ကိုင်စားသောက်ရင် အန္တရာယ်ကင်းပါတယ်၊ ကဲ...ငါ့မြေး သွားပေတော့"

နီမောင်က အဘိုးအိုကို ထပ်မံကန်တော့လိုက်သည်။ ထိုအချိန်တွင် လူရှယ်က နီမောင်အား အထုပ်တစ်ထုပ်လာပေးသည်။

"ဒါ...ခင်ဗျားရဲ့ ရိုးသားဖြူစင်မှုအတွက် လက်ဆောင်"

ဟု ပြောသည်။

နီမောင် အိတ်ကိုယူပြီး ခါးတွင်ပတ်ချည်ကာ အဘိုးအိုနှင့် လူရှယ်တို့အား နှုတ်ဆက်ကာ ဂူထဲမှ ပြန်ထွက်ခဲ့လေသည်။

* * *

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၈ ]

နီမောင်တို့ စက်လှေနှစ်စင်း ပုလဲအိုင်ကွေ့မှ ထွက်လာသောအခါ ဘုရားတောင်ကုန်းပေါ်မှ လက်ပြနှုတ်ဆက်နေသော လူနှစ်ဦး၏ ပုံသဏ္ဍာန်ကို မသဲမကွဲလှမ်းမြင်ရသည်။

စက်လှေဦးပိုင်းတွင်ရပ်နေသော နီမောင်ကလည်း ပြန်လည်နှုတ်ဆက်သည်။

ဂူအတွင်းပိုင်းမှာ တွေ့ခဲ့ရသော လူရွှယ်ပေးလိုက်သော လက်ဆောင်မှာ 'ပုလဲလုံး'များဖြစ်နေသောကြောင့် ကျေးဇူးတင်၍ မဆုံးနိုင်အောင် ရှိနေတော့သည်။

ပုလဲလုံးများမှာ အရွယ်အစားကြီးပြီး အရည်အသွေးကောင်းလှသဖြင့် တန်ဖိုးထိုက်တန်လှပေသည်။

မကြာမီ နီမောင်တို့စက်လှေနှစ်စင်းမှာ ပုလဲအိုင်ကွေ့မှဝေးသည်ထက်ဝေးလာရာ မကြာမီပင်လယ်တွင်းသို့ရောက်လာသည်။

စက်လှေဦးပိုင်းတွင် တစ်ယောက်တည်း အတွေးကောင်းနေသော နီမောင့်အနီးသို့ ခင်မလေးရောက်လာသည်။

"နင့်အဖြစ်ကတော့ ပြောပြရင်တောင် ယုံနိုင်စရာမရှိဘူး၊ အတော်အံ့ဩဖို့ကောင်းတယ်၊ စေတနာမှန်လို့လှဲ့ အကျိုးခံစားရတာပဲ၊ နင် ဒီပုလဲတွေရတော့ ချမ်းသာပြီပေါ့နော်"



"ငါတစ်ယောက်တည်းမယူပါဘူး၊ အားလုံးခွဲယူဖို့ဆုံးဖြတ်ထားပါတယ်"

"ကောင်းပါတယ်၊ ဒါထက် နင် ဒီတစ်ခေါက်ပြန်ရောက်ရင် မြို့ကို သွားတော့မှာလားဟင်"

"နင်က သွားစေချင်လို့လား"

"ငါကတော့ ဘယ်သွားစေချင်မှာလဲ...၊ ဒါပေမယ့် နင်သွားမယ်ဆိုရင်တော့လဲ ဘယ်တတ်နိုင်ပါ့မလဲ..."

"ဒါဖြင့် ငါ့ကို တစ်သက်လုံး ခိုင်းမှာလား"

"ဟင့်အင်း...မခိုင်းပါဘူး"

"ဒါဖြင့်..."

"အလုပ်တွေကိုလွှဲပေးပြီး စီမံအုပ်ချုပ်ခိုင်းမှာ..."

"ဒီရာထူးလောက်နဲ့တော့ အမြဲမနေနိုင်ပါဘူးဗျာ"

"နင်က ဘယ်ရာထူးမျိုး လိုချင်လို့လဲ"

"အိမ်ထောင် ဦးစီး"

"သွား..."

ခင်မလေး ရှက်စနိုးဖြင့် မျက်နှာတစ်ဖက်သို့လှည့်သွားသည်။ နီမောင်က ခင်မလေးလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"ခင်လေး"

နီမောင်က တိုးတိုးခေါ်လိုက်သည်။

"ဟင်"

"နင့်နဲ့ငါနဲ့က အဆင့်အတန်း မတူကြဘူး၊ နင်က အလုပ်ရှင်၊ ငါက အလုပ်သမား၊ ဘဝချင်းက အတော်ကွာတယ်၊

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ငါနင့်ကိုချစ်တယ်...၊ တစ်သက်လုံး လက်တွဲသွားချင်တယ်...၊ နင့်သဘောကို ပြောပါဦး”

ခင်မလေးက ပင်လယ်ပြင်သို့ မျှော်ကြည့်ရင်း...

“နင်အတော် အ,တာပဲ”

ဟု တိုးတိုးဆိုသည်။

“ငါ ဘာ အ,တာလဲ”

“နင်ဟာ ပင်လယ်ပြင်မှာ ကျွမ်းကျင်သလောက် အချစ်ရေးကျတော့ အတော့်ကို အ,တယ်၊ မိန်းကလေးတစ်ယောက်က နင့်အနား လာထိုင်ပြီး နင်ပြောသမျှနားထောင်နေမှတော့ မေးစရာတောင်လိုမယ်မထင်တော့ပါဘူး”

“ဝမ်းသာလိုက်တာ ခင်လေးရယ်...၊ ငါ နင့်ကို သစ္စာရှိစွာနဲ့ တစ်သက်လုံး ကြင်ကြင်နာနာနဲ့ လက်တွဲသွားပါ့မယ်”

နီမောင်က ခင်မလေးလက်ကို တင်းတင်းဆုပ်ကိုင်လိုက်ရာ ခင်မလေးကလဲ ပြန်၍ ဆုပ်ကိုင်ထားသည်။

ဘဝရေ့ရေးအဓိပ္ပာယ်ရှိသွားပြီဖြစ်သော ချစ်သူနှစ်ဦးအတွက် အနာဂတ်ကာလသည် သာယာလှပလျက်ရှိနေပြီဖြစ်၏။

စက်လှေနောက်ပိုင်းမှ အဖွဲ့သားများမှာ ဦးပိုင်းမှ နီမောင်နှင့် ခင်မလေးတို့၏ ကြည်နူးဖွယ်ရာအမူအရာကို မြင်လိုက်ရမှ စိတ်ချလက်ချဖြစ်ကာ သက်ပြင်းချနိုင်ကြတော့သည်။

သူတို့တစ်တွေကိုသယ်ဆောင်လာသော စက်လှေနှစ်စင်းတို့မှာ ကပ္ပလီပင်လယ်ရေမျက်နှာပြင်ကိုခွဲ၍ ကဒုံကနိဘက်သို့ ဦးတည်မောင်းနေတော့သတည်း။ ။

၁၅-၃-၂၀၀၂

www.burmeseclassic.com